www.burmeseclassic.com

# ကလေး
# အခွင့်အရေးဆိုင်ရာ
# စာချုပ်



လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)
HREIB

www.burmeseclassic.com

www.burmeseclassic.com

လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)

Author: - **Aung Myo Min**
**Director, HREIB**

Cartoon: - **Saw Ngo , Agga and Kham Chuen**

Layout & Design by: - **HREIB Team**

Cover: - **HREIB Team**

Published By: - **Human Rights Education Institute of Burma (HREIB)**

Address: - **G. P.O Box - 485,**
**Chiang Mai, 50000, Thailand.**

E-mail: - **hreburma@loxinfo.co.th**

Website: - **www.hreib.com/net**

**Thard Edition, 2,000 copies,**
**January, 2009**

**© Aung Myo Min**

All rights reserved. This work may be reproduced, provided that no commercial use is made of it and the author is acknowledged.

-----------------------------------

Funded by Open Society Institute (OSI)

www.burmeseclassic.com

www.burmeseclassic.com


# မာတိကာ


| | | |
|---|---|---|
| အမှာစာ | | ၅ |
| ကလေးသူငယ်များအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် | | ၇ |
| အပိုဒ် (၁) | ကလေးဆိုသည်မှာ | ၁၁ |
| အပိုဒ် (၂) | ခွဲခြားဖိနှိပ်ခြင်း | ၁၃ |
| အပိုဒ် (၃) | ကလေးများအား ကာကွယ်ပေးရန်တာဝန်နှင့် ကလေးများ၏အကောင်းဆုံးအကျိုးကို လေးစားရန် | ၁၆ |
| အပိုဒ် (၄) | အခွင့်အရေးများ ကာကွယ်ပေးရန်အတွက် ဆောင်ရွက်ပေးချက်များ | ၂၀ |
| အပိုဒ် (၅) | မိဘများနှင့် ကလေးများအခွင့်အရေး | ၂၂ |
| အပိုဒ် (၆) | အသက်ရှင်ရပ်တည်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ခွင့် | ၂၆ |
| အပိုဒ် (၇) | အမည်မှည့်ခွင့်နှင့် လူမျိုးသတ်မှတ်ခံပိုင်ခွင့် | ၂၉ |
| အပိုဒ် (၈) | ကိုယ်ရေးကိုယ်တာအချက်များရရှိခွင့်၊ ထိန်းသိမ်းခွင့် | ၃၂ |
| အပိုဒ် (၉) | မိဘများနှင့် ခွဲခွာပေးခြင်း | ၃၆ |
| အပိုဒ် (၁၀) | မိဘနှင့်ရင်သွေးများတိုင်းခြားပြည်ခြားတွင် နေထိုင်နေရပါက | ၄၀ |
| အပိုဒ် (၁၁) | ကလေးငယ်အား တိုင်းပြည်အတွင်းမှတရားမဝင် သယ်ဆောင်သွားခြင်း | ၄၃ |
| အပိုဒ် (၁၂) | ကလေးများ၏အယူအဆများကို ထည့်သွင်း စဉ်းစားပေးခြင်း | ၄၆ |
| အပိုဒ် (၁၃) | လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့် နှင့် သတင်းများရယူခွင့် | ၄၈ |
| အပိုဒ် (၁၄) | လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် | ၅၁ |


www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| အပိုဒ် (၁၅) | လွတ်လပ်စွာ အဖွဲ့အစည်းဖွဲ့စည်းခွင့် နှင့် စုဝေးခွင့် | ၅၄ |
| အပိုဒ် (၁၆) | ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့် | ၅၇ |
| အပိုဒ် (၁၇) | ကလေးများနှင့် သတင်းဌာနများ | ၆၁ |
| အပိုဒ် (၁၈) | မိဘများ၏တာဝန်ဝတ္တရားများ | ၆၄ |
| အပိုဒ် (၁၉) | ကလေးများနှင့် စော်ကားမှုများ | ၆၇ |
| အပိုဒ် (၂၀) | မိသားစုမရှိတော့သည့်ကလေးများ | ၇၁ |
| အပိုဒ် (၂၁) | မွေးစားခြင်း | ၇၆ |
| အပိုဒ် (၂၂) | ကလေးဒုက္ခသည်များ | ၈၀ |
| အပိုဒ် (၂၃) | မသန်စွမ်းသောကလေးများ | ၈၄ |
| အပိုဒ် (၂၄) | ကျန်းမာရေးစောင့်ရှောက်မှု ခံစားပိုင်ခွင့် | ၈၈ |
| အပိုဒ် (၂၅) | ကလေးစောင့်ရှောက်ထားသည့် ဌာနများအား အချိန်မှန်မှန်စစ်ဆေးခြင်း | ၉၃ |
| အပိုဒ် (၂၆) | လူမှုဖူလုံရေး | ၉၇ |
| အပိုဒ် (၂၇) | သင့်တင့်လျောက်ပတ်သော လူနေမှုအဆင့်အတန်း ရရှိခံစားခွင့် | ၁၀၀ |
| အပိုဒ် (၂၈) | ပညာသင်ကြားခွင့် | ၁၀၅ |
| အပိုဒ် (၂၉) | တန်ဖိုးရှိသောပညာရေး | ၁၀၈ |
| အပိုဒ် (၃၀) | လူနည်းစုနှင့် မူရင်းဌာနေလူမျိုးစုကလေးများ | ၁၁၃ |
| အပိုဒ် (၃၁) | ကစားခွင့် | ၁၁၇ |
| အပိုဒ် (၃၂) | ကလေးအလုပ်သမားများ | ၁၂၀ |
| အပိုဒ် (၃၃) | ကလေးနှင့် မူးယစ်ဆေးဝါးအလွဲသုံးစားလုပ်မှု | ၁၂၆ |
| အပိုဒ် (၃၄) | လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာစော်ကားခြင်း | ၁၂၉ |


www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| အပိုဒ် (၃၅) | ကလေးရောင်းစားခြင်း | ၁၃၃ |
| အပိုဒ် (၃၆) | အခြားနည်းများဖြင့် အမြတ်ထုတ်စော်ကားမှုများ | ၁၃၅ |
| အပိုဒ် (၃၇) | လွတ်လပ်မှု ရုပ်သိမ်းခံရသောကလေးများ | ၁၃၈ |
| အပိုဒ် (၃၈) | လက်နက်ကိုင်ပဋိပက္ခများနှင့် ကလေးစစ်သား အသုံးပြုခြင်း | ၁၄၂ |
| အပိုဒ် (၃၉) | ပြန်လည်ပြုစုပျိုးထောင်နာလံထ အစီအစဉ်များရရှိခွင့် | ၁၄၇ |
| အပိုဒ် (၄၀) | ကလေးရာဇဝတ်မှုဥပဒေများ | ၁၅၀ |


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# အမှာစာ

ကြောက်ရွံ့မှုဖြင့် ကြီးပြင်းလာသောကလေးများသည် စိုးရိမ်ပူပန်မှုများဖြင့် ပြည့်နှက်နေမည်ဖြစ်သလို ရိုင်းပျမှုနှင့်နေထိုင်ခဲ့ရသော ကလေးများသည် တိုက်ခိုက်ရန်လုပ်တတ်သော ကလေးများဖြစ်လာပေမည်။ ထို့အတူ လူသားတဦးအဖြစ် တန်ဖိုးထားခြင်းမခံရသော ကလေးတယောက်သည် အခြားသူများ၏ အခွင့်အရေးများနှင့် တန်ဖိုးများကို တန်ဖိုးထားတတ်လာမည် မဟုတ်ချေ။ လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားသော အနာဂတ်ကာလကို လိုချင်ပါက ယနေ့ကာလမှ ကလေးများ၏ အခွင့်အရေးကို လေးစားကာကွယ်ပေးခြင်းဖြင့် ပြင်ဆင်ပေးရမည်ဖြစ်သည်။

ထို့ကြောင့် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာစာချုပ်တွင် ပါဝင်သော ကလေးများ၏ အသက်ရှင်မှုဆိုင်ရာ အခွင့်အရေး၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အရေး၊ ကာကွယ်မှုနှင့် ကလေးများ၏ပါဝင်မှု ဆိုသော အချက်များကို အစိုးရများသာမက မိဘများနှင့် ကလေးများအပါအဝင် လူတိုင်းသိရှိနားလည်သဘောပေါက်ရန် လိုအပ်လှပါသည်။ နားလည်သဘောပေါက်ရုံမျှမက မိမိပတ်ဝန်းကျင်ရှိ ကလေးတိုင်း ထိုအခွင့်အရေးများ ရရှိခံစားစေရန်အတွက် ကြိုးပမ်းလုပ်ဆောင်သွားကြရန် လိုအပ်လှပါသည်။ ထိုသို့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့်အနေဖြင့် နိုင်ငံတကာက အသိအမှတ်ပြုပြဋ္ဌာန်းထားသည့် ကလေးအခွင့်အရေးဆိုင်ရာ စာချုပ်ပါ အကြောင်းအချက်များကို အများနားလည်နိုင်အောင် ဤစာအုပ် ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။ စာချုပ်ပါအပိုဒ်များကို ဘာသာပြန်ထားရုံသက်သက်သာမကဘဲ ထိုအပိုဒ်များ၏ ဆိုလိုချက်များနှင့် သရုပ်ဖော်ပုံများကိုပါ ထည့်သွင်းထားသည့်အတွက် စာဖတ်သူများ အလွယ်တကူ နားလည်ရှင်းလင်းနိုင်လိမ့်မည်ဟု ယူဆပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်ကို ၂၀၀၃ ခုနှစ်တွင် ပထမအကြိမ် ထုတ်ဝေဖြန့်ချိခဲ့ပြီး လေ့လာလိုသူများ၏ တောင်းဆိုချက်ကြောင့် ဒုတိယအကြိမ်ကို ၂၀၀၅ ခုနှစ်တွင် ပြန်လည်ထုတ်ဝေခဲ့ပြီး ယခုတတိယအကြိမ်ကို ထပ်မံထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ တတိယအကြိမ်ထုတ်ဝေရာတွင် ဝိုင်းဝန်းကူညီပေးကြသော HREIB ရုံးဝန်ထမ်းများ၊ သင်တန်းနည်းပြများ မျက်နှာဖုံးဒီဇိုင်းပြင်ဆင်ပေးသောသူများကို မှတ်တမ်းတင်ကျေးဇူးတင်ရှိပါသည်။

အောင်မျိုးမင်း
ဒါရိုက်တာ
လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)
ဇန်နဝါရီလ၊ ၂၀၀၉ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com


# ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်
# (Convention on the Rights of the child - CRC)

ကလေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်နှင့် ပတ်သက်သော အယူအဆသည် ၁၉၇၉ ခုနှစ် ကမ္ဘာ့ကလေးများနေ့ကို ကျင်းပရန်စီစဉ်ဆောင်ရွက်ရာမှ စတင်ပေါ်ပေါက်လာခြင်းဖြစ်သည်။ မူလအစတွင် အရှိန်ကောင်းကောင်းဖြင့် ပေါ်ပေါက်လာခြင်းမဟုတ်ခဲ့ချေ။ ကလေးများနေ့အထိမ်းအမှတ်သဘောလောက်သာ ပြင်ဆင်ရန် ရည်ရွယ်ခဲ့ပြီး ထိုသို့ပြင်ဆင်ရေးသားရန်အတွက် အဓိကတာဝန်ကို ပိုလန်နိုင်ငံက ၁၉၇၈ ခုနှစ်တွင် ဦးဆောင်တာဝန်ယူခဲ့သည်။ စာချုပ်မူကြမ်း ဒုတိယပိုင်းကို ပြင်ဆင်ရေးဆွဲနေချိန်အထိ ဤစာချုပ်အပေါ် နိုင်ငံများစွာကလည်း အလေးပေးစိတ်ဝင်စားမှု မရှိခဲ့ချေ။ နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR)၏ အပိုဒ်တွင် ကလေးများဆိုင်ရာအခွင့်အရေးကို သီးခြားဖော်ပြထားပြီးဖြစ်သောကြောင့် နောက်ထပ်ကလေးများဆိုင်ရာ စာချုပ်တခု ထပ်မံမလိုအပ်တော့ဟူသော အယူအဆမျိုး နိုင်ငံတော်တော်များများတွင် ရှိခဲ့သည်။ ထို့ပြင် အနောက်နိုင်ငံများနှင့် အရှေ့ဥရောပနိုင်ငံများက ရေးဆွဲသောစာချုပ်မူကြမ်းသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများအပေါ် အသားပေးသည်ဟူ၍ စိတ်ဝင်စားခြင်း မရှိခဲ့ကြချေ။

မူကြမ်းရေးဆွဲမှုသည် ၁၉၇၉ မှ ၁၉၈၉ ခုနှစ်အထိ ကြာမြင့်ခဲ့သည်။ သို့သော် ၁၉၈၈ ခုနှစ်၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်က ခန့်အပ်လိုက်သော အလုပ်အဖွဲ့ကစာချုပ်ကို အပြီးသတ်လေ့လာရေးဆွဲသည့် အချိန်မှစ၍ အစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့များစွာတို့သည် ထိုစာချုပ်မူကြမ်းရေးဆွဲရာတွင် စိတ်ဝင်စားလာပြီး အင်တိုက်အားတိုက် ပါဝင်လာခဲ့ကြသည်။ မူလရေးဆွဲထားသော မူကြမ်းကိုအခြေခံ၍ အစိုးရများနှင့် အစိုးရ

www.burmeseclassic.com

www.burmeseclassic.com


မဟုတ်သောအဖွဲ့များက ထပ်မံဖြည့်စွက်၍ မွမ်းမံမှုများလုပ်ဆောင်ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) စသည့်အဖွဲ့များ၏ တင်ပြချက်များကိုလည်း လက်ခံသုံးသပ်ခဲ့ကြသည်။ နောက်ဆုံး ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ(၂၀)ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံကနေ၍ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၀ ခုနှစ်တွင် သတ်မှတ်ထားသည့် နိုင်ငံအရေအတွက်(၂၀) ပြည့်သွားသဖြင့် စာချုပ်အသက်ဝင်လာခဲ့သည်။ မြန်မာနိုင်ငံသည် ဤစာချုပ်ကို ၁၉၉၁ ခုနှစ်၊ ဇူလိုင်(၁၅)ရက်နေ့တွင် အတည်ပြုလက်မှတ်ရေး ထိုးခဲ့သည်။

ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များထဲတွင် ကလေးများအခွင့်ရေးဆိုင်ရာစာချုပ်သည် အခြားစာချုပ်များထက် ထူးခြားမှုရှိသည်။ ထူးခြားသည့်ပထမအချက်မှာ အခြားလူ့အခွင့်အရေးစာချုပ်များထက် ပိုမိုပြည့်စုံကျယ်ပြန့်သော အခွင့်အရေးများ ဤကလေးသူငယ်ဆိုင်ရာ အခွင့်အရေးစာချုပ်တွင် ပါဝင်နေသည်။ ထိုစာချုပ်အဖွဲ့ဝင် နိုင်ငံများ၏ လုပ်ဆောင်မှုကို အစီရင်ခံစေ၍ စောင့်ကြပ်သောလုပ်ငန်းစဉ်တွင် အခြားစာချုပ်များထက် ပိုမိုကောင်းမွန်သော လုပ်ငန်းစဉ်ကို ရေးဆွဲနိုင်ခဲ့သည်။ ထို့ပြင် ထိုစာချုပ်ကို ပြင်ဆင်ရေးဆွဲချိန်တွင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့များ၏ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အခြားစာချုပ်များကို ရေးဆွဲစဉ်နှင့်မတူ အထူးကောင်းမွန်သည်ကို တွေ့ရသည်။ ထို့ပြင် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးစာချုပ်တွင် ဤကလေးသူငယ် အခွင့်အရေးဆိုင်ရာစာချုပ်ကို နိုင်ငံတကာက အထူးလေးစားထောက်ခံခဲ့သဖြင့် စာချုပ်အဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၁)နိုင်ငံက အတည်ပြုလက်မှတ်ထိုးထားသည့် စာချုပ်အဖွဲ့ဝင်နိုင်ငံ အများဆုံးစာချုပ်ဖြစ်နေဆဲဖြစ်သည်။ ၂၀၀၂ ခုနှစ်၊ မတ်လအထိ လက်မှတ်မထိုးသေးသော နိုင်ငံများမှာ အမေရိကန်နိုင်ငံနှင့် ဆိုမားလီးယားနိုင်ငံတို့သာ ကျန်ရှိသည်။

စာချုပ်တွင် အပိုဒ်ပေါင်း(၅၄)ပိုဒ် ပါဝင်ပြီး နိုင်ငံသားအခွင့်အရေး၊

www.burmeseclassic.com

www.burmeseclassic.com


နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူသားချင်းစာနာထောက်ထားသော အရေးကိစ္စများအားလုံး ပါဝင်သည်။ စာချုပ်တွင် အဓိကအားဖြင့် ကလေးသူငယ်များကိုလည်း အရွယ်ရောက်ပြီးသောသူများကဲ့သို့ ညီမျှစွာတန်ဖိုးထားရမည်။ ကလေးသူငယ်များ၏ အတွေးအမြင်များကိုလည်း တန်ဖိုးထားရမည်။ ကလေးသူငယ်များ၏အကျိုးအတွက် လုပ်ဆောင်မှုများ၊ ကာကွယ်မှုများ၊ လုပ်ရမည်ဟူသောသဘောများ ထည့်သွင်းပြဋ္ဌာန်းထားသည်။ ကလေးများ၏ ကိုယ်ရေးအကြောင်းအရာများနှင့် ပါတ်သက်သည့် အပိုဒ်(၈)၊ ပြုစုစောင့်ရှောက်ခွင့်၊ မွေးစားခွင့်တို့နှင့်ပတ်သက်သော အပိုဒ်(၂၀)၊ (၂၁)၊ လက်နက်ကိုင် တိုက်ပွဲများအတွင်းတွင် နှိပ်စက်ခံရသော ကလေးများအား စိတ်ပိုင်းနှင့်ရုပ်ပိုင်း ပြန်လည်နာလန်ထူလာစေရန် လုပ်ဆောင်ပေးရေးနှင့်သက်ဆိုင်သည့် အပိုဒ်(၃၉)တို့သည် မည်သည့်လူ့အခွင့်အရေး စာချုပ်များမှာမှ လွှမ်းခြုံပါဝင်ခဲ့ခြင်းမရှိသေးသော အကြောင်းအရာအချက်အလက် အသစ်များဖြစ်သည်။

ထိုကလေးစာချုပ်တွင်ပါဝင်သောကလေးအခွင့်အရေးများကို (၁)အသက်ရှင်ရပ်တည်ခွင့် အခွင့်အရေးများ **(Survival rights)**၊ (၂) ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အရေးများ **(Development rights)**၊ (၃) ကာကွယ်မှုဆိုင်ရာ အခွင့်အရေးများ **(Protection rights)** နှင့် (၄) ပါဝင်ဆောင်ရွက်မှုဆိုင်ရာ အခွင့်အရေး **(Participation rights)** ဟူ၍ အကြမ်းအားဖြင့် အမျိုးအစားလေးမျိုး ခွဲခြားနိုင်သည်။

၎င်းအသက်ရှင်ရပ်တည်ခွင့် အခွင့်အရေးဆိုသည်မှာ ကလေးများ၏ အသက်ရှင်ခွင့်နှင့် အသက်ရှင်နိုင်ရန်လိုအပ်သော အခြေခံအချက်များကို ဆိုလိုခြင်းဖြစ်သည်။ လုံလောက်သော နေထိုင်မှုအဆင့်အတန်း၊ အိမ်ယာ၊ အဟာရနှင့် ဆေးဝါးကုသမှုဆိုင်ရာများရယူခွင့် စသည်တို့ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အရေးများဆိုသည်မှာ ၎င်းတို့၏စွမ်းရည်ရှိသမျှ ဖွံ့ဖြိုးတိုးတက်စေသော အရာများကိုဆိုလိုသည်။ ဥပမာအားဖြင့် ပညာသင်ကြားခွင့်၊ အားကစားနှင့် အပမ်းဖြေအနားယူခွင့်၊ ယဉ်ကျေးမှု၊ လှုပ်

www.burmeseclassic.com


ရှားမှုများ၊ သတင်းများရယူပိုင်ခွင့်၊ လွတ်လပ်စွာတွေးခေါ်ခွင့်နှင့် ကိုးကွယ်ယုံကြည်ခွင့်တို့ဖြစ်သည်။

ကာကွယ်မှုဆိုင်ရာ အခွင့်အရေးများမှာ မတရားပြုမူခြင်း၊ လျစ်လျူရှုခြင်းနှင့် အမြတ်ထုတ်စော်ကားခြင်းတို့မှ ကာကွယ်ပေးရန် လိုအပ်သော အချက်များဖြစ်သည်။ ထိုအရာများမှာ ဒုက္ခသည်ကလေးများအား ကာကွယ်ပေးခြင်း၊ လက်နက်ကိုင်စစ်ပွဲများအတွင်းမှ ကလေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ ကလေးအလုပ်သမားစေခိုင်းမှုမှ တားဆီးခြင်း၊ ကလေးများအား လိင်ပိုင်းဆိုင်ရာစော်ကားမှုများကို တားဆီးစောင့်ရှောက်ပေးခြင်းစသည်တို့ဖြစ်သည်။

ပါဝင်ဆောင်ရွက်မှုဆိုင်ရာ အခွင့်အရေးများဆိုသည်မှာ ၎င်းတို့နှင့်ပတ်သက်သော အကြောင်းအရာများကို တိုင်ပင်ဆွေးနွေးရာတွင် အသိပေးခြင်း၊ ၎င်းတို့၏ ယူဆချက်များကို ထည့်သွင်းစဉ်းစားခြင်းတို့ကို ဆိုလိုသည်။ လွတ်လပ်စွာ တင်ပြပြောဆိုခွင့်၊ အဖွဲ့အစည်းများဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်တို့ကို ဆိုလိုသည်။ ကလေးများဖွံ့ဖြိုးလာမှုနှင့် လိုက်လျောညီထွေစွာ ၎င်းတို့၏ပတ်ဝန်းကျင် လူ့ဘောင်လုပ်ငန်းများအတွက် တိုးတက်ပါဝင်ခွင့်ပေးမှသာ အရွယ်ရောက်လာချိန်တွင် တာဝန်သိတတ်သော လူသားတယောက်ဖြစ်လာစေပေမည်။

........................

www.burmeseclassic.com

www.burmeseclassic.com


အပိုဒ် (၁)

# ကလေးဆိုသည်မှာ

လက်ရှိသဘောတူစာချုပ်အရ ကလေးဆိုသည်မှာ အသက်(၁၈)နှစ် မပြည့်သေးသော လူသားများအားလုံးကို ဆိုလိုသည်။




ကလေးဆိုသော စကားလုံး၏အဓိပ္ပါယ်မှာ သာမန်အားဖြင့် နို့စို့ကလေးအရွယ်မှ ဆယ်ကျော်သက်အရွယ်အတွင်းကို ဆိုလိုခြင်းဖြစ်သည်ဟု ယေဘုယျဆိုလေ့ရှိကြသည်။ သို့သော်ဤစာချုပ်ပါ ကလေးအသက် အဓိပ္ပါယ်ဖွင့်ဆိုချက်အရ ထိုအရွယ်ကိုသာမက အရွယ်မရောက်လူကြီးမဖြစ်သေးသောသူများကိုပါ ကလေးအဖြစ် အဓိပ္ပါယ်သတ်မှတ်ထားသည်။ စာချုပ်အပိုဒ်(၁)အရ ကလေးဆိုသည်မှာ အသက်(၁၈)နှစ် အောက်ရှိသော သူများအားလုံးကိုဆိုလိုခြင်းဖြစ်ပြီး ဤစာချုပ်ပါ အခွင့်အရေးများကို ခံစားခွင့်ရှိသည်ဟု ဖော်ပြထားသည်။ အရွယ်ရောက်ပြီးဖြစ်သောသူများ၏ အသက်သတ်မှတ်ချက်နှင့်ပတ်သက်၍ တနိုင်ငံနှင့်တနိုင်ငံ လက်ခံထားချက် မတူကွဲပြားနေလေ့ရှိသည်။ တချို့နိုင်ငံတနိုင်ငံထဲမှာပင် အသက်သတ်မှတ်

www.burmeseclassic.com



ချက် မတူညီသည်ကိုလည်း တွေ့ရှိရတတ်သည်။ အရွယ်ရောက်ပြီးသူများအဖြစ် သတ်မှတ်ခံပြီးမှသာ ထိုသူတို့သည် လက်ထပ်ထိမ်းမြားခွင့်၊ မဲပေးခွင့်၊ အချိန်ပြည့် အလုပ်လုပ်ခွင့်၊ မိမိအိမ်ယာမှထွက်ခွာ၍ သီးသန့်နေထိုင်ခွင့်၊ စစ်တပ်အတွင်း ဝင်ရောက်အမှုထမ်းခွင့်တို့ကို ရရှိခံစားနိုင်သည်။ အရွယ်ရောက်သောသူ၏ အသက်သတ်မှတ်ချက်နှင့်ပတ်သက်၍ နိုင်ငံတနိုင်ငံနှင့်တနိုင်ငံ တူညီမှုမရှိသော်လည်း ယခုစာချုပ်အပိုဒ်(၁)တွင် အသက်(၁၈)နှစ်အောက်အရွယ် ရှိသောသူများအားလုံး ဤစာချုပ်ပါ အခွင့်အရေးများခံစားခွင့်ရှိသည်ဟူ၍ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

ကလေးစာချုပ်ကို ပထမအကြိမ်မူကြမ်းဆွဲစဉ်ကာလက ကလေးဆိုသော အဓိပ္ပါယ်သတ်မှတ်ချက်ကို မွေးဖွားလာစဉ်မှစ၍ အသက်(၁၈)နှစ်အထိဟူ၍ သတ်မှတ်ထားခဲ့သည်။ သို့သော် မမွေးဖွားခင်ကတည်းက မိခင်ဝမ်းအတွင်းရှိသော ကလေးများကိုပါ ကာကွယ်စောင့်ရှောက်ရမည်ဟူသော အယူအဆရှိသည့် အချို့နိုင်ငံများက ထိုသို့ "မွေးဖွားလာစဉ်မှစ၍" ဟူသော စကားစုသတ်မှတ်ချက်ကို စောဒက တက်ခဲ့ကြသည်။ ထိုအယူအဆကို အချို့နိုင်ငံများကလည်း လက်မခံနိုင်ဖြစ်ခဲ့သည်။ ထိုသို့မတူညီသော အယူအဆနှစ်ခုနှင့်ပတ်သက်၍ အခြေအတင်ပြောဆိုဆွေးနွေးမှုများသည် စာချုပ်ကိုအတည်ပြုနိုင်ခဲ့သည့် ၁၉၈၉ ခုနှစ်အထိတိုင် ကြာမြင့်ခဲ့သည်။ ဘက်နှစ်ဖက်စလုံးက မိမိတို့၏အယူအဆကိုမလျော့ဘဲ ခိုင်ခိုင်မာမာ တင်ပြခဲ့ကြသည့်အတွက် နောက်ဆုံးတွင် ထိုသို့အဓိပ္ပါယ်သတ်မှတ်ချက်အပေါ် အယူအဆမတူညီသော ဘက်နှစ်ဖက်စလုံးအနေဖြင့် မိမိတို့လက်ခံသလို အဓိပ္ပါယ်ဖွင့်ကြရန် ဖြေရှင်းပေးခဲ့ရသည်။ ထို့အတွက်ကြောင့် ဤအပိုဒ်တွင် ကလေးဆိုသည့် အဓိပ္ပါယ်သတ်မှတ်ချက်ကို မည်သည့်အချိန်ကနေ၍ စတင်သတ်မှတ်မည်ဆိုသော အကြောင်းအချက် မပါဝင်ခြင်းဖြစ်သည်။ စာချုပ်၏ အဖွင့်စကားချီးတွင် "ကလေးမမွေးဖွားခင် အချိန်ကတည်းက ကလေး၏အခွင့်အရေးများကို ကာကွယ်ပေးရမည်"ဟု ဆိုထားသော်လည်း မည်သည့်အခွင့်အရေးများကို ကာကွယ်ပေးရမည်ဖြစ်ကြောင်းနှင့် မည်သည့်အချိန်မှစတင်၍ ထိုသို့ကာကွယ်ပေးရမည်ဖြစ်ကြောင်း တို့ကို အတိအကျ ဖော်ပြသတ်မှတ်ထားခြင်းမရှိသေးပေ။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



အပိုဒ် (၂)

# ခွဲခြားဖိနှိပ်ခြင်း



(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မိမိနိုင်ငံ၏တရားစီရင်ထုံး အာဏာစက်အောက်တွင်ရှိသော ကလေးများအားလုံးအား ကလေး သို့မဟုတ် ထိုကလေး၏ မိခင်ဖခင် သို့မဟုတ် တရားဝင်အုပ်ထိန်းသူတို့၏ လူမျိုး၊ အသားအရောင်၊ လိင် ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးနှင့်အခြားအယူအဆ၊ နိုင်ငံသားဖြစ်မှု၊ တိုင်းရင်းသားဖြစ်မှု၊ မျိုးရိုးဇစ်မြစ်နှင့်လူမှုရင်းမြစ်၊ ပိုင်ဆိုင်မှု၊ မသန်မစွမ်းဖြစ်မှု၊ မွေးဖွားရာအဆင့်အတန်းနှင့် အခြားအဆင့်အတန်းများအပေါ် ဖိနှိပ်ခွဲခြားခြင်း လုံးဝမရှိစေဘဲ ယခုသဘောတူစာချုပ်တွင် ပါရှိသောအခွင့်အရေးများကို ခံစားစေရန် တာဝန်ယူရမည်။

(၂) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေး၏အဆင့်အတန်း၊ လှုပ်ရှားမှု၊ ထုတ်ဖော်ပြောဆိုသော အယူအဆများနှင့် ကလေး၏မိဘများ၊ တရားဝင်အုပ်ထိန်းသူများနှင့် မိသားစုဝင်တို့၏ ယုံကြည်မှုတို့ကြောင့် မည်သည့်နည်းနှင့်မှ ဖိနှိပ်ခွဲခြားခြင်းနှင့် အပြစ်ပေးခြင်းများမခံရအောင် ကာကွယ်ပေးနိုင်ရန်အတွက် သင့်လျော်သောလုပ်ဆောင်မှုများကို လုပ်ဆောင်ပေးရမည်။

ဤအပိုဒ်တွင် စာချုပ်ပါအခွင့်အရေးများအား ခွဲခြားခြင်းမရှိဘဲ ကလေး

www.burmeseclassic.com

www.burmeseclassic.com



တိုင်းခံစားပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားသည်။ ထိုသို့ ခွဲခြားဆက်ဆံခြင်း မရှိစေရန်အတွက် အစိုးရများကလည်း ကာကွယ်ပေးရန်လိုအပ်ကြောင်း ဖော်ပြထားသည်။ ယခုစာပိုဒ်တွင် ပါဝင်သောခွဲခြားဖိနှိပ်မှု အမျိုးအစားများမှာ လိင်ကွဲပြားမှုကိုအခြေခံသော ခွဲခြားဆက်ဆံမှုများ၊ ဘာသာရေးကွဲပြားမှုကိုအခြေခံသော ခွဲခြားဆက်ဆံမှုများ၊ လူမျိုးရေးအခြေခံသော ခွဲခြားဆက်ဆံမှုများ၊ လူတယောက်၏အသားအရောင် ပြောဆိုသည့်ဘာသာစကား၊ နိုင်ငံသားဖြစ်မှုနှင့် တိုင်းရင်းသားဖြစ်မှုတို့ကို အခြေခံ၍ ဖြစ်ပေါ်လာသော ခွဲခြားဆက်ဆံမှုများ စသည်တို့ဖြစ်သည်။

ကလေးများ အခွင့်အရေးများဆိုင်ရာစာချုပ်တွင် ယခင်ရှိခဲ့ပြီးသားဖြစ်သော လူ့အခွင့်အရေးစာချုပ်များ၌ ဖော်ပြထားခဲ့ခြင်းမရှိသည့် ခွဲခြားဆက်ဆံမှုအမျိုးအစားတခုပါဝင်သည်ကိုတွေ့နိုင်သည်။ ထိုခွဲခြားဆက်ဆံမှုအမျိုးအစားမှာ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု နှောင့်နှေးသောကလေးများအား ခွဲခြားဆက်ဆံခြင်းဖြစ်ပြီး ထိုကလေးများအပေါ် ခွဲခြားဆက်ဆံမှုအားတားဆီးရန် ယခုအပိုဒ်တွင် ဖော်ပြထားသည်။

လူ့အခွင့်အရေး စာချုပ်စာတမ်းများတွင် ဖော်ပြထားလျက်ရှိသော်လည်း ယခုထက်တိုင် နိုင်ငံအတော်များများတွင် ဆက်လက်တည်ရှိသော ခွဲခြားဆက်ဆံခြင်းတမျိုးမှာ တရားဝင်လက်ထပ်ထိမ်းမြားထားခြင်းမရှိသော မိဘများမှမွေးဖွားလာသည့်ကလေးများအပေါ် ခွဲခြားဆက်ဆံခြင်း၊ သို့မဟုတ် ကလေးမွေးဖွားခဲ့သည့် အကြောင်းအရာအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်းပင်ဖြစ်သည်။ ထိုကလေးများမှာ ဖခင်အမည်မတပ်နိုင်ဘဲ မွေးဖွားခဲ့သောကလေးများ သို့မဟုတ် တရားဝင်လက်ထပ်မထားသော မိဘများမှ မွေးဖွားလာသောကလေးများကို ဆိုလိုခြင်းဖြစ်သည်။ ထိုသို့သောကလေးများကို ခွဲခြားဆက်ဆံခြင်းမပြုရန် ယခုအပိုဒ်က တားမြစ်ထားသလို မွေးစားထားသောကလေးများကိုလည်း ထိုအချက်အပေါ်အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမပြုရန် တားမြစ်ထားသည်။

ထို့မျှမက လူမှုအဆင့်အတန်းနှင့် ပစ္စည်းဉစ္စာပိုင်ဆိုင်မှုကိုအခြေခံ၍ ဆင်းရဲနွမ်းပါးသောကလေးများကို ခွဲခြားဆက်ဆံခြင်းမပြုရန်ကိုလည်း တားမြစ်ထားသည်။ အဘယ်ကြောင့်ဆိုသော် လူ့အခွင့်အရေးဆိုသည်မှာ ဆင်းရဲချမ်းသာမရွေး လူသားတိုင်းအတွက် ဖြစ်သောကြောင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com


သို့သော် အုပ်စုအချို့အပေါ် အခြားအုပ်စုများထက် ကွဲပြားစွာသက်ရောက်မှုရှိစေသော ဥပဒေစည်းကမ်းတိုင်းကို ခွဲခြားဖိနှိပ်သည်ဟု မဆိုနိုင်ပေ။ ဥပမာ ယာဉ်မောင်းလိုင်စင်ဖြေရန်အတွက် မျက်စိစမ်းသပ်စစ်ဆေးမှုကို မျက်မမြင်များအား ခွဲခြားဆက်ဆံခြင်းဟု မဆိုနိုင်ပေ။ ဥပဒေစည်းကမ်းတခုသည် အုပ်စုတစုအား အခြားအုပ်စုများထက် ပိုမိုပြင်းထန်သော သက်ရောက်မှုတခုဖြစ်စေပါက ထိုအုပ်စုအပေါ် သက်ရောက်သော ဆိုးကျိုးသက်ရောက်စေမှုနှင့် ထိုသူတို့၏အခွင့်အရေးများကို သက်မျှအောင် ထည့်သွင်းစဉ်းစားပြီးမှ ထိုစည်းကမ်းဥပဒေများချမှတ်ရန် ကျိုးကြောင်းဆီလျော်မှုရှိ မရှိ၊ လိုအပ်မှုရှိ မရှိ၊ ထိုသို့သောပမာဏအထိ သတ်မှတ်ရန်လိုအပ်မှုရှိ မရှိတို့ကို လေ့လာသုံးသပ်ရမည်ဖြစ်သည်။

ကျောင်းဝင်ခွင့်စာမေးပွဲများနှင့် စာမေးပွဲစစ်ဆေး၍ အမှတ်ဖြင့်ရွေးချယ်သော လုပ်ငန်းမျိုးတွင် မည်သည့်အကြောင်းကြောင်းတို့ကြောင့်မှ ခွဲခြားဆက်ဆံခြင်းမရှိစေရအောင် လုပ်ဆောင်သင့်သည်။ ကလေးသူငယ်များ၏ အကောင်းဆုံးအကောင်းကျိုးများကို အာမခံနိုင်ရန်အတွက် ထိုသို့လုပ်ဆောင်မှုမျိုးများတွင် ကလေးတိုင်း၏ တဦးချင်းအခြေအနေနှင့် ဘဝများကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။

နိုင်ငံအတော်များများတွင် စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနောင့်နှေးသော ကလေးငယ်များအပေါ် ခွဲခြားဆက်ဆံမှု၊ တရားဝင်လက်ထပ်ထိမ်းမြားထားခြင်းမရှိသော မိဘများမှမွေးဖွားလာသော ကလေးများအား ခွဲခြားဆက်ဆံမှုနှင့် မိဘများကိုယ်တိုင်က သားယောကျ်ားလေးနှင့် သမီးမိန်းကလေးတို့အကြား သားယောကျ်ားလေးအား ပိုမိုလိုလားတောင့်တ၍ အခွင့်ထူးပေးမှုများ ယနေ့တိုင်တည်ရှိနေဆဲဖြစ်သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com


အပိုဒ် (၃)

## ကလေးများအားကာကွယ်ပေးရန်တာဝန်နှင့်ကလေးများ၏ အကောင်းဆုံးအကျိုးကိုလေးစားရန်




(၁) အများပြည်သူနှင့် သို့မဟုတ် ပုဂ္ဂလိကစောင့်ရှောက်ရေးဌာန၊ တရားရုံးတော်များ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် ဥပဒေပြဌာန်းရေး အစိတ်အပိုင်းများတို့တွင် ကလေးများနှင့်ပတ်သက်၍ မည်သည့်လုပ်ဆောင်မှုတခုခုကို လုပ်ဆောင်သည်ဖြစ်စေ ကလေးများ၏ အကောင်းဆုံးအကျိုးကို အဓိကထည့်သွင်းစဉ်းစားရမည်။

(၂) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးဖြစ်သူ၏ ဘဝသာယာချမ်းမြေ့ရေးအတွက် လိုအပ်သောကာကွယ်မှု၊ စောင့်ရှောက်မှုများကို အာမခံသည့်အနေဖြင့် သင့်လျော်သော ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးလုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ရာတွင် ထိုကလေး၏ မိဘများ၊ တရားဝင်အုပ်ထိန်းသူများနှင့် ကလေးအတွက်တာဝန်ရှိသော အခြားသူများ၏အခွင့်အရေးနှင့် တာဝန်တဏ္ဍများကို ထည့်သွင်းစဉ်းစားရမည်။

(၃) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးများကို ကာကွယ်ပေးရန်နှင့်


www.burmeseclassic.com

www.burmeseclassic.com


စောင့်ရှောက်ပေးရန် တာဝန်ရှိသောဌာနများ၊ လုပ်ငန်းများ၊ အစီအစဉ်များအနေဖြင့် ကလေးများ၏ လုံခြုံရေး၊ ကျန်းမာရေးနှင့် သင့်တော်လုံလောက်သော အရေအတွက်ရှိသည့် ဝန်ထမ်းများရရှိရေး စသောကဏ္ဍတို့တွင် အရည်အချင်းပြည့်မီသည့် တာဝန်ရှိသူများက ချမှတ်ထားသော သတ်မှတ်ချက်အဆင့်အတန်းများအတိုင်း လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် အာမခံပေးရမည်။

ဤအပိုဒ်သည် အထူးအခွင့်အရေးကို သီးခြားသတ်မှတ်ထားခြင်း မဟုတ်ပေ။ ကလေးများလိုအပ်သော ကာကွယ်မှု၊ စောင့်ရှောက်မှုများအားလုံး ရရှိခံစားနိုင်စေရန် အစိုးရအနေဖြင့် အာမခံပေးရန်အတွက် စာချုပ်၏အခြားအပိုဒ်များဖြစ်သော (၁) (၂) (၄) နှင့် (၅) တို့နှင့်အတူ သတ်မှတ်ထားခြင်းဖြစ်သည်။ အစိုးရက အာမခံရန် တာဝန်ရှိမှုကိုသာမက မိဘများ၏ လျော်ကန်သင့်တော်သော အခန်းကဏ္ဍနှင့် ကလေး၏ဖွံ့ဖြိုးတိုးတက်မှုနှင့်သင့်လျော်သော ကလေး၏ပူးပေါင်းဆောင်ရွက်မှုတို့ကိုပါ အသိအမှတ်ပြုထားသည်။ ထိုသို့ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် အစိုးရဌာနဆိုင်ရာအားလုံးက ဝိုင်းဝန်းအားစိုက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဤအပိုဒ်ကဆိုထားသည်။ အစိုးရလက်အောက်ရှိ အေဂျင်စီများကလည်း ကလေးများအား ကာကွယ်စောင့်ရှောက်မှုနှင့်ပတ်သက်၍ လိုအပ်သောလုပ်ငန်းများကို မိမိတို့လုပ်ကိုင်ရန် တာဝန်ရှိသည့်အတိုင်းအတာအလျောက် အစွမ်းကုန်နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ရမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရမည့် လုပ်ငန်းမျိုးဆိုသည်မှာ ဥပမာအားဖြင့် ကလေးငယ်များနှင့်ပတ်သက်သည့် ပေါ်လစီများအား ပိုမိုကောင်းမွန်လာအောင် ပြောင်းလဲပေးခြင်း၊ ကလေးများ၊ မိသားစုများနှင့်ပတ်သက်သည့် အစီအစဉ်သစ်များကို စီစဉ်ဆောင်ရွက်ပေးခြင်း စသည်တို့ကိုဆိုလိုသည်။ အစိုးရလက်အောက်ရှိ အေဂျင်စီများကလည်း ကလေးများအား ကာကွယ်စောင့်ရှောက်မှုနှင့်ပတ်သက်၍ လိုအပ်သောလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းအားဖြင့် ကလေးများကို အကူအညီအထောက်အပံ့များပေးနေသော ပုဂ္ဂလိကကျောင်းများ၊ နေအိမ်များနှင့် အခြားနေရာများတွင်လည်း ကောင်းမွန်လုံခြုံသင့်တော်သော အဆင့်အတန်းများ ချမှတ်အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ဆောင်ရပေမည်။

ဥပဒေပြုမဏ္ဍိုင်အနေဖြင့်လည်း ကလေးများ၏ အကောင်းဆုံးအကျိုးအား

www.burmeseclassic.com

www.burmeseclassic.com

အခြေခံအကျဆုံးအချက်အဖြစ် ဦးထိပ်ပန်၍ ထိုသို့အကျိုးဖြစ်စေနိုင်မည့် ဥပဒေအသစ်များပြဋ္ဌာန်းခြင်း၊ မကိုက်ညီသည့်ဥပဒေဟောင်းများ ဖျက်သိမ်းခြင်းတို့ကို လုပ်ဆောင်ကာ ဤစာပိုဒ်ပါရည်မှန်းချက်များ ရရှိလာအောင် ဝိုင်းဝန်းပံ့ပိုးပေးရမည်။ ထိုသို့ ပံ့ပိုးပေးနိုင်ရန်အတွက် ဥပဒေပြဋ္ဌာန်းသူများသည် ကလေးများအားသက်ရောက်မှုရှိစေမည့် ဥပဒေများကို ရှာဖွေပြဋ္ဌာန်းပေးရန် လိုအပ်သည်။ ဥပဒေသစ်များပြဋ္ဌာန်းရာတွင် ထိုဥပဒေသစ်ကြောင့် ကလေးများအပေါ် မည်သည့်ကောင်းကျိုး၊ ဆိုးကျိုးများ သက်ရောက်မှုရှိစေမည်ဆိုသော အချက်များကို အခြားထည့်သွင်းစဉ်းစားရသည့် အချက်များနည်းတူ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

ဤအပိုဒ်(၃)တွင် တရားရုံးများ၊ လူမှုဝန်ထမ်းအေဂျင်စီများနှင့် အစိုးရ၏အုပ်ချုပ်ရေးဆိုင်ရာ ဌာနအသီးသီးတို့က ကလေးများနှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါတိုင်း ကလေးများ၏အကောင်းဆုံးအကျိုးအား အခြေခံအကျဆုံးအချက်အဖြစ် ထည့်သွင်းစဉ်းစားမှုကို လုပ်ဆောင်ရမည်ဟု ဖော်ပြထားသည်။ အစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာဌာနများဆိုသည်မှာ အစိုးရပိုင်ကျောင်းများ၏ အုပ်ချုပ်ရေးအဖွဲ့များ၊ အစိုးရဆေးရုံများ၏ အုပ်ချုပ်ရေးဒါရိုက်တာများနှင့် မြို့တော်ဝန်များ အစရှိသူတို့ပါဝင်သည်။ ထိုသူတို့ ချမှတ်အတည်ပြုလိုက်သော ကလေးများနှင့် သက်ဆိုင်သည့်၊ ကလေးများအပေါ် သက်ရောက်မှုရှိသည့် ဆုံးဖြတ်ချက်တိုင်းတွင် ထိုဆုံးဖြတ်ချက်ကြောင့် ကလေးများအပေါ် မည်ကဲ့သို့ သက်ရောက်မှုရှိလိမ့်မည်ဆိုသောအချက်များကို မပျက်မကွက် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ "ကလေးများ၏အကောင်းဆုံးအကျိုး" ဆိုသည်မှာ ကလေးများ၏ဆန္ဒမှန်သမျှကို ထည့်သွင်းစဉ်းစားရမည်ဟု ဆိုလိုခြင်းမဟုတ်ဘဲ ကလေးများအတွက် အကောင်းဆုံးဖြစ်သည်ဟု ကျိုးကြောင်းဆီလျော်စွာဖြင့် လူအများစုက လက်ခံထားသော အချက်အား ဆိုလိုခြင်းဖြစ်သည်ကို သဘောပေါက်ရန် လိုအပ်သည်။ ထိုသို့ အကောင်းဆုံးအကျိုးကို ထည့်သွင်းစဉ်းစားရာတွင်လည်း ကလေးများအားလုံးအတွက် အကောင်းဆုံးဖြစ်သည်ဟု သိမ်းကြုံး၍ ယေဘုယျဆန်ဆန် လွှမ်းခြုံ၍ စဉ်းစားခြင်းမျိုးမဟုတ်ဘဲ ကလေးတယောက်ချင်း၏ အမှန်တကယ်လိုအပ်ချက်များ၊ လုပ်ဆောင်နိုင်စွမ်းများနှင့် ထိုကလေးကြုံတွေ့နေရသော အခြေအနေတခုချင်းအလိုက် စဉ်းစားဆောင်ရွက်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com


ဤအပိုဒ်တွင်ဖော်ပြထားသော ကလေးများ၏အကောင်းဆုံးအကျိုးကို အခြေခံအကျဆုံးအချက်အဖြစ် ထည့်သွင်းစဉ်းစားမှုကို လုပ်ဆောင်ရမည်ဆိုသည့် အယူအဆသည် "အကျိုးစီးပွားများကို ဟန်ချက်ညီအောင်လုပ်ဆောင်ခြင်း" ဟူသော တရားရုံးတွင် အမှုများစီရင်ရာ၌အသုံးပြုသော သဘောတရားနှင့် ဆက်စပ်နေသည်။ တရားရုံးများတွင် ဖြေရှင်းသည့် တရားရေးဆိုင်ရာ အမှုအခင်းအများစုသည် လူတဦးတယောက်နှင့် အခြားသူတဦးတယောက်အကြား သို့မဟုတ် လူတဦးတယောက်နှင့် အခြားသောအုပ်စုများအကြား အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်ပွားသော အမှုများဖြစ်သည်။ အကောင်းဆုံး အကျိုးစီးပွားဆိုသော အယူအဆကို ကလေး၏အကျိုးစီးပွားနှင့် အခြားသူများ၏အကျိုးစီးပွား သို့မဟုတ် အခြားအထွေထွေစီးပွား သို့မဟုတ် အခြားအထွေထွေပဋိပက္ခများ ဖြစ်ပွားသည့်အခါမျိုးတွင် အသုံးပြု ဖြေရှင်းသင့်သည်။ ထိုအယူအဆသည် တရားရုံးတော်နှင့် တာဝန်ရှိသည့် အာဏာပိုင်များအနေဖြင့် ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါတွင် ကလေးများအပေါ် သက်ရောက်မှုရှိသည့် အချက်များသက်သက်ကိုသာ ထည့်သွင်းစဉ်းစားရမည်၊ အခြားသူများ၏အခွင့်အရေးနှင့် အကျိုးစီးပွားများထက် ကလေးများ၏အကျိုးစီးပွားကို ပိုမိုအလေးပေး ထည့်သွင်းစဉ်းစားရမည်ဟု ဆိုလိုခြင်းမျိုးမဟုတ်ပေ။ ကလေးများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ကလေးများအပေါ် မည်သည့်အကျိုးများ သက်ရောက်စေမည်ဆိုသောအချက်အား အရေးကြီးသော အချက်တချက်အဖြစ် ထည့်သွင်းစဉ်းစားရန်ကိုသာ ဆိုလိုခြင်းဖြစ်သည်။ ထို့ပြင် ထိုသို့ဆုံးဖြတ်ချမှတ် ဆောင်ရွက်သူများသည် အရည်အချင်းပြည့်မီသော အာဏာပိုင်များဖြစ်ရန် လိုအပ်သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



အပိုဒ် (၄)

## ကလေးအခွင့်အရေးများကိုကာကွယ်ပေးရန်အတွက်ဆောင်ရွက်ပေးချက်များ




စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ယခုသဘောတူစာချုပ်တွင် အသိအမှတ်ပြုထားသော အခွင့်အရေးများ အကောင်အထည် ပေါ်ပေါက်လာစေရေးအတွက် သင့်တော်သောကလေးများ၏ အခွင့်အရေးများကို ကာကွယ်သည့်နေရာတွင် ဥပဒေသက်သက်ဖြင့်သာ မလုံလောက်သောကြောင့်အခြားသောအုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များကိုပါ ဆောင်ရွက်ရမည်ဟု ဤအပိုဒ်တွင် ဆိုထားသည်။ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ဆောင်မှုများဆိုသည်မှာ ဥပဒေများအတိုင်း လက်တွေ့ကျကျ လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သောအစီအစဉ်များ ချမှတ်ခြင်း၊ စီမံကိန်းများပြင်ဆင်ခြင်းစသည်တို့ကို ဆိုလိုခြင်းဖြစ်သည်။ ဥပမာ – ပြည်သူပိုင်ကျောင်းများ၊ ဆေးရုံများ၊ အပန်းဖြေပန်းခြံများအနေဖြင့် ကလေးများအတွက် ပျော်ရွှင်စွာအသုံးပြုနိုင်သော အခြေအနေမျိုးရှိမရှိ လေ့လာသုံးသပ်ခြင်း၊ ကလေးများ၏အစီအစဉ်အတွက် လိုအပ်သောပစ္စည်းကိရိယာများ ဝယ်ယူခြင်း၊ ကလေးများအသုံးပြုလေ့ရှိသော အဆောက်အဦးများအား သန့်ရှင်းခြင်းနှင့်ပြင်ဆင်ခြင်း၊ ကလေးများနှင့်ပတ်သက်သည့်လုပ်ငန်းများတွင် လုပ်ကိုင်နေသောဝန်ထမ်းများအား ကလေးအခွင့်အရေးများ နားလည်သဘောပေါက်အောင် လေ့ကျင့်ပညာပေးခြင်း၊ စေတနာ့ဝန်ထမ်း

www.burmeseclassic.com

www.burmeseclassic.com



လုပ်သားများ၊ လူထုစည်းရုံးရေးလုပ်သားများ ပိုမိုများပြားလာအောင် မွေးထုတ်ပေးခြင်းတို့အပြင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ စာချုပ်ပါအချက်များကို ပြည်သူလူထုအများက သိရှိနားလည်စေရန် လုပ်ဆောင်ခြင်းတို့ဖြစ်သည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ငွေကြေးသုံးစွဲရမှုများ၊ ကုန်ကျမှုများရှိစေမည်ဖြစ်သည့်အတွက် အစိုးရအနေဖြင့် မိမိတွင်ရှိသော ဘဏ္ဍာငွေကြေးများထဲမှ တတ်နိုင်သမျှ အများဆုံးထုတ်ယူသုံးစွဲ၍ ကလေးအခွင့်အရေးများ ကာကွယ်ပေးနိုင်ရေးအတွက် အသုံးပြုရမည်ဟု ယခုအပိုဒ်တွင်ဖော်ပြထားသည်။ ကလေးအခွင့်အရေးများ ကာကွယ်သည့်နေရာတွင် ဘဏ္ဍာငွေကြေးမှာအရေးပါသော အကြောင်းအရာတရပ် ဖြစ်လျက်ရှိသည်။ ကလေးများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ကလေးများ၏ တင်ပြပြောဆိုချက်များကို အရေးတယူနားစိုက်ထောင်သည့် ကိစ္စမျိုးတွင် ငွေကြေးကုန်ကျစရာ မလိုလှသော်လည်း ကလေးများ၏ ကျန်းမာရေးနှင့်ပညာရေးများ ထောက်ပံ့ပေးရန်ဆိုသည့်ကိစ္စမျိုးတွင် ငွေကြေးကုန်ကျမှု ရှိလာမည်ဖြစ်သည်။ ထို့အတွက် ယခုအပိုဒ်တွင် ထိုသို့သောအခွင့်အရေးများနှင့် ပတ်သက်၍ "အစိုးရသည် မိမိတွင်ရှိသောရင်းမြစ်များကို အတတ်နိုင်ဆုံးနှင့် အစွမ်းကုန်အသုံးပြု၍ လိုအပ်ပါက အခြားနိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်လုပ်ဆောင်မှု လုပ်ငန်းဘောင်အတွင်း လုပ်ဆောင်ပေးရန်" ဟူ၍ဖော်ပြထားသည်။ ဆိုလိုသည်မှာ အကယ်၍ အစိုးရအနေဖြင့် ထိုသို့ငွေကြေးကုန်ကျခံရန် လုံလောက်မှုမရှိပါက ကမ္ဘာ့ကုလသမဂ္ဂ၊ ကလေးများရံပုံငွေအဖွဲ့၊ အခြားအစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ ကျွမ်းကျင်မှုဆိုင်ရာနှင့် စက်မှုကိရိယာ အကူအညီများအပါအဝင် အခြားသောအကူအညီများကို ရှာကြံတောင်းခံနိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



အပိုဒ် (၅)

# မိဘများနှင့်ကလေးများအခွင့်အရေး




စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေး၏မိဘများ သို့မဟုတ် အချို့နေရာ များတွင် ဒေသခံဓလေ့များက လက်ခံထားသော မိသားစုဝင်များနှင့် ရပ်ရွာအဖွဲ့ဝ များ သို့မဟုတ် တရားဝင်စောင့်ရှောက်ခွင့်ရှိသော အုပ်ထိန်းသူများ သို့မဟုတ် ကလေးအားစောင့်ရှောက်ရန် တရားဝင်တာဝန်ရှိသော အခြားသူများ၏ တာဝန် အခွင့်အရေးနှင့် ဝတ္တရားတို့ကို လေးစားရမည်။ ယခုစာချုပ်တွင်ပါရှိသည့် ကလေ အခွင့်အရေးများနှင့် လက်တွေ့အသုံးချသည့်အနေဖြင့် ကလေး၏တဖြည်းဖြည်း ဖွံ ဖြိုးတိုးတက်လာမှုနှင့်ကိုက်ညီသော လမ်းညွှန်မှု၊ ညွှန်ကြားမှုနှင့် နည်းလမ်းပြသမှု တို ပြုလုပ်ပေးရမည်။

ကလေးသူငယ်အခွင့်အရေးဆိုင်ရာစာချုပ်အရ အသက်(၁၈)နှစ်အောက် အရွယ်အားလုံးကို ကလေးများအဖြစ် သတ်မှတ်ထားသည်။ ထို့သို့ဆိုပါက ရင်ခွင် ပိုက်ကလေးများသည် ဆယ်ကျော်သက်ကလေးများနှင့် တန်းတူအခွင့်အရေးရှိသ လားဟူ၍ မေးစရာ၊ တွေးစရာဖြစ်လာသည်။ ထိုမေးစရာမေးခွန်းကို ယခုအပိုဒ် (၅)က ကူညီဖြေကြားထားသည်။ ထို့ပြင် မိမိရင်သွေးများ၏ အခွင့်အရေးများ တို

www.burmeseclassic.com


တက်မြင့်မားအောင်လုပ်ဆောင်ရန် မိဘများ၌ရှိသော တာဝန်များကိုလည်း ရှင်းလင်းဖော်ပြထားသည်။

ယခုစာပိုဒ်တွင် မိဘများအနေဖြင့် ရင်သွေးများအား စာချုပ်ပါအခွင့်အရေးများကို မည်ကဲ့သို့အသုံးပြုခံစားသင့်သည်ဆိုသော အချက်နှင့်ပတ်သက်၍ "သင့်လျော်သော လမ်းညွှန်မှုနှင့်ထိန်းကျောင်းမှုများ" လုပ်ဆောင်ရန် အခွင့်အရေးနှင့်တာဝန်များ ရှိသည်ဟုဆိုထားသည်။ ထိုသို့ လမ်းညွှန်မှုများနှင့် ထိန်းကျောင်းမှုများလုပ်ဆောင်ရာတွင် ကလေးငယ်၏ ကြီးထွားရင့်ကျက်လာသော စွမ်းရည်နှင့်အညီ လိုက်လျောညီထွေစွာ ပြောင်းလဲရမည်ဟု ယခုအပိုဒ်တွင် ဆိုထားသည်။ ဆိုလိုသည်မှာ ကလေးများ၏ ရွေးချယ်မှု၊ ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး မည်သည့်အဆင့်အထိ ရွေးချယ်ဆုံးဖြတ်ခွင့်ပြုသင့်ကြောင်းကို မိဘများက သတ်မှတ်ခွင့်ပြုသင့်သည်၊ သတ်မှတ်ခွင့်ပြုနိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ မိဘများက မိမိတို့ရင်သွေးများကို ၎င်းတို့ခံစားခွင့်ရှိသော အခွင့်အရေးများအား တာဝန်သိသိဖြင့် ကျင့်သုံးတတ်စေရန် ပညာပေးပျိုးထောင်ပေးရန်လိုအပ်သည်။ မည်မျှလောက်အဆင့်အထိဆုံးဖြတ်ရွေးချယ်ခွင့်ပြုရမည်၊ မည်သည့်ကိစ္စများကို ဆွေးနွေးသင့်သည်၊ မည်သည့်ဆုံးဖြတ်ချက်များကို ကလေးများအားဆုံး ဖြတ်ခွင့် ပေးသင့်သည်ဆိုသော အချက်များသည် ထိုကလေးငယ်၏ အသက်အရွယ်နှင့်ရင့်ကျက်မှုတို့အပေါ်တွင် မူတည်ပါသည်။



မိဘများ၏ ရင်သွေးများအပေါ် လမ်းညွှန်ထိန်းကျောင်းမှုများ ပြုလုပ်ပုံပြုလုပ်နည်းများသည် ကလေးအခွင့်အရေးအပေါ် လက်ခံထားသည့် ထိုမိဘများ၏ အမြင်သဘောထားများ၊ နားလည်သိရှိမှု၊ အသက်အရွယ်မတူညီသော ကလေးအုပ်စုများ၏ လိုအပ်ချက်နှင့် စွမ်းဆောင်နိုင်မှုစွမ်းရည်၊ ကလေးများမည်သို့ပြုမူလုပ်ကိုင်သင့်သည်ဟု မိဘ

www.burmeseclassic.com

www.burmeseclassic.com


များက ယုံကြည်သတ်မှတ်ထားသောအချက်များ၊ ကလေးများအပေါ် မိဘများက ချမှတ်ထားသော အဆုံးအမ၊ စည်းကမ်းနည်းလမ်းများတို့အပြင် ၎င်းတို့ကိုယ်တိုင် ဖြတ်သန်းလာခဲ့သော ကိုယ်ပိုင်ကလေးဘဝ အတွေ့အကြုံများအပေါ် များစွာမှီ တည်နေပါသည်။ ယခုအပိုဒ်တွင်ဖော်ပြထားသည့် မိမိတို့၏ကလေးများကို မိဘများ က မည်ကဲ့သို့သောနည်းဖြင့် လမ်းညွှန်ထိန်းကျောင်းသင့်သလဲ ဆိုသောအချက်နှင့် ပတ်သက်သည့် မေးခွန်းမျိုးကိုဖြေကြားရာတွင် နိုင်ငံတနိုင်ငံနှင့်တနိုင်ငံ၊ မိသားစုတစု နှင့်တစု တူညီနိုင်လိမ့်မည်မဟုတ်ပါ။ ယခုအပိုဒ်တွင်လည်း ကလေးများကို မိဘများ ကမည်သည့်နည်းဖြင့် လမ်းညွှန်ထိန်းကျောင်းရမည်ဆိုသော စံပြအဖြေတခုကိုမှ ဖြေဆိုထားခြင်းမရှိပါ။ ကလေးအားလုံးအတွက် ကိုက်ညီမည့် အဖြေတမျိုးတည်းကို လည်း ပေးနိုင်မည်မဟုတ်ပါ။ မိမိ၏သား သို့မဟုတ် သမီးဖြစ်သူအား ပိုမိုလွတ်လပ် ခွင့်ပေးသင့်ပြီလား၊ ကလေးနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များကို မိဘများက ဆက်လက်ဆုံးဖြတ်ပေးသင့်နေဆဲလား ဆိုသောအချက်များကို မိဘများကသာ ဆင် ခြင်ဆုံးဖြတ်ရမည်ဖြစ်သည်။

သို့ရာတွင် မိဘများအနေဖြင့် မိမိရင်သွေးများကို လမ်းညွှန်ထိန်းကျောင်း ရာတွင် ဤစာချုပ်၌ပါဝင်သော ကလေးအခွင့်အရေးများကို မလေးစား၍မရဟု ယခုအပိုဒ်တွင် ပြန်လည်ကန့်သတ်ထားပါသည်။ ဆိုလိုသည်မှာ မိဘများသည် ယခု စာချုပ်ပါ ကလေးအခွင့်အရေးများကို လုံးဝလျစ်လျူရှုထားခြင်း၊ ကလေးများ၏ အခြေခံအခွင့်အရေးများကို ခံစားခွင့်မပြုဘဲ အလွန်အမင်းချုပ်ချယ်လွန်းခြင်း၊ တချက် လွှတ်အာဏာသုံး၍ မိဘသဘောသက်သက်ဖြင့်သာ ဆုံးဖြတ်ချက်ချမှတ်ပေးခြင်း တို့ ကို မပြုလုပ်နိုင်ပေ။

သို့ရာတွင် အစိုးရသည် မိဘများ၏ရင်သွေးများအပေါ် လမ်းညွှန်ထိန်း ကျောင်း သွန်သင်နိုင်ခွင့်ကို လေးစားရပေမည်။ မိသားစုအတွင်းတွင် ဖြစ်ပွားနေ သော အိမ်တွင်းရေးများသည် ထိုမိသားစု၏ ကိုယ်ရေးကိုယ်တာ ပုဂ္ဂလိကရေး များဖြစ်ကြောင်းကို လေးစားရမည်။ ထို့အတွက်ကြောင့် မိဘများနှင့်ရင်သွေးများအ ကြား ဆက်ဆံရေးကို လေးစားရမည်။ အမှန်တကယ် ကြီးမားသောပြဿနာတရပ် မပေါ်ပေါက်လာမချင်း အစိုးရအနေဖြင့် ထိုမိသားစုအား အထူးနီးကပ်စွာ စောင့်ကြပ်

www.burmeseclassic.com

www.burmeseclassic.com


ကြည့်ရှုနေခြင်းမျိုး မလုပ်သင့်ပေ။

ယခုအပိုဒ်ပါအချက်များကိုကျင့်သုံးရာတွင် မိဘများ၏ ရင်သွေးများအပေါ် ထိန်းကျောင်းသွန်သင်ဆုံးမခွင့်ကို အစိုးရကလေးစားရန် လိုအပ်သလို မိဘများကလည်း မိမိရင်သွေးများ၏အခွင့်အရေးများကို လေးစားရန်လိုအပ်သည့် အချက်နှစ်ချက်စလုံးကို ဟန်ချက်ညီညီဖြင့် မပျက်မကွက်ကျင့်သုံးကြရန် အထူးလိုအပ်လှသည်။ အကယ်၍ မိဘဖြစ်သူက မိမိရင်သွေး၏အခွင့်အရေးအပေါ် လေးစားခြင်းမရှိသည့်အခါမျိုးတွင် အစိုးရအနေဖြင့် ပါဝင်ပတ်သက်မှုပြုရမည်ဖြစ်ပြီး ထိုမိဘ၏ရင်သွေးအား ထိန်းကျောင်းသွန်သင်ဆုံးမခွင့်ကို ဖယ်ရှားပစ်နိုင်သည်။ သို့ရာတွင် ရင်သွေးများအပေါ် ယခုအပိုဒ်တွင် ပါဝင်သောအချက်များအတိုင်း မဆက်ဆံသောကြောင့် ထိုမိဘများ၏ ကလေးစောင့်ရှောက်ပိုင်ခွင့်မှာ အလိုအလျောက် ပျောက်ပျက်သွားမည်မဟုတ်ပါ။ မိဘများ၏ ရင်သွေးများအား ဆက်ဆံပုံနှင့်ပတ်သက်၍ အစိုးရအနေဖြင့် မည်ကဲ့သို့ လုပ်ကိုင်ဆောင်ရွက်သင့်သည် ဆိုသောအချက်များကို ယခုစာချုပ်ပါ အပိုဒ်(၉)နှင့် (၁၉)တို့တွင် ပိုမိုအသေးစိတ်ဖော်ပြထားသည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com


အပိုဒ် (၆)

# အသက်ရှင်ရပ်တည်ခွင့်နှင့်ဖွံ့ဖြိုးတိုးတက်ခွင့်



(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးတိုင်း၌ မွေးရာပါအသက်ရှင်ရပ်တည်ခွင့်ရှိသည်ကို အသိအမှတ်ပြုရမည်။

(၂) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေး၏အသက်ရှင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အမြင့်မားဆုံး အာမခံပေးရမည်။

ယခုအပိုဒ်သည် စာချုပ်ပါအပိုဒ်များထဲတွင် အတိုဆုံးနှင့် အရှင်းဆုံးအပိုဒ်ဖြစ်သည်။ အသက်ရှင်ခွင့်ဆိုသောအခွင့်အရေးကို အခြေခံအကျဆုံး အခွင့်အရေးတခုအဖြစ် ကလေးအခွင့်အရေးဆိုင်ရာစာချုပ် မပေါ်ခင်ကတည်းက ပေါ်ပေါက်ခဲ့သော အခြားလူ့အခွင့်အရေး စာချုပ်စာတမ်းများတွင် အသိအမှတ်ပြုခဲ့ကြသည်။ ထိုအခွင့်အရေးထဲတွင် "တားဆီးရန်" နှင့် "လုပ်ဆောင်ပေးရန်" ဟူသော တာဝန်နှစ်မျိုးစလုံး ရောယှက်ပါဝင်နေသည်။ တားဆီးပေးရန်ဆိုသည်မှာ တခုခုကိုမလုပ်ဆောင်ရန်တားဆီးခြင်းကို ဆိုလိုသည်။ ဥပမာ–ထွက်ပြေးရန်ကြိုးစားသောကလေးကို ပစ်ခတ်ဖမ်းဆီးခြင်းမလုပ်ရန်၊ သတင်းအချက်အလက်ရရန်အတွက် ကလေးကိုနှိပ်စက်စစ်ဆေးခြင်းမပြုရန်၊ ဆန္ဒပြရာတွင်ပါဝင်သဖြင့် ဖမ်းဆီးခံထားရသောကလေး



www.burmeseclassic.com

www.burmeseclassic.com


ဟုံ ရိုက်နှက်ခြင်းမပြုရန်၊ အစိုးရဆေးရုံများတွင် သေသေချာချာ စစ်ဆေးကုသခြင်းမရှိသည့်အတွက် ဆေးကုသမှုမှားယွင်းပြီး သေဆုံးသွားသောကလေးများ မရှိစေရန် တားမြစ်ထားခြင်းတို့ဖြစ်သည်။

အသက်ရှင်ခွင့်အတွက် လုပ်ဆောင်ပေးရန်ဟူသောအချက်သည် အထက်ဖော်ပြထားသော တားဆီးရန်ဟူသည့် လုပ်ငန်းတာဝန်ထက် ပိုမိုကျယ်ပြန့်သည်။ ဥပမာ – ဖျားနာပါက ဆေးဝါးကုသမှုခံယူပိုင်ခွင့်၊ အဟာရချို့တဲ့ခြင်း မရှိစေရန်အတွက် လိုအပ်သောအစားအစာများ လုံလောက်စွာရရှိခွင့်၊ လေကောင်းလေသန့်များရရှိခွင့်၊ သဘာဝဘေးအန္တရာယ်အကြောင်း ကြိုတင်သိရှိခွင့်တို့အပါအဝင် ကလေးများ အသက်ရှင်နေထိုင်နိုင်ရန်အတွက် လိုအပ်သော အခြေခံပံ့ပိုးမှုများအားလုံး ကလေးများခံစားရရှိနိုင်ရေးကို ဆိုလိုခြင်းဖြစ်သည်။

ယခုအပိုဒ်ကို ပြင်ဆင်ရေးဆွဲစဉ်က "ကလေးများ၏ အသက်ရှင်ရပ်တည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အတတ်နိုင်ဆုံး စွမ်းအားရှိသမျှ ဖြည့်စွမ်းအာမခံပေးရန်မှာ အစိုးရ၏တာဝန်ဖြစ်သည်" ဟူသောအချက်ကို ထည့်သွင်းရန် ယူနီဆက်က တိုက်တွန်းအဆိုတင်သွင်းခဲ့သဖြင့် ထိုအချက်ပါဝင်လာခဲ့ခြင်းဖြစ်သည်။ ယူနီဆက်အနေဖြင့် ဤစာချုပ်မရေးဆွဲမီကတည်းကပင် အသက်ငါးနှစ်အောက် ကလေးငယ်များ သေဆုံးမှုနှုန်းလျော့ကျစေ ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အလွယ်တကူကုသနိုင်သော ရောဂါများနှင့် အဖြစ်များသော ရောဂါများကြောင့် ကလေးငယ်များမသေဆုံးရစေရန် ဆောင်ရွက်ချက်များကို ယူနီဆက်က အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့သည်။ ထိုသို့သော စကားသားမျိုး ယခုအပိုဒ်တွင် ပါဝင်ဖော်ပြထားနိုင်သည့်အတွက် ယူနီဆက်၏ ကြိုးပမ်းဆောင်ရွက်မှုများ ပိုမိုအားကောင်းထောင်မြင့်လာနိုင်လိမ့်မည်ဟု ယူဆထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com


အချို့သူများအနေဖြင့် "အသက်ရှင်ရပ်တည်မှု" ဟူသော စကားလုံးတ လုံးထဲသည် အဓိပ္ပါယ်ပြည့်စုံမှု အနှစ်သာရမရှိဟု ယူဆကြသည်။ အသက်ရှင်ရပ် တည်နေရုံမျှဖြင့် ကလေးဘဝတခုအတွက် လုံလောက်ပြည့်ဝခြင်းမရှိဟု ထိုသူများက ထောက်ပြကြသည်။ ထို့အတွက်ကြော အသက်ရှင်ရပ်တည်နေရုံမျှသာမက ဖွံ့ဖြိုး တိုးတက်မှု လိုအပ်သည်ဟုဆိုကာ "ဖွံ့ ဖြိုးတိုးတက်မှု" ဟူသော စကားလုံးကိုပါ ဤစာပိုဒ်တွင် ထည့်သွင်းခဲ့ခြင်းဖြစ်သည်။ ကလေးသူငယ်တယောက် အသက်ရှင်နေရုံသက်သက်သာမက ကလေး၏ဘဝ တန်ဖိုးပြည့်ဝကောင်းမွန်ရန်အတွက် ဖွံ့ဖြိုးတိုး တက်ရန်လည်းလိုအပ်ကြောင်း ယခုစာပိုဒ်က ဖော်ပြနေသည်။ ကလေးတယောက် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထိုကလေး၏ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လူမှုရေးပိုင်းဆိုင်ရာ အချက်အလက်များ လူတန်းစေ့တိုးတက်စေနိုင်ရန် ပညာသင်ကြားခွင့်အပါအဝင် အခြားလိုအပ်သော စောင့်ရှောက်မှုများ၊ လူနေမှုအဆင့်အတန်းများကို ရရှိခံစား နိုင်ရန် လိုအပ်လှသည်။


❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com


## အပိုဒ် (၇)

# အမည်မှည့်ခွင့်နှင့် လူမျိုးသတ်မှတ်ခံပိုင်ခွင့်




(၁) ကလေးတယောက်သည် မွေးဖွားပြီးသည်နှင့် ချက်ချင်းမွေးစာရင်း မှတ်ပုံတင်နိုင်ပြီး မွေးဖွားကတည်းက ၎င်း၏အမည်မှည့်ပိုင်ခွင့်နှင့် လူမျိုးသတ်မှတ်ခံပိုင်ခွင့်ရှိသည်။ ဖြစ်နိုင်ပါက သူ သို့မဟုတ် သူမ၏ မိဘများအားသိရှိခွင့်နှင့် မိဘများ၏စောင့်ရှောက်မှုကို ခံယူပိုင်ခွင့်ရှိသည်။

(၂) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အထက်တွင်ဖော်ပြထားသော ကလေးအခွင့်အရေးများကို နိုင်ငံတော်ဥပဒေများနှင့်အညီ အကောင်အထည်ဖော်ရန်နှင့် ထိုကလေးသည် နိုင်ငံမဲ့ကလေးတယောက် ဖြစ်မသွားရအောင် နိုင်ငံတကာ ဥပဒေများအရ လိုက်နာလေးစားရန် အာမခံရမည်ဖြစ်သည်။

အပိုဒ်(၇)အရ မွေးဖွားလာသော ကလေးငယ်တိုင်းသည် မွေးဖွားလာပြီးပြီးချင်းမှစ၍ အမည်မှည့်ခေါ်ပိုင်ခွင့်နှင့် မွေးစာရင်းမှတ်ပုံတင်ပိုင်ခွင့်ရှိသည်။ မွေးစာရင်း မှတ်ပုံတင်ခြင်းဆိုသည်မှာ ထိုမွေးဖွားလာသော ကလေးငယ်၏အမည်၊ မွေးဖွားသည့်နေ့စွဲ၊ ထိုကလေးငယ်၏ မိခင်ဖခင်တို့၏အမည်များကို မှတ်ပုံတင်ခြင်းဖြစ်သည်။ မွေးဖွားသည့် နေ့စွဲမှတ်တမ်းသည် နောင်တချိန် ကလေးကြီးပြင်းလာသည့်

www.burmeseclassic.com


အခါ တရားရေးကိစ္စများတွင် အထောက်အထားအဖြစ် တင်ပြနိုင်ရန်အတွက် အ ရေးကြီးလှသည်။ အထူးသဖြင့် ထိုကလေးငယ် ကျောင်းတက်သည့်အရွယ်ရောက် သည့်အချိန်တွင် ကျောင်းတက်နိုင်ရန်အတွက် သက်သေအထောက်အထားပြရာ တွင် မွေးဖွားသည့်နေ့စွဲသည် အရေးကြီးလှသည်။

ဤအပိုဒ်တွင် ကလေးငယ်တိုင်းသည် မွေးဖွားသည့်အချိန်ကစ၍ နိုင်ငံ တနိုင်ငံ၏ နိုင်ငံသားအဖြစ် မှတ်ပုံတင်အသိအမှတ်ပြုခံပိုင်ခွင့် တာဝန်ရှိသော အာ ဏာပိုင်များ၊ သက်ဆိုင်ရာနိုင်ငံများ သို့မဟုတ် နိုင်ငံတကာက သတ်မှတ်ထားသော ဥပဒေများအရ နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရရန် လိုအပ်သည်ဟုသာ ဖော်ပြ ထားသည်ကို တွေ့ရသည်။ နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံနိုင်ရန်မှာ နည်းလမ်း နှစ်လမ်းရှိသည်။ ပထမတမျိုးမှာ နိုင်ငံတွင်း၌ မွေးဖွားခဲ့သောကလေးကို ထိုနိုင်ငံဥပ ဒေအရ နိုင်ငံသားအဖြစ် အသိအမှတ်ပြုသဖြင့် နိုင်ငံသားဖြစ်ခြင်းမျိုးဖြစ်သည်။ ဒုတိ ယတမျိုးမှာ မွေးဖွားလာသည့်ကလေးကို ကလေးမိဘများ၏နိုင်ငံကနေ၍ နိုင်ငံ သားအဖြစ် အသိအမှတ်ပြုသဖြင့် ထိုကလေးငယ်သည် မိဘများနိုင်ငံ၏ နိုင်ငံသား အဖြစ် အသိအမှတ်ပြုခံရခြင်းဖြစ်သည်။

မိဘများနေထိုင်သည့်နိုင်ငံတွင် မွေးဖွားခဲ့သော ကလေးတယောက်အ တွက် လူမျိုးဖြစ်ခွင့်၊ နိုင်ငံသားဖြစ်ခွင့်နှင့်ပတ်သက်၍ ပြဿနာမရှိနိုင်သော်လည်း မိခင်ဖြစ်သူနှင့် ဖခင်ဖြစ်သူတို့သည် လူမျိုးမတူနိုင်ငံသားမတူသည့် အခါမျိုးတွင် လည်းကောင်း၊ ကလေးဖြစ်သူသည် နိုင်ငံခြားတိုင်းပြည်တွင် မွေးဖွားလာခဲ့သည့် အခါမျိုးတွင်လည်းကောင်း ထိုကလေး၏ လူမျိုးဖြစ်ခွင့်၊ နိုင်ငံသားဖြစ်ခွင့်သည် ပြဿ နာတခုဖြစ်လာနိုင်သည်။ နိုင်ငံခြားတိုင်းပြည်တွင်မွေးဖွားခဲ့သော ကလေးငယ်၏မိဘ များသည်ထိုနိုင်ငံ၏ နိုင်ငံသားများမဟုတ်ဘဲနိုင်ငံခြားသားများဖြစ်နေသောကြောင့် ထိုကလေးငယ်ကို မွေးဖွားခဲ့ရာနိုင်ငံက မိမိနိုင်ငံသားအဖြစ် အသိအမှတ်မပြုဘဲနေ နိုင်သလို ထိုမိဘများ၏ တိုင်းပြည်ရင်းကလည်း ထိုကလေးငယ်သည် နိုင်ငံခြားတိုင်း ပြည်တွင် မွေးဖွားခဲ့သောကြောင့် ထိုကလေးကို မိမိနိုင်ငံ၏နိုင်ငံသားအဖြစ် အသိအ မှတ်မပြုသည့်အဖြစ်မျိုးလဲ ကြုံတွေ့နိုင်သည်။ ထိုအခါမျိုးတွင် ထိုကလေးငယ်သည် မည်သည့်နိုင်ငံသားမှ မဖြစ်တော့သည့်အခြေအနေသို့ ဆိုက်ရောက်သွားတော့သည်။ ထိုသို့သော ကလေးငယ်မျိုးကို တိုင်းပြည်မဲ့ (**Stateless**) ကလေးများဟုခေါ်သည်။


www.burmeseclassic.com

www.burmeseclassic.com


ကလေးများအနေဖြင့် ထိုသို့တိုင်းပြည်မဲ့သွားသောအဖြစ်မျိုး မဖြစ်စေရန် ထိုမွေးဖွား သောနိုင်ငံကဖြစ်စေ၊ မိဘ၏နိုင်ငံရင်းများကဖြစ်စေ ဟန့်တားပေးနိုင်သည်။ သို့သော် ယခုအပိုဒ်တွင် ထိုသို့အဖြစ်မျိုးရှိပါက မည်သည့်တိုင်းပြည်က မည်ကဲ့သို့ဆောင် ရွက်ရမည်ဖြစ်ကြောင်း တိတိကျကျ တာဝန်သတ်မှတ်ပေးထားခြင်းမရှိပေ။ ထို့အ တွက်ကြောင့် ယခုအပိုဒ်သည် ကလေးသူငယ်များ တိုင်းပြည်မဲ့ဖြစ်ခြင်းကို အပြည့် အဝ ကာကွယ်တားဆီးနိုင်ခြင်းမရှိပေ။ ဤကလေးသူငယ် အခွင့်အရေးစာချုပ်ကို လက်မှတ်ရေးထိုးရုံသက်သက်မဟုတ်ဘဲ အမှန်တကယ် လေးစားလိုက်နာသော နိုင်ငံ များက ထိုသို့တိုင်းပြည်မဲ့ဖြစ်သွားသည့်ကလေးများ ပပျောက်စေရေးအတွက် နိုင်ငံ ခြားတွင် မိမိနိုင်ငံသားများကနေ၍ မွေးဖွားခဲ့သော ကလေးများကို မိမိနိုင်ငံသား အဖြစ် အသိအမှတ်ပြုပေးခြင်း သို့မဟုတ် နိုင်ငံခြားသားများက မိမိနိုင်ငံအတွင်း မွေးဖွားခဲ့သောကလေးများကို မိမိနိုင်ငံသားအဖြစ် အသိအမှတ်ပြုခြင်းများ လုပ် ဆောင်မှသာ ထိုသို့သောတိုင်းပြည်မဲ့ကလေးများ မပေါ်ပေါက်စေရန် တားဆီးနိုင် မည်။

အပိုဒ်(၇)တွင် ကလေးများအနေဖြင့် မိမိတို့မိဘများအား သိရှိပိုင်ခွင့်နှင့် ထိုမိဘများ၏ စောင့်ရှောက်မှုကို ဖြစ်နိုင်သမျှ ခံယူခွင့်ရှိသည်ဟုလည်း ဖော်ပြထား သည်။ ထိုအချက်နှင့်ပတ်သက်၍ အခြားသောပုံစံမျိုးကို စာချုပ်အပိုဒ်(၈)၊ (၉) (၁၀) နှင့် အခြားအပိုဒ်များတွင် တွေ့နိုင်သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



အပိုဒ် (၈)

## ကိုယ်ရေးကိုယ်တာအချက်များရရှိခွင့်၊ ထိန်းသိမ်းခွင့်၊




(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ဥပဒေကအသိအမှတ်ပြုထားသည့် က
လေး၏ ကိုယ်ရေးကိုယ်တာအမည်နှင့် မိသားစုတော်စပ်ပုံတို့အား ထိန်းသိမ်းခွင့်ကို
လေးစားရမည်ဖြစ်ပြီး တရားဥပဒေမဲ့ ဝင်ရောက်စွက်ဖက်ခြင်းမပြုရ။

(၂) ကလေးတယောက်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်အချို့ သို့
မဟုတ် အားလုံးပျောက်ပျက်သွားသည့်အခါမျိုးတွင် နိုင်ငံတော်အစိုးရကနေ၍ ထို
ကလေးဖြစ်သူ၊ ကိုယ်ရေးကိုယ်တာအချက်များ ပြန်လည်ရရှိနိုင်ရန်အတွက် သင့်
တော်သလို ကူညီမှုများနှင့် ကာကွယ်မှုများပေးရမည်။

ယခုအပိုဒ်တွင်ဖော်ပြထားသော ကလေးများအနေဖြင့် မိမိ၏ကိုယ်ရေး
ကိုယ်တာအချက်များအကြောင်းကို သိရှိရရှိခွင့်ဆိုသော အခွင့်အရေးသည် ယခင်
မည်သည့် လူ့အခွင့်အရေးစာချုပ်တွင်မှ ပါဝင်ခြင်းမရှိသေးသော အခွင့်အရေးတခု
ဖြစ်သည်။ ဤစာချုပ်တွင် ယခုအခွင့်အရေးပါဝင်ခဲ့ရခြင်းမှာ စာချုပ်ရေးဆွဲစဉ်အချိန်

www.burmeseclassic.com

www.burmeseclassic.com


အတွင်း အာဂျင်တီးနားနိုင်ငံမှ အဖွဲ့များကနေ၍ ထိုအချက်ကိုတင်ပြခဲ့၍ ပါဝင်လာခဲ့ခြင်းဖြစ်သည်။ ၁၉၇၆ ခုနှစ်မှ ၁၉၈၂ ခုနှစ်အတွင်း အာဂျင်တီးနားနိုင်ငံကို အာဏာရှင်စနစ် အုပ်စိုးခဲ့စဉ်အတွင်း အစိုးရကိုဆန့်ကျင်သူများအား အစိုးရတပ်များက လျှို့ဝှက်စွာ ဖမ်းဆီးသတ်ဖြတ်ခဲ့သောကြောင့် လူမသိသူမသိ ပျောက်ဆုံးမှုများ အများအပြားဖြစ်ပွားခဲ့သည်။ ထိုသို့ပျောက်ဆုံးသူများထဲတွင် အချို့မှာ ကလေးငယ်များရှိသောမိဘများ၊ အချို့မှာ ဖမ်းဆီးခံနေစဉ်အတွင်း ကလေးငယ်များမွေးဖွားခဲ့ပြီးမှ အသတ်ခံလိုက်ရသော မိခင်များပါဝင်သည်ကို တွေ့ရသည်။ ထိုသို့ မိဘများကို သတ်ဖြတ်ပြီးနောက် ကျန်ရှိခဲ့သောကလေးများကို ဆွေမျိုးများထံသို့ ပြန်လည် ပေးပို့အပ်နှံခြင်းမရှိဘဲ မွေးစားလိုသောသူများထံသို့ စာရင်းမှတ်တမ်းမရှိ လက်လွှတ်စပယ် လွှဲပြောင်းပေးအပ်ခဲ့ကြလေ့ရှိသည်။ ထိုကလေးများကို မွေးစားသူတချို့မှာ ထိုကလေး၏ မိဘများအားသတ်ဖြတ်ရာတွင် တနည်းမဟုတ်တနည်းဖြင့် ပါဝင်ပတ်သက်နေသူများပင် ဖြစ်နေကြသည်ကို တွေ့ရသည်။

အာဂျင်တီးနားနိုင်ငံတွင် ဒီမိုကရေစီစနစ် ပြန်လည်ထွန်းကားလာခဲ့သောအခါတွင် မိဘများနှင့်အတူ ပျောက်ဆုံးသွားသော မြေးဖြစ်သူများအား ပြန်လည်ရှာဖွေနိုင်ရန်အတွက် ပျောက်ဆုံးကလေးများ၏ အဖိုးအဖွားအချို့က တရားဥပဒေအရ ထိုကလေးငယ်များ ပြန်လည်ရှာဖွေနိုင်ရန် ကြိုးပမ်းခဲ့ကြသည်။ တရားမဝင်မွေးစားထားသူများလက်ထဲမှ မိမိတို့နှင့်မြေးတော်စပ်သူများကို ပြန်လည်လွှဲပြောင်းရယူနိုင်ရန်အတွက် ဥပဒေဖြင့် ပြန်လည်ကြိုးပမ်းခဲ့သည်။ အမှုကိစ္စ တော်တော်များများတွင် ထိုအဖိုးအဖွားဖြစ်သူများက မိမိတို့မြေးဖြစ်သူများကို ဆေးပညာအရ သက်သေထူ၍ ပြန်လည်ရှာဖွေနိုင်ခဲ့ပြီး ထိုကလေးများ၏ ဆွေမျိုးရင်းများနှင့် ကလေးများကို ပြန်လည်ဆက်စပ်ပေးနိုင်ခဲ့သည်။ ထိုသို့သောအဖြစ်မျိုးကို လက်တွေ့ကြုံတွေ့ခံစားခဲ့သော အာဂျင်တီးနားနိုင်ငံမှအဖွဲ့များက ကလေးများ၏ ကိုယ်ရေးကိုယ်တာအချက်များကို ကလေးများသိရှိရရှိခွင့် မပါဝင်မချင်း ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာစာချုပ်သည် အနှစ်သာရရှိမည်မဟုတ်ဟု ထောက်ပြခဲ့၍ ဤအပိုဒ်ပါဝင်လာခဲ့ရခြင်းဖြစ်သည်။

ကလေးများ၏ ကိုယ်ရေးကိုယ်တာအချက်များဆိုသည်မှာ မည်သည့်အချက်များကို ဆိုလိုကြောင်း ဤအပိုဒ်တွင် ရှင်းလင်းဖော်ပြထားသည်။ အပိုဒ်

www.burmeseclassic.com

www.burmeseclassic.com



(၈)တွင် ဖော်ပြထားသော ကလေးများ၏ ကိုယ်ရေးကိုယ်တာအချက်များဆိုသည် မှာ အပိုဒ်(၇)တွင်ပါဝင်သော ကလေး၏အခွင့်အရေးများဖြစ်သည့် အမည်နှင့် နိုင်ငံသားဖြစ်ခွင့်ကို ဆိုလိုရုံသာမက မိသားစုတော်စပ်မှုအပါအဝင် အခြားသော ကိုယ်ရေးကိုယ်တာအချက်များ ပါဝင်သည်။ ထို့ကြောင့် ဤအပိုဒ်တွင်ပါဝင်သော ကိုယ်ရေးကိုယ်တာအချက်များဆိုသည်မှာ အပိုဒ်(၇)တွင် ဖော်ပြထားသည့် "က လေးများအနေဖြင့် မိမိတို့မိဘများအား သိရှိပိုင်ခွင့်နှင့် ထိုမိဘများ၏ စောင့်ရှောက် မှုကို ဖြစ်နိုင်သမျှခံယူခွင့်ရှိသည်" ဟူသောအချက်နှင့် အတော်များများ ဆင်တူနေ သည်ကို တွေ့နိုင်သည်။ ထိုအပိုဒ်(၂)ပိုဒ်စလုံးကို ခြုံငုံ၍ပြောရမည်ဆိုလျှင် မိသားစု တော်စပ်မှုဆိုသည်မှာ ကလေးများအနေဖြင့် မိမိ၏မိသားစုများကို သိရှိခွင့်နှင့် မိဘ များသို့မဟုတ် ဆွေမျိုးတော်စပ်သူများ၏ စောင့်ရှောက်မှုကို ခံစားပိုင်ခွင့် စသည့်အ ကြောင်းအရာနှစ်မျိုးကို ဆိုလိုသည်ဟု အကြမ်းအားဖြင့်ဆိုနိုင်သည်။

သာမန်ဖြစ်ရိုးဖြစ်စဉ် အဖြစ်မျိုးတွင်ရှိသော ကလေးအတော်များများအ တွက် မိဘများအားသိရှိခွင့်နှင့် မိသားစုတော်စပ်မှုကို သိရှိခွင့်ဆိုသောအချက်မှာ ထူးခြားလှသော အကြောင်းအရာမဟုတ်သော်လည်း အချို့သောကလေးများအ တွက် အချို့သောအခြေအနေမျိုးတွင် ထိုအချက်မှာ အထူးအရေးကြီးလှသည်။ ဖြစ်နိုင်သည့်အခြေအနေတခုမှာ ကလေးမွေးစားခြင်းပင်ဖြစ်သည်။ မွေးစားခံရသော ကလေးများတွင် မိမိတို့၏မိဘရင်းများကို သိရှိလိုစိတ်၊ မိမိ၏ဆွေမျိုးရင်းချာများကို သိရှိလိုစိတ် ပြင်းထန်စွာရှိတတ်ပါသည်။ စိတ်ပညာရှင်များလည်း မွေးစားခံရသော ကလေးများအား သင့်တော်သောအချိန်နှင့် သင့်တော်သောအခြေအနေမျိုးတွင် ၎င်းတို့၏ မိဘရင်းများအကြောင်း အသိပေးခြင်းသည် ထိုကလေးများအတွက် ကောင်းကျိုးဖြစ်စေသည်ဟု ဆိုကြသည်။ ထိုကလေးမျိုးအတွက် မိမိ၏မိဘများနှင့် မိသားစုတော်စပ်မှုကို သိရှိခွင့်မှာ အထူးအရေးကြီးပေလိမ့်မည်။ ဤအဖြစ်မျိုး နောက်ထပ်ကြုံတွေ့နိုင်သောကလေးများမှာ လက်ထပ်ထိမ်းမြားထားခြင်းမရှိသော မိဘများမှ ပေါက်ဖွားလာသောကလေးများဖြစ်သည်။ ထိုသို့သော ကလေးမျိုးသည် မိမိ၏ ဖခင်မည်သူဖြစ်သည်ကို သိရှိနိုင်ရန်ခက်ခဲနိုင်သည်။ ထို့အပြင် စစ်ပွဲကြောင့်ဖြစ် စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ မိဘများနှင့် တကွဲတပြားဖြစ်ခဲ့ရသော ကလေးများအနေဖြင့်လည်း မိမိ၏မိဘရင်း မည်သူဖြစ်သည်ဆိုသောအချက်ကို



www.burmeseclassic.com

www.burmeseclassic.com


မပြုပြနိုင်ရန် ခက်ခဲနိုင်သည်။ သတိပြုရန်အချက်မှာ မိဘများနှင့် မိသားစုတော်စပ်မှုကို သိရှိခွင့်တွင်လည်း အခြားလူ့အခွင့်အရေးများကဲ့သို့ အဆုံးစွန် မဟုတ်ဘဲ ခြွင်းချက်ရှိသည်ဆိုသော အချက်ပင်ဖြစ်သည်။ ခြွင်းချက်ဆိုသည်မှာ "ကလေးများအတွက် အကောင်းဆုံးအကျိုးကိုကြည့်ရမည်" ဆိုသော အပိုင်းတွင်ဖြစ်သည်။ ထိုသို့ မိဘရင်းများအကြောင်းကို သိရှိသွားခြင်းကြောင့် ထိုကလေးအတွက် စိတ်ပိုင်းဆိုင်ရာ နာကျင်ထိခိုက်ခံစားရမည်ဆိုပါက အချိန်မသင့်မီ အသိမပေးသင့်ပေ။ သို့မဟုတ် ထိုမိဘအကြောင်း သတင်းအချက်အလက်ကို ထိမ်ချန်ထားသည့်ရည်ရွယ်ချက်သည် အခြားသူတဦးအား အန္တရာယ်အယှက်ဖြစ်မည်ကို စိုးရိမ်ခြင်းကြောင့်ဖြစ်ခြင်း သို့မဟုတ် အခြားသူတဦး၏ အမွေအနှစ်ကို ကာကွယ်စေလိုခြင်းကြောင့်ဖြစ်ခြင်းဆိုပါက ကလေး၏မိဘအား သိရှိပိုင်ခွင့်ဆိုသောအချက်ကို ပိုမိုဦးစားပေးရမည်။ မည်သည့်အခြေအနေမျိုးတွင်ဖြစ်စေ ကလေး၏မိသားစုတော်စပ်မှု အကြောင်းအချက်များကို ပျောက်ဆုံးသွားစေခြင်းမရှိဘဲ ကလေးအနေဖြင့် သိသင့်သိထိုက်သော အခြေအနေ၊ အချိန်နှင့် ရင့်ကျက်မှုရှိလာသောအခါတွင် ထိုကလေးအားအသိပေးရမည်ဖြစ်သည်။

မိဘများ သို့မဟုတ် ဆွေမျိုးတော်စပ်သူများ၏ စောင့်ရှောက်မှုကို ခံစားပိုင်ခွင့်ဆိုသောအချက်တွင်လည်း အဆုံးစွန်အထိမဟုတ်ဘဲ ခြွင်းချက်ရှိသည်။ ထိုအချက်နှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံကို ဤစာချုပ်ပါ အပိုဒ်(၉)တွင် ဖော်ပြထားသည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



## အပိုဒ် (၉)

# မိဘများနှင့်ခွဲခွာနေခြင်း



(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် သက်ဆိုင်ရာဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း တရားစီရင်ရေး သုံးသပ်မှုများကိုလုပ်ဆောင်ပြီး ကလေးဖြစ်သူ၏ အကောင်းဆုံးအကျိုးအတွက် မိဘများနှင့်တသီးတခြားစီ ခွဲခွာသင့်သည်ဟု အရည်အချင်းပြည့်မီသော အာဏာပိုင်များကနေ၍ ဆုံးဖြတ်ခြင်းမှလွဲ၍ မည်သည့်အခြေအနေမျိုးတွင်မှ ကလေးအားမိဘများနှင့် သီးခြားခွဲခွာခြင်းမပြုရန် အာမခံရမည်။ ထိုသို့ဆုံးဖြတ်ချက်မျိုးကို မိဘတဦးဦးက စော်ကားခြင်း၊ လျစ်လျူရှုခြင်းခံရသည့်ကလေးမျိုး၊ မိဘများမှာ တသီးတခြားစီ နေထိုင်လျက်ရှိပြီး ကလေးဖြစ်သူနေထိုင်ရမည့်နေအိမ်ကို ဆုံးဖြတ်သတ်မှတ်ရတော့မည့် ကလေးမျိုးကဲ့သို့သော လိုအပ်သည့်အခြေအနေမျိုး၌သာ ဆုံးဖြတ်နိုင်သည်။

(၂) အထက်ပါအပိုဒ်တွင်ဖော်ပြထားသလို ဆုံးဖြတ်လုပ်ကိုင်ရတော့မည်ဆိုလျှင် ထိုအမှုကိစ္စတွင် ပါဝင်သောသူများအားလုံးသည် ထိုလုပ်ထုံးလုပ်နည်းများထဲတွင် ပါဝင်ခွင့်ရှိရမည်ဖြစ်ပြီး ၎င်းတို့၏အယူအဆများကို အများသိစေအောင် ထုတ်ဖော်ပြောခွင့်ရှိရမည်။




www.burmeseclassic.com

www.burmeseclassic.com


(၃) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မိဘတဦးဦးနှင့် သို့မဟုတ် နှစ်ဦးစလုံးနှင့် တသီးတခြားစီခွဲခွာနေရသောကလေးအား ကလေး၏အကောင်းဆုံးအကျိုးနှင့်ဆန့်ကျင်နေ၍ တွေ့ခွင့်မပြုခြင်းမှလွဲပြီး ထိုကလေး၏မိဘနှစ်ဦးစလုံးနှင့် အချိန်မှန်မှန်ကိုယ်ရေးကိုယ်တာ ဆက်သွယ်ခွင့်ကို လေးစားရမည်။

(၄) ထိုသို့သီးခြားခွဲခွာစေပြီးနောက် အစိုးရက ကလေး၏မိဘတဦးဦး သို့မဟုတ် နှစ်ဦးစလုံးကို ဖမ်းဆီးထားခြင်း၊ ထောင်ချထားခြင်း၊ ပြည်နှင်လိုက်ခြင်း၊ တိုင်းပြည်မှထွက်ခွာစေခြင်းနှင့် ထောင်သွင်းဖမ်းဆီးထားစဉ်အတွင်း သေဆုံးသွားခြင်းကို ဖြစ်ပွားခဲ့ပြီးနောက် ထိုသို့ပျောက်ဆုံးသွားသော မိသားစုဝင်ရှိနေသည့်နေရာ အကြောင်းနှင့်ပတ်သက်သည့် အရေးပါသောသတင်းအချက်များကို တောင်းခံလာပါက စာချုပ်အဖွဲ့ဝင်နိုင်ငံအနေဖြင့် မိဘကိုဖြစ်စေ၊ ကလေးဖြစ်သူကိုဖြစ်စေ သင့်လျော်ပါက အခြားမိသားစုဝင်တဦးကိုဖြစ်စေ ထိုသတင်းအချက်များကို ပေးရမည်။ သို့သော် ထိုသတင်းအချက်အလက်ကြောင့် ကလေးဖြစ်သူ၏ဘဝ သာယာချမ်းမြေ့မှုကို ထိခိုက်စေမည်ဆိုပါက ထိုသတင်းကိုမပေးဘဲနေနိုင်သည်။ စာချုပ်အဖွဲ့ဝင် နိုင်ငံများအနေဖြင့် ထိုသို့သတင်းအချက်အလက်များကို သိရှိလို၍ တောင်းခံလာသောသူများကို နောက်ထပ်မည်သည့်အကျိုးဆက်မှ မခံစားရစေရန်အတွက် အာမခံရမည်။

ယခင်အပိုဒ်(၇)တွင်ကလေးများအားမိဘများနှင့်တတ်နိုင်သရွေ့ မခွဲမခွာရန်ဖော်ပြထားသည်ကို လေ့လာခဲ့ရပြီးဖြစ်သည်။ ယခုအပိုဒ်(၉)တွင်တချို့သော အခြေအနေမျိုး၌ ကလေး အနေဖြင့် မိဘဖြစ်သူနှင့် အတူတကွ နေထိုင်ရန် မသင့်တော်သည့် အခြေအနေမျိုးရှိနိုင်ကြောင်း ဖော်ပြထားသည်။ ထိုသို့အခြေအနေမျိုး ပေါ်ပေါက်လာပါက မည်ကဲ့သို့ လုပ်ဆောင်သင့်ကြောင်းနှင့် မည်ကဲ့သို့ ဆုံးဖြတ်သင့်ကြောင်း ယခုအပိုဒ်(၉) တွင် ဖော်ပြထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘများနှင့် ကလေးဖြစ်သူကို သီးသန့်ခွဲခွာစေခြင်းတွင် အရေးအကြီးဆုံးအချက်မှာ ထိုသို့ခွဲခွာပေးခြင်းသည် ကလေးဖြစ်သူ၏ အကောင်းဆုံးအကျိုးအတွက် အမှန်တကယ်လိုအပ်သောကြောင့် လုပ်ဆောင်ရခြင်းဖြစ်ရမည်။ မည်သည့်အခြေအနေမျိုးကို အမှန်တကယ်လိုအပ်သော အခြေအနေမျိုးဟုသတ်မှတ်ရမလဲ ဆိုသော အချက်မှာလွယ်ကူသောအချက်မဟုတ်လှပေ။ တရားဥပဒေအရဆိုရလျှင် "လိုအပ်သောအခြေအနေ"ဆိုသည်မှာ အခြားမည်သည့်နည်းမှ မရှိတော့သည့်အခါ မျိုးဟူ၍ အဓိပ္ပါယ်ဖွင့်နိုင်သည်။ ထို့ကြောင့် ယခုအပိုဒ်တွင်ပါဝင်သော ကလေး၏ အကောင်းဆုံးအကျိုးအတွက် အမှန်တကယ်လိုအပ်နေသော အခြေအနေမျိုးဆို သည်မှာ အခြားမည်သည့်နည်းလမ်းမှ မရှိတော့သည့်အခါမျိုးမှသာ ကလေးအား မိဘဖြစ်သူနှင့် ခွဲခွာထားရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ အကယ်၍ မိဘများနှင့် အတူတွဲထားခြင်းကြောင့် ကလေး၏ အကောင်းဆုံးအကျိုးရှိနိုင်စေမည့် အခြားနည်း လမ်းများရှိနေသေးပါက ကလေးနှင့်မိဘများကို ခွဲခွာစေခြင်းမပြုသင့်ပေ။

ထို့ပြင် ယခုအပိုဒ်တွင် မည်သည့်အခြေအနေ၊ မည်သည့်နည်းလမ်းမျိုးဖြင့် ကလေးအားမိဘများနှင့် ခွဲခွာစေခြင်းပြုလုပ်ရမည်ကို တိတိကျကျသတ်မှတ်ဖော်ပြထားသောဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းရမည်ဟု ဖော်ပြထားသည်။ ကလေးဖြစ်သူအားမိဘများနှင့် တသီးတခြားစီ ခွဲထားရမည်ဟူသော အပြုအမူမှာ အထူးအလေးထားဆောင်ရွက်ရမည့် အပြုအမူမျိုးဖြစ်သဖြင့် နိုင်ငံအတော်များများတွင် ထိုဆုံးဖြတ်ချက်ကို တရားသူကြီးဖြစ်သူကသာ အမိန့်ချနိုင်သည်။ မိဘနှင့်ကလေးအား တသီးတခြားစီခွဲခြင်းကို လူမှုလုပ်သားများနှင့် ရဲတပ်ဖွဲ့က ပြုလုပ်ဆောင်ရွက်ခွင့်ပြုထားသောနိုင်ငံမျိုးတွင် ဥပမာ - ကလေးဖြစ်သူကို မိဘက အပြင်းအထန်ရိုက်နှက်နေခြင်းကို ဝင်ရောက်တားမြစ်ပြီး မိဘနှင့်ကလေးအား တသီးတခြားစီ ခွဲထားခြင်းပြုလာပါက မိဘနှင့်ကလေးအနေဖြင့် ထိုသို့တသီးတခြားခွဲထားခြင်းနှင့်ပတ်သက်၍ တရားရုံးတွင် နောက်ဆုံးအစီရင်ချက်အမိန့် ရယူခွင့်ရှိသည်။

ထိုကဲ့သို့ မိဘနှင့်ကလေးဖြစ်သူအား တသီးတခြားစီခွဲထားရန်အတွက် စီရင်ချက်အမိန့်ချမှတ်ရာတွင် ထိုကိစ္စတွင် ပါဝင်ပတ်သက်နေသောသူများအားလုံး



www.burmeseclassic.com

www.burmeseclassic.com


၏ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားရန်လိုသည်ဟု ယခုအပိုဒ်(၉)တွင် ဖော်ပြထားသည်။ ထိုအမှုတွင်ပါဝင်နေသောမိခင်၊ ဖခင်နှင့် ကလေးဖြစ်သူများအားလုံးမှိမိအယူအဆကို ထုတ်ဖော်တင်ပြခွင့်ရှိသည်။ ထိုသူသုံးဦးသာမက ထိုမိသားစုနှင့်ပတ်သက်နေသောအခြားသူများ ဥပမာ– ကလေးအား စောင့်ရှောက်ထိန်းကျောင်းနေသည့် အဖိုးအဖွားဖြစ်သူများ သို့မဟုတ် မွေးစားမိဘများ၏ အယူအဆများကိုပါလိုအပ်ပါက ပြောဆိုခွင့်ပြုရမည်ဖြစ်သည်။

အကယ်၍ကလေးတဦးကို မိဘနှစ်ဦးစလုံးနှင့်ဖြစ်စေ၊ မိခင် သို့မဟုတ် ဖခင်ဖြစ်သူတဦးဦးနှင့်ဖြစ်စေ တသီးတခြားစီခွဲထားခြင်းခံရပါက ထိုကလေးတွင် ထိုသို့ခွဲထားစဉ်ကာလအတွင်း မိဘနှစ်ဦးစလုံးနှင့် ဆက်သွယ်ခွင့်ရှိသည်။ သို့သော် ထိုသို့ဆက်သွယ်မှုသည် ကလေးဖြစ်သူ၏ အကောင်းဆုံးအကျိုးစီးပွားကို အန္တရာယ်ဖြစ်စေမည်ဆိုပါက ထိုသို့ဆက်သွယ်ခွင့်ကို တားမြစ်နိုင်သည်။

နောက်ဆုံးအနေဖြင့် ယခုအပိုဒ်တွင် မိဘများအကျဉ်းထောင်အတွင်းရောက်ရှိနေ၍ဖြစ်စေ၊ တိုင်းပြည်မှမောင်းထုတ်ခြင်းခံရ၍ဖြစ်စေ၊ ရဲ သို့မဟုတ် စစ်တပ်၏သတ်ဖြတ်ခြင်းခံရ၍ဖြစ်စေ ကလေးဖြစ်သူသည် မိဘများနှင့် တသီးတခြားစီ ခွဲထားခံရခြင်းမျိုးဖြစ်ပါက အစိုးရသည် ထိုကလေးအား ၎င်း၏မိဘများ မည်သို့ဖြစ်ပျက်ခဲ့သည်ကို အသိပေးရမည်ဖြစ်သည်။ ထိုအချက်အား စစ်အာဏာရှင်များ မတရား အုပ်ချုပ်ခဲ့သောနိုင်ငံများက တင်သွင်းခဲ့၍ ယခုကဲ့သို့ပါဝင်လာခြင်းဖြစ်သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com


အပိုဒ် (၁၀)

# မိဘနှင့်ရင်သွေးများ တိုင်းခြားပြည်ခြားတွင်နေထိုင်နေရပါက




(၁) စာချုပ်၏ အပိုဒ်(၉) အပိုဒ်ခွဲ(၁)တွင် ဖော်ပြထားသည့် စာချုပ်အဖွဲ့ဝင်များ၏တာဝန်အရ မိသားစုချင်း ပြန်လည်ပေါင်းဆုံနိုင်ရန် ရည်ရွယ်ချက်ဖြင့် တိုင်းပြည်မှထွက်ခွာခြင်း၊ တိုင်းပြည်တွင်းသို့ ဝင်လာခွင့်တောင်းခံလာခြင်းကို အစိုးရအနေဖြင့် ကောင်းမွန်စွာနှင့် လူသားဆန်စွာ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရမည်။ ထို့ပြင် ထိုသို့လျှောက်ထားသည့်အတွက် လျှောက်ထားသူများနှင့် ထိုသူများ၏ မိသားစုဝင်များအပေါ် မည်သည့်သက်ရောက်မှုများမှ မခံစားရစေရန် အစိုးရက တာဝန်ခံရမည်။

(၂) တိုင်းတပါးတွင်နေထိုင်နေသော မိဘများရှိသည့် ကလေးဖြစ်သူသည် မိဘနှစ်ဦးစလုံးနှင့် အချိန်မှန်မှန်ဆက်သွယ်ခွင့်၊ ကိုယ်ရေးကိုယ်တာကိစ္စများအား တိုက်ရိုက်ဆက်သွယ်ခွင့်ရှိသည်။ စာချုပ်အပိုဒ်(၉) အပိုဒ်ခွဲ(၂) တွင်ဖော်ပြထားသော စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ တာဝန်အတိုင်း ကလေးနှင့်မိဘများ၏ တိုင်းပြည်တွင်းမှ ထွက်ခွာခွင့်နှင့် တိုင်းပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်တို့ကို လေးစား

www.burmeseclassic.com

www.burmeseclassic.com


မည်။ သို့သော် ဥပဒေအရပြဋ္ဌာန်းပိတ်ပင်ထားခြင်း သို့မဟုတ် တိုင်းပြည်၏လုံခြုံရေး၊ လူထုငြိမ်ဝပ်ပိပြားရေး၊ ပြည်သူလူထုကျန်းမာရေး၊ စိတ်ဓာတ်နှင့် အခြားသူများ၏ အခွင့်အရေးနှင့်လွတ်လပ်ခွင့်များအပေါ် ကာကွယ်ရန်အတွက် ထိုသို့ထွက်ခွာမှုကို တားဆီးရန်လိုအပ်နေခြင်း သို့မဟုတ် ထိုထွက်ခွာမှုသည် ယခုစာချုပ်ပါ အခြား အခွင့်အရေးများနှင့် ဆန့်ကျင်နေခြင်းတို့ဖြစ်နေပါက ထိုထွက်ခွာခွင့်ကို ခွင့်မပြုဘဲ နေနိုင်သည်။

ယခုအပိုဒ်တွင်ပါဝင်သော အခွင့်အရေးများ၊ အချက်အလက်များသည် တိုင်းတပါးတွင် သွားရောက်အလုပ်လုပ်နေသော မိဘဖြစ်သူ၏ ကလေးများ၊ သို့မဟုတ် မိသားစုကိုချန်ထားပြီး အခြားတိုင်းပြည်တွင် ဒုက္ခသည်အဖြစ် ခိုလှုံနေသော မိဘများ၏ ရင်သွေးကလေးများ၊ သို့မဟုတ် အိမ်ထောင်ကွဲကွာအပြီး မိဘတဦးဦးက အခြားတိုင်းပြည်တွင် သွားရောက်အခြေချနေထိုင်ရန် ဆုံးဖြတ်လိုက်သော မိဘဖြစ်သူ၏ ကလေးများနှင့် ပတ်သက်သက်ဆိုင်သည်။

ယခုအပိုဒ်သည် ကလေးငယ်များအား အမှန်တကယ် ကောင်းမွန်စွာ ကာကွယ်ပေးနိုင်ခြင်း မရှိလှပေ။ လူ့အခွင့်အရေး ဥပဒေများအရ လူတိုင်းသည် မိမိတိုင်းပြည်အတွင်း လွတ်လပ်စွာသွားလာ အခြေချနေထိုင်ခွင့်ရှိသည်။ အခြားတိုင်းပြည်များသို့လည်း သွားရောက်ခွင့်ရှိသည်ဟု ဆိုထားသော်လည်း ထိုအခွင့်အရေးများတွင် အထူးကန့်သတ်ချက်များ ရှိသည်ကိုတွေ့ရသည်။ နိုင်ငံအတော်များများက မိမိနိုင်ငံအတွင်း ဝင်ရောက်သူများ၏ နိုင်ငံတွင်းဝင်ရောက်ခွင့်အပေါ် ကန့်သတ်ထားမှုအများအပြား လုပ်ဆောင်ထားလေ့ရှိသည်။ မိသားစုဝင်များသည် ထိုနိုင်ငံတွင် အခြေချနေထိုင်လျက်ရှိနေသည့်တိုင် ထိုသူများ၏ အခြားသောမိသားစုများ တိုင်းပြည်အတွင်းဝင်ရောက်ခွင့်ကို အစိုးရမှနေ၍ ပိတ်ပင်ကန့်သတ်မှုများ ကြုံတွေ့ရတတ်သည်။

နိုင်ငံတနိုင်ငံအတွင်း မည်သူဝင်ရောက်ခွင့်ရှိသည်၊ မည်သူဝင်ရောက်ခွင့်မရှိဟူသော ဆုံးဖြတ်ချက်ကိုချနိုင်သူမှာ သက်ဆိုင်ရာအစိုးရသာဖြစ်သည်။ ထိုသို့ ဆုံးဖြတ်ခွင့်ကို မည်သည့်အစိုးရကမှ စွန့်လွှတ်ပစ်လိမ့်မည်မဟုတ်ပါ။ ထို့အတွက်ကြောင့် ယခုအပိုဒ်(၁၀)တွင် လူတိုင်းမိမိတိုင်းပြည်မှ အခြားတိုင်းပြည်သို့ထွက်ခွာ

www.burmeseclassic.com

www.burmeseclassic.com


ခွင့် သို့မဟုတ် ပြန်လာခွင့်ရှိသည်ကို ထပ်လောင်းဖော်ပြထားရုံ သက်သက်သာမက အကယ်၍ မိဘများနေထိုင်လျက်ရှိသောနိုင်ငံသို့ ရင်သွေးကလေးဖြစ်သူက ဝင်ရောက်ခွင့်ဗီဇာ တောင်းခံသည့်အခါမျိုးဖြစ်စေ ရင်သွေးကလေးဖြစ်သူ နေထိုင်လျက်ရှိသောနိုင်ငံသို့ မိဘများက ဝင်ရောက်ခွင့်ဗီဇာတောင်းခံသည့်အခါမျိုးတွင်ဖြစ်စေ သက်ဆိုင်ရာအစိုးရသည် လူသားချင်းစာနာသည့်အနေဖြင့် လျင်လျင်မြန်မြန် အကောင်းဆုံး တုန့်ပြန်ဆောင်ရွက်ပေးရမည်ဟု ဆိုထားသည်။ ဆိုလိုသည်မှာ မိဘများနှင့်ရင်သွေးများ ပြန်လည်ပေါင်းစည်းဆုံတွေ့နိုင်ရန်အတွက် လိုအပ်ပါက အစိုးရသည် ပြည်ဝင်ခွင့်ဗီဇာများ ထုတ်ပေးသင့်ကြောင်း အကြံပေးထားခြင်းဖြစ်သည်။ သို့သော် မည်သူမဆို နိုင်ငံအတွင်းသို့ မဖြစ်မနေ ဝင်ရောက်ခွင့်ရှိသည်ဟု ဤအပိုဒ်က မဆိုထားပါ။

ဤအပိုဒ်တွင် မိဘများနှင့်ကလေးငယ်များသည် ရေခြားမြေခြားနိုင်ငံခြားတွင် တကွဲတပြားနေထိုင်နေရပါက ထိုသူတို့အကြား ပုဂ္ဂလိကဆက်သွယ်မှုများ အချိန်မှန်မှန်ရှိသည်ဟု ယေဘူယျအားဖြင့်ဆိုထားသည်။ ဆိုလိုသည်မှာ မိဘနှင့်ကလေးများသည် ကိုယ်တိုင်ကိုယ်ကျ သွားရောက်လည်ပတ်၍ မရသည့်တိုင်အောင် တဦးနှင့်တဦး အပြန်အလှန်ဆက်သွယ်ခွင့် ရှိသင့်ကြောင်းပင်ဖြစ်သည်။

❖❖❖❖❖


www.burmeseclassic.com

www.burmeseclassic.com



## အပိုဒ် (၁၁)

# ကလေးငယ်အားတိုင်းပြည်အတွင်းမှတရားမဝင်သယ်ဆောင်သွားခြင်း



(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးများအား တရားမဝင်လွှဲပြောင်းခြင်းနှင့် နိုင်ငံခြားသို့ ပြန်လမ်းမရှိခေါ်ဆောင်သွားခြင်းတို့ကို တိုက်ဖျက်နိုင်ရန် လုပ်ကိုင်ဆောင်ရွက်ရမည်။

(၂) ထိုသို့လုပ်နိုင်ရန်အတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံသည် နှစ်နိုင်ငံအကြားနှင့် နိုင်ငံများအကြား သဘောတူညီချက်များ ပေါ်ထွန်းလာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ခြင်းနှင့် တည်ရှိနေပြီးဖြစ်သော သဘောတူညီချက်များအား လက်မှတ်ရေးထိုးခြင်းတို့ကို လုပ်ဆောင်ရမည်။

ယခုခေတ်အချိန်အခါတွင် တနိုင်ငံနှင့်တနိုင်ငံအကြား ကူးသန်းသွားလာမှုများ ရေးကထက် ပိုမိုများပြားလာလျက်ရှိသည်။ နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်လည်ပတ်သူများ၊ နိုင်ငံခြားတိုင်းပြည်များတွင် အခြေချနေထိုင်သူများလည်း ပိုမိုများပြားလာသည်။ ထို့ပြင် လူမျိုးနှင့်နိုင်ငံသားချင်းမတူသော သူများအကြား လက်ထပ်ထိမ်းမြားမှုမှာလည်း မထူးဆန်းတော့သောဖြစ်ရပ်များ ဖြစ်လာခဲ့သည်။ ထိုသို့ လူမျိုးမတူသောသူများ လက်ထပ်ပေါင်းသင်းထားပြီးမှ အဆင်မပြေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကွာရှင်းပြတ်စဲမှုများကိုလည်း တွေ့ကြုံလာခဲ့ကြရသည်။ ထိုအခါမျိုးတွင် မိဘနှစ်ဦးအနက် မည်သူကရင်သွေးဖြစ်သူကို စောင့်ရှောက်ပျိုးထောင်ခွင့်ရှိမလဲဆိုသည့် ပြဿနာ ပေါ်လာတော့သည်။ လူမျိုးမတူသော မိဘနှစ်ဦး ကွာရှင်းပြတ်စဲအပြီး နိုင်ငံခြားတိုင်းပြည်အသီးသီးတွင် ပြောင်းရွှေ့နေထိုင်မည့် အစီအစဉ်ရှိသော အမှုမျိုး၌ ရင်သွေးကိုမည်သူက စောင့်ရှောက်ခွင့်ရှိသည့်အပေါ် ဆုံးဖြတ်ချက်ချခြင်းသည် သာမန်လူမျိုးတူ မိဘနှစ်ဦးအပေါ် ဆုံးဖြတ်ရသည်ထက် ပိုမိုခက်ခဲရှုပ်ထွေးနေတတ်သည်ကို တွေ့နိုင်သည်။

မိဘနှစ်ပါး ကွာရှင်းပြတ်စဲလိုက်ပါက အချို့မိခင် သို့မဟုတ် ဖခင်ဖြစ်သူတဦးဦးကနေ၍ ရင်သွေးကို တရားရုံးတွင် အဆုံးအဖြတ်ခံယူစေခြင်းမရှိဘဲ မိမိနှင့်အတူနေထိုင်စေခြင်းမျိုး လုပ်တတ်သည်။ သို့မဟုတ် တရားရုံးက ကလေးသည် မိခင်ဖခင်နှစ်ဦးအနက်မှ မည်သူနှင့်နေထိုင်ရမည်ဟု စီရင်ချက်ချမှတ်ပြီးသော်လည်း စီရင်ချက်အတိုင်းမလိုက်နာဘဲ နေထိုင်စောင့်ရှောက်ခွင့်မရှိသော မိခင် သို့မဟုတ် ဖခင်က ထိုကလေးအား ယူဆောင်သွားခြင်းမျိုးလည်း ရှိတတ်သည်။ ထိုသို့လုပ်ဆောင်ခြင်းနှစ်မျိုးစလုံးကို မိဘရင်းက ကလေးအားပြန်ပေးဆွဲခြင်းဟု ခေါ်ဝေါ်သတ်မှတ်နိုင်သည်။ ထိုသို့လုပ်ဆောင်ခြင်းမျိုးကို တိုင်းပြည်အတွင်း၌ လုပ်ဆောင်နိုင်သလို ကလေးအားနိုင်ငံခြားတိုင်းပြည်သို့ ခေါ်ဆောင်သွားခြင်းမျိုးလည်း ရှိတတ်သည်။ ကလေးဖြစ်သူကို စောင့်ရှောက်ခွင့်မရှိသော မိဘတဦးဦးက ကလေးအား တိုင်းတပါးသို့ တရားမဝင် ခေါ်ဆောင်သွားသောအမှုမျိုးဖြစ်ပါက ဖြေရှင်းရန် အထူးခက်ခဲရှုပ်ထွေးသွားမည်ဖြစ်သည်။ ထိုအခါ ကလေး၏မူလနိုင်ငံအစိုးရမှ တာဝန်ရှိသော အာဏာပိုင်များနှင့် ကလေးဖြစ်သူ လက်ရှိရောက်ရှိနေသော နိုင်ငံခြားတိုင်းပြည်မှ အာဏာပိုင်များအကြား ပူးပေါင်းလုပ်ဆောင်မှု လိုအပ်လာသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင်လည်း အခက်အခဲများ ကြုံတွေ့ရလေ့ရှိသည်။

ထိုသို့ နိုင်ငံသားမတူသော မိဘနှစ်ဦးအကြား ကလေးဖြစ်သူကို စောင့်ရှောက်ခွင့်အား စီရင်ချက်ချမှတ်ဆုံးဖြတ်ရာတွင် တရားရုံးများသည် မိမိနိုင်ငံသားဖြစ်သူ မိခင် သို့မဟုတ် ဖခင်တဦးဦးကို နိုင်ငံခြားသားမိခင် သို့မဟုတ် ဖခင်ဖြစ်သူထက် ပိုမိုဦးစားပေးလေ့ရှိသည်။ နိုင်ငံခြားသားဖြစ်သူ မိခင် သို့မဟုတ် ဖခင်ဖြစ်သူက ကလေးအား စောင့်ရှောက်ပျိုးထောင်ရန် ပိုမိုအခွင့်အလမ်း အခြေအနေရှိ

www.burmeseclassic.com

www.burmeseclassic.com


သော်လည်း သို့မဟုတ် ကလေးဖြစ်သူက ထိုနိုင်ငံခြားသား မိခင် သို့မဟုတ် ဖခင်အား ပိုမိုသံယောဇဉ်တွယ်တာသော်လည်း တရားရုံးက မိမိနိုင်ငံသားမိခင် သို့မ ဟုတ် ဖခင်ကိုသာ ကလေးစောင့်ရှောက်ပျိုးထောင်ခွင့်ပေးရန် အလေးသာလေ့ရှိ သည်။

ဤအပိုဒ်(၁၁)တွင် ထိုသို့ကွာရှင်းပြတ်စဲထားပြီးဖြစ်ပြီး တရားရုံးတော်က စီရင်ချက်အရ စောင့်ရှောက်ခွင့်မရှိသော မိခင် သို့မဟုတ် ဖခင်ကနေ၍ ကလေးအား တိုင်းပြည်အတွင်းမှ တရားမဝင် ခေါ်ဆောင်သွားခြင်း မပြုနိုင်ရန်အတွက် အစိုးရက လိုအပ်သလို အစွမ်းကုန်ကာကွယ်ပေးရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုသို့လုပ်ဆောင်ရာတွင် ထိုအမှုမျိုးဖြစ်ပွားပါက မည်သည့်နည်းလမ်းဖြင့် ကိုင်တွယ်ဖြေရှင်းရမည်၊ မည်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရမည်ဟူသော အချက်များပါဝင်သည့် သဘောတူညီချက်စာချုပ်များကို အခြားနိုင်ငံများ ပူးတွဲလက်မှတ်ရေးထိုးထားခြင်းမျိုးကိုလည်း လုပ်ဆောင်နိုင်သည်ဟုလည်း ဆိုထားသည်။ ထိုသဘောတူညီချက်များထဲတွင် ကလေးကာကွယ်စောင့်ရှောက်ခွင့်နှင့်ပတ်သက်၍ မည်သည့်တရားရုံးက စီရင်ချက်ချရမည်ဖြစ်ကြောင်းလည်း ပါဝင်ရမည်။ သို့မှသာ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မည်သည့်တရားရုံး၏ စီရင်ချက်ကို အလေးထားလိုက်နာရမည်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း သိနိုင်စေမည့်အပြင် စောင့်ရှောက်ခွင့်မရှိသော မိခင် သို့မဟုတ် ဖခင်က ခေါ်ဆောင်သွားသော ကလေးအား တရားရုံးက စောင့်ရှောက်ရန်ခွင့်ပြုထားသော မိခင် သို့မဟုတ် ဖခင်ထံ ပြန်လည်အပ်နှံရာတွင် လွယ်ကူနိုင်မည်ဖြစ်သည်။

အချို့အမှုများတွင် ကလေးအားရောင်းစားရန် သို့မဟုတ် တနည်းနည်းဖြင့် အမြတ်ထုတ်စေနိုင်းရန်အတွက် နိုင်ငံခြားသို့ တရားမဝင်ခိုးယူသွားသူသည် မိဘနှစ်ပါးအနက် တဦးဦးမှမဟုတ်ဘဲ အခြားသူများဖြစ်လေ့ရှိသည်။ ထိုသို့သော ကိစ္စမျိုးဆိုပါက ဤစာချုပ်ပါ အပိုဒ်(၃၅)နှင့် ပိုမိုသက်ဆိုင်သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



အပိုဒ် (၁၂)

# ကလေးများအယူအဆများကိုလေးစားပေးခြင်း



(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကိုယ်ပိုင်အတွေးအမြင်များ တွေးခေါ်တတ်ပြီဖြစ်သော ကလေးများအား ထိုကလေးအပေါ်သက်ရောက်မှုရှိစေမည့် အရေးကိစ္စများအားလုံးနှင့်ပတ်သက်၍ ထိုကလေး၏အမြင်များကို ထုတ်ဖော်ခွင့်ပြုရမည်။ ထိုသို့တင်ပြချက်အား ထိုကလေး၏အသက်နှင့် ရင့်ကျက်မှုအပေါ်မူတည်၍ လက်ခံရမည်။

(၂) ထို့အတွက်ကြောင့် ကလေးအပေါ်သက်ရောက်မှု အကျိုးရှိစေမည့် တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ကလေးများကြားသိစေနိုင်မည့် အခွင့်အရေးများပေးရမည်။ ထိုသို့အသိပေးရာတွင် ကလေးဖြစ်သူအား တိုက်ရိုက်ဖြစ်စေ၊ ထိုကလေး၏ကိုယ်စားလှယ် သို့မဟုတ် သင့်လျော်သည့်ဌာနကိုဖြစ်စေ တိုင်းပြည်အတွင်း၌ တည်ရှိနေသော ဥပဒေစိုးမိုးရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ အသိပေးရမည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအပိုဒ်တွင် တွေးခေါ်စဉ်းစားတတ်သော အသက်အရွယ်ရှိသော ကလေးဖြစ်ပါက ထိုကလေးငယ်နှင့်သက်ဆိုင်သောကိစ္စမျိုး သို့မဟုတ် ကလေးအပေါ် သက်ရောက်မှုရှိစေမည့် ကိစ္စမျိုးနှင့်ပတ်သက်၍ ထိုကလေး၏အမြင် အယူအဆများကို ထုတ်ဖော်ပြောဆိုနိုင်ရန် အခွင့်အလမ်းပေးရမည်။ ထို့အပြင် ဆုံးဖြတ်ချက်ချမှတ်မည့်သူအနေဖြင့်လည်း ထိုကလေး၏ အယူအဆအမြင်များကို ဆုံးဖြတ်ချက်ချရာတွင် ထည့်သွင်းစဉ်းစားရမည်ဟု ဆိုထားခြင်းဖြစ်သည်။ ကလေး၏အယူအဆအမြင်များကို ထည့်သွင်းစဉ်းစားရမည်ဆိုခြင်းသည် ကလေး၏ဆန္ဒအတိုင်း အလုံးစုံလိုက်လျောရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ယခုအပိုဒ်(၁၂)က ဆုံးဖြတ်ရာ၌ ကလေး၏ အမြင်အယူအဆများကို ထည့်သွင်းစဉ်းစားခြင်းသည် ထိုကလေး၏ အသက်အရွယ်နှင့် ရင့်ကျက်မှုများအပေါ်တည်မှီသည်ဟု ဆိုထားပါသည်။ အသက်အရွယ်ပို ကြီးသော ပိုမိုရင့်ကျက်သောကလေးများ၏ အယူအဆအမြင်များကို ဆုံးဖြတ်ချက်ချရာတွင် ပိုမိုထည့်သွင်းစဉ်းစားရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထိုသို့ကလေး၏ အမြင်များကို ထည့်သွင်းစဉ်းစားရာတွင် ထိုဆုံးဖြတ်ခြင်းနှင့်ပတ်သက်သည့် အခြား သူများ၏ အမြင်အယူအဆများ၊ အခက်အခဲအန္တရာယ်များ၊ ကုန်ကျမည့် အခြားအ ချက်များကိုလည်း ထည့်သွင်းစဉ်းစားပြီး ဆုံးဖြတ်ရမည်ဟု ယခုအပိုဒ်တွင် ဆိုထား ပါသည်။ ထိုအခွင့်အရေးသည် အလွန်ကျယ်ပြန့်လှသော အခွင့်အရေးဖြစ်ပြီး ကလေး နှင့်ပတ်သက်သော နေ့စဉ်သာမန်အရေးကိစ္စများနှင့်ပါ သက်ဆိုင်နေလျက်ရှိပါသည်။

နေ့စဉ်သာမန်မဟုတ်သော အရေးကိစ္စများနှင့်ပတ်သက်၍ ယခုအပိုဒ်၏ အပိုဒ် ခွဲ(၂)တွင် အသေးစိတ်ဖော်ပြထားသည်။ ကလေးနှင့်ပတ်သက်၍ ဥပဒေအရ ဆုံးဖြတ်ချက်များ ချမှတ်တော့မည်ဆိုပါက ထိုအကြောင်းအရာနှင့် ပတ်သက်သည့် အကြောင်းအရာများကို ကလေးဖြစ်သူသည် ကိုယ်တိုင်ဖြစ်စေ ကိုယ်စားလှယ်ဖြစ်သူကတဆင့်ဖြစ်စေ သိရှိကြားနာခွင့်ရှိသည်ဟု ဆိုထားသည်။ ထိုသို့သိရှိကြားနာခွင့်တွင် တရားရုံး၏စီရင်ချက်အမိန့်များကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ ကလေးနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချသော ကျောင်းအုပ်ချုပ်ရေးဆုံးဖြတ်ချက်များ သို့မဟုတ် လူမှုဖူလုံရေးအေဂျင်စီများ၏ ဆုံးဖြတ်ချက်များကိုပါ ဆိုလိုပါသည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

အပိုဒ် (၁၃)

# လွတ်လပ်စွာထုတ်ဖော်တင်ပြခွင့်နှင့် သတင်းများရယူခွင့်



(၁) ကလေးတို့တွင် လွတ်လပ်စွာထုတ်ဖော်တင်ပြခွင့်ရှိသည်။ ထို သ ထုတ်ဖော်တင်ပြရာတွင် နယ်ခြားသတ်မှတ်ခြင်းမရှိဘဲ သတင်းများနှင့် အယူအဆ အမျိုးမျိုးတို့ကို နှုတ်ဖြင့်ဖြစ်စေ၊ ရေးသား၍ဖြစ်စေ၊ ပုံနှိပ်၍ဖြစ်စေ၊ အနုပညာဖြ ဖြစ်စေ၊ သို့မဟုတ် ကလေးများရွေးချယ်ထားသော အခြားသတင်းပုံစံများဖြင့်ဖြ စေ ရှာဖွေ၊ လက်ခံ၊ ဖြန့်ဖြူးခြင်းတို့ ပါဝင်သည်။

(၂) ဤအခွင့်အရေးများကို အသုံးချရာတွင် အချို့နေရာများတွင် က သတ်ချက်ရှိသည်။ သို့သော် ထိုကန့်သတ်ချက်များကို ဥပဒေတွင် ဖော်ပြထားမြ ထားပြီး လိုအပ်မှသာ ကန့်သတ်မှုပြုလုပ်နိုင်မည်။

(က) အခြားအခွင့်အရေးများ လေးစားမှုနှင့် အခြားသူများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသောအခါ



www.burmeseclassic.com

www.burmeseclassic.com


(ခ) နိုင်ငံတော်လုံခြုံရေး၊ လူထုစည်းကမ်းသေဝပ်ရေး သို့မဟုတ် လူထုကျန်းမာရေး သို့မဟုတ် လူထုစာရိတ္တကို ပျက်ပြားထိခိုက်စေသောအခါ ယခုအခွင့်အရေးအပေါ် ကန့်သတ်မှုများလုပ်ဆောင်နိုင်သည်။

လွတ်လပ်စွာထုတ်ဖော်တင်ပြခွင့်ဆိုသည်မှာ မိန့်ခွန်းပြောခြင်း၊ ရေးသားထုတ်ဝေခြင်း၊ အနုပညာဖြင့်တင်ပြခြင်းတို့အပြင် ကလေးငယ်များရွေးချယ်ထားသော အခြားမည်သည့် သတင်းပုံစံအမျိုးမျိုးကတဆင့်ဖြစ်စေ သတင်းအချက်အလက်များနှင့် အယူအဆအတွေးအခေါ် အမျိုးမျိုးတို့ကို ထုတ်ဖော်တင်ပြခွင့်အားဆိုလိုခြင်းဖြစ်သည်။

လွတ်လပ်စွာ ထုတ်ဖော်တင်ပြခြင်းဆိုရာတွင် နည်းလမ်းနှစ်မျိုးရှိသည်။ ပြောဆိုခြင်း၊ ရေးသားခြင်း၊ သီချင်းသီဆိုခြင်းနှင့် ဖြေဖျော်တင်ဆက်ခြင်းတို့ကတဆင့် မိမိအယူအဆကို ထုတ်ဖော်တင်ပြခြင်းလည်းရှိသလို ထိုပုံစံအရာများကို နားထောင်ခြင်း၊ ဖတ်ရှုခြင်း၊ ကြည့်ရှုခြင်းဖြင့် အခြားသူများ၏ အယူအဆများကို သိရှိစေခြင်းမှာလည်း လွတ်လပ်စွာထုတ်ဖော်တင်ပြခြင်းဖြစ်သည်။ ထို့ကြောင့် ယခုအပိုဒ်တွင် ကလေးများသည် သတင်းအချက်အလက်များနှင့် အယူအဆများကို ရှာဖွေလက်ခံခွင့်ရှိကြပြီး ထိုသို့သတင်းများ၊ အယူအဆများ ပြန့်နှံ့ခြင်းအပေါ် အစိုးရက အနှောက်အယှက်မပြုရန် ဆိုထားသည်။

ယခုအပိုဒ်ပါ အခွင့်အရေးမှာလည်း အခြားသောအခွင့်အရေးများနည်းတူ ကန့်သတ်ချက်များရှိသည်ကို တွေ့ရသည်။ အပိုဒ်(၁၃)အရ လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်တွင် ကန့်သတ်ချက်နှစ်မျိုးရှိသည်။ ပထမအချက်မှာ လွတ်လပ်စွာထုတ်ဖော်တင်ပြခွင့်ရှိသော်လည်း ထိုတင်ပြချက်သည် အခြားသူ၏ ဂုဏ်သိက္ခာအပါအဝင် အခြားအခွင့်အရေးများကို ထိခိုက်နစ်နာစေမှုရှိပါက ထိုလွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်ကို အခွင့်ကောင်းယူ အသုံးမချရဟူ၍ ပိတ်ပင်ထားသည်။ ထိုပိတ်ပင်ကန့်သတ်ချက်သည် ကလေးလူကြီးနှစ်မျိုးစလုံးနှင့် အကျုံးဝင်သည်။ ဤအခွင့်အရေးကို အသုံးချ၍ လူတဦးတယောက်အကြောင်းအား မမှန်မကန်ရေးသား၊ ထုတ်ဝေပြောဆိုမှုကြောင့် ထိုသူ၏ဂုဏ်သိက္ခာ ထိခိုက်နစ်နာစေခြင်းမျိုး မဖြစ်စေရန် သခုကဲ့သို့ ကာကွယ်ပေးထားခြင်းဖြစ်သည်။

www.burmeseclassic.com

နောက်ထပ်အချက်မှာ အများပြည်သူတို့၏ ကျန်းမာရေး၊ စိတ်ဓာတ် စာရိတ္တနှင့် နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးတို့ကို ထိခိုက်စေမည့် အကြောင်း အရာများကို ထုတ်ဖော်ပြောဆိုခြင်းမပြုရ ဟူသောအချက်ဖြစ်သည်။ ယခုအချက် သည်လည်း ပထမအချက်ကဲ့သို့ပင် ကလေးလူကြီးနှစ်မျိုးစလုံးနှင့် အကြုံးဝင်သည် ဤအချက်နှင့်ပတ်သက်၍ ဥပမာအားဖြင့်...

- ❑ ကာကွယ်ဆေးများထိုးခြင်းသည် အန္တရာယ်ဖြစ်စေသည်ဟု လူအများအား ခြောက်လှန့်ပြောဆိုခြင်း၊
- ❑ တရားမဝင်ရောင်းချသောဆေးဝါးများ မည်သို့ဝယ်ယူအသုံးချရသည်ကို လူအများအားနည်းလမ်းပေးခြင်း၊
- ❑ ဘာသာရေးအား ထိခိုက်စေမည့် ဘာသာရေးခေါင်းဆောင်များ၊ ဘာ သာရေးအဆောက်အဦးများကို မသင့်မလျော်သုံးစွဲပုံနှိပ်ခြင်း၊
- ❑ ပြည်သူလူထုအကြား စိုးရိမ်အထိတ်တလန့်ဖြစ်စေမည့် မမှန်မကန်သည့် ကောလဟာလများအား လုပ်ကြံပြောဆိုခြင်း၊
- ❑ နိုင်ငံတော်၏ ထိပ်တန်းလျှို့ဝှက်ချက်များကိုခိုးယူခြင်း စသည်တို့ဖြစ်သည်။

အချို့သော နိုင်ငံတကာလူ့အခွင့်အရေးများတွင် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို လူမျိုးရေး၊ ဘာသာရေး မုန်းတီးမှုများဖြစ်ပေါ်အောင် လှုံ့ဆော်သည့် အနေဖြင့် သို့မဟုတ် စစ်ပွဲဆင်နွှဲရန် လှုံ့ဆော်သောအနေဖြင့် အသုံးမပြုရဟူ၍ ကန့် သတ်ထားသည်ကို တွေ့နိုင်သည်။

❖❖❖❖❖




www.burmeseclassic.com

www.burmeseclassic.com


အပိုဒ် (၁၄)

# လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်



(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးများ၏ လွတ်လပ်စွာတွေးခေါ်မှုနှင့်၊ ယုံကြည်သက်ဝင်ခွင့်နှင့် ဘာသာကိုးကွယ်ခွင့်တို့ကို လေးစားရမည်။

(၂) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ယခုအပိုဒ်ပါ အခွင့်အရေးများကို ကလေးများ ကျင့်သုံးနိုင်စေရေးအတွက် ကလေး၏ကြီးပြင်းဖွံ့ဖြိုးလာမှုနှင့်အညီ လိုအပ်သောလမ်းညွှန်မှုများ ပြုလုပ်ပေးနိုင်သည့် မိဘများ သို့မဟုတ် တရားဝင်အုပ်ထိမ်းသူများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို လေးစားရမည်။

(၃) ဘာသာတခုအား ကိုးကွယ်မှု၊ ယုံကြည်မှုတို့သည် အများပြည်သူကျန်းမာရေး၊ ငြိမ်ဝပ်ပိပြားရေး၊ လူထု၏စိတ်ဓာတ်စာရိတ္တ၊ လုံခြုံရေးနှင့် အခြားသူတပါးတယောက်၏ အခွင့်အရေးနှင့် လွတ်လပ်မှုတို့ကို ထိခိုက်အနှောက်အယှက်ဖြစ်စေပါက ဥပဒေတွင်ဖော်ပြထားပြီး လိုအပ်မှသာ ကန့်သတ်မှုပြုလုပ်နိုင်မည်။

ကလေးများ၌ လွတ်လပ်စွာတွေးခေါ်ယုံကြည်ကိုးကွယ်ခွင့်ရှိသည်ဟု ယခုအပိုဒ်တွင် ဖော်ပြထားသည်။ ယေဘူယျအားဖြင့် လွတ်လပ်စွာကိုးကွယ်ခွင့်တွင် အကြောင်းအရာသုံးမျိုး ပါဝင်နေလျက်ရှိသည်။ ထိုသုံးမျိုးမှာ လွတ်လပ်စွာယုံကြည်သက်ဝင်ခွင့်၊ လွတ်လပ်စွာဘာသာရေးဝတ်ပြုခွင့်နှင့် ဘာသာတခုမှအခြားတခုသို့ လွတ်လပ်စွာ ပြောင်းလဲကိုးကွယ်ခွင့် တို့ဖြစ်သည်။ အချို့လူများအနေဖြင့် မည်သည့်ဘာသာကိုမှ မကိုးကွယ်သလို အခြားသူများက ကိုးကွယ်စရာမဟုတ်ဟု သတ်


www.burmeseclassic.com

www.burmeseclassic.com


မှတ်ထားသောအရာများကို ကိုးကွယ်သူများလည်းရှိသည်။ လူ့အခွင့်အရေး ရှု ထောင့်က ကြည့်ရမည်ဆိုလျှင် ထိုသို့ မည်သည့်ဘာသာမှ မကိုးကွယ်သူများနှ အခြားသူများက ကိုးကွယ်စရာမဟုတ်ဟု သတ်မှတ်ထားသည့်အရာများကို ကိုး ကွယ်သူများသည်လည်း ဘာသာရေးကို သက်ဝင်ယုံကြည်သော သူများကဲ့သို့ ဆုံ ဖြတ်ရွေးချယ်ပိုင်ခွင့်ရှိသည်။ ထိုသူတို့၏ ရွေးချယ်မှုမှာလည်း ဘာသာတရားကို ကိုးကွယ်ယုံကြည်သောသူများ၏ ရွေးချယ်မှုကဲ့သို့ပင် အရေးကြီးပါသည်။ ထို့အ တွက်ကြောင့် ယခုအပိုဒ်(၁၄)တွင် လွတ်လပ်စွာ တွေးခေါ်ယုံကြည်ခွင့်နှင့် လွတ် လပ်စွာကိုးကွယ်ခွင့်တို့ကို ကာကွယ်ထားပေးခြင်းဖြစ်သည်။

လူတဦးတယောက်အား ဘာသာရေးတခုခုကို သက်ဝင်ယုံကြည်စေ အောင်နှင့် ကိုးကွယ်လာအောင်လုပ်ဆောင်ရန်မှာ လွယ်ကူသောအချက်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် လူတယောက်၏ စိတ်သဘောထားကို ထိမ်းချုပ်နိုင်ရန်မှာ မဖြစ်နိုင်သော အလုပ်ဖြစ်သောကြောင့်ပင်။ သို့သော် မိမိယုံကြည်ရာအတိုင်း ကိုး ကွယ်သည့်သူများ သို့မဟုတ် အစိုးရက မှားယွင်းသောဘာသာအယူဝါဒဟု သတ် မှတ်ထားသောဘာသာကို ကိုးကွယ်သူများအား အပြစ်ပေးဖိနှိပ်မှုများ လုပ်ဆောင် နေသော အစိုးရများရှိနေလျက်ပင်ဖြစ်သည်။ တချို့အစိုးရများ၏ ဘာသာတခုထက် အခြားဘာသာတခုအပေါ် ပိုမိုချီးမြှောက်အားပေးပြီး ကျန်ဘာသာများကို ကန့် သတ်ချုပ်ချယ်မှုများ လုပ်ဆောင်သည်ကိုလည်း တွေ့နိုင်သည်။ ကန့်သတ်ပိတ်ပင် ထားသော ဘာသာရေးကို ကိုးကွယ်သူများအား အစိုးရက ထောင်သွင်းအကျဉ်းချ ခြင်းမျိုး မလုပ်ဆောင်သော်လည်း တခါတရံ ထိုသူများအား အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်ခွင့်မပြုသည့် အပြုအမူမျိုးကိုလည်း တချို့အစိုးရက လုပ်ဆောင် လေ့ရှိသည်။ ထိုသူများက မွေးဖွားလာသော ကလေးငယ်များကို အချို့ကျောင်း များတွင် တက်ရောက်ပညာသင်ခွင့် မပြုသည့်အဖြစ်မျိုးလည်းရှိသည်။ ထိုသို့ ဘာ သာရေး ယုံကြည်ကိုးကွယ်မှုကို အကြောင်းပြု၍ ခွဲခြားဖိနှိပ်အပြစ်ပေးခြင်းပုံစံ၊ နည်း လမ်းအမျိုးမျိုးသည် ယခုအပိုဒ်ပါလွတ်လပ်စွာ တွေးခေါ်ယုံကြည်ကိုးကွယ်ခွင့်ကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။ ကလေးများအား သူတို့ကိုးကွယ်သည့် ဘာသာရေးမ ဟုတ်သော အခြားဘာသာများကို အတင်းအကြပ်လေ့လာစေခြင်း၊ ဘာသာရေးပွဲ တော်များတွင် အတင်းအကြပ် ပါဝင်စေခြင်းတို့သည်လည်း လွတ်လပ်စွာကိုးကွယ်

www.burmeseclassic.com

www.burmeseclassic.com


နှင့်ကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။ ဤအပိုဒ်ပါ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် သည်၊ မည်သို့သောအခြေအနေမျိုးတွင်မှ စော်ကားချိုးဖောက်ခြင်းမပြုရဟု သတ်မှတ်ထားခံရသော လူ့အခွင့်အရေးအမျိုးအစားထဲတွင် ပါဝင်သောအခွင့်အရေးတမျိုးဖြစ်သည်။ မည်သည့်အချက်၊ အခြေအနေမျိုးမှ ခြွင်းချက်ဖြင့် ကန့်သတ်ပိတ်ပင်ခြင်းမပြုနိုင်သော အခွင့်အရေးလည်းဖြစ်သည်။ သို့ရာတွင် ဘာသာရေးကျင့်စဉ်များကို ကျင့်သုံးရာတွင် အများပြည်သူကျန်းမာရေး၊ ငြိမ်ဝပ်ပိပြားရေး၊ လူထု၏စိတ်ဓာတ်စာရိတ္တ၊ လုံခြုံရေးနှင့် အခြားသူတဦးတယောက်၏ အခွင့်အရေးနှင့် လွတ်လပ်မှုတို့ကို ထိခိုက်အနှောက်အယှက်ဖြစ်စေမည့် ဘာသာရေးကျင့်စဉ်များအပေါ် ကန့်သတ်မှုများ ပြုလုပ်နိုင်သည်။ ဥပမာ – ဘာသာရေးကျင့်စဉ်တခုက ယဇ်ပူဇော်သည့်အစဉ်အလာဖြစ်နေပါက ထိုသို့သောကျင့်စဉ်ကို တားမြစ်ကန့်သတ်ပိုင်ခွင့်ရှိသည်။

အခြားသော လူ့အခွင့်အရေးဥပဒေများတွင် လူတဦးသည် မိမိကိုးကွယ်သည့်ဘာသာတခုမှ အခြားဘာသာသို့ ကူးပြောင်းခွင့်ကို ခွင့်ပြုထားသည်။ သို့သော် ထိုအချက်ကို နိုင်ငံတိုင်းရှိ အစိုးရတိုင်းက ခွင့်ပြုခြင်းမရှိသေးချေ။ နိုင်ငံတော်က သတ်မှတ်ထားသော တရားဝင်ဘာသာတခုကို မကိုးကွယ်ခြင်းသည် အချို့နိုင်ငံများတွင် အထူးကြီးလေးသော ရာဇဝတ်မှုမျိုးဖြစ်သည်။ အချို့နိုင်ငံများတွင် ဘာသာရေးအစွန်းရောက်ဂိုဏ်းများ ပေါ်ပေါက်သည့်အဖြစ်မျိုးကိုလည်း ကြုံတွေ့ရတတ်သည်။ ထိုသို့သောဂိုဏ်းများက ကလေးငယ်များအား မိဘနှင့်အဆက်အသွယ်အားလုံးဖြတ်တောက်ကာ ထိုအစွန်းရောက် ဘာသာရေးအကျင့်များကို လိုက်နာရန်နှင့် ဘာသာရေးအကြောင်းပြ၍ အမြတ်ထုတ်လေ့ရှိသည်။ ထို့အတွက်ကြောင့် ယခုအပိုဒ်တွင် ကလေးငယ်များအား မိမိယုံကြည်ရာ ကိုးကွယ်ခွင့်နှင့် ဘာသာကူးပြောင်းခွင့်တို့ ခွင့်ပြုရမည်ဟု မဆိုထားပါ။ သို့သော် စာချုပ်ပါအပိုဒ်(၅)တွင် ဖော်ပြထားသည့်အတိုင်း ကလေးများ၏ တွေးခေါ်ယုံကြည်သက်ဝင်ခွင့် ကျင့်သုံးမှုနှင့်ပတ်သက်၍ မိဘများအနေဖြင့် မိမိတို့ရင်သွေးများအား သင့်လျော်သော လမ်းညွှန်ထိမ်းကျောင်းမှုများ ပြုလုပ်ပေးရမည်ဟု ဤအပိုဒ်(၁၄)တွင်ဖော်ပြထားသည်။ ထို့ကြောင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်မှုတွင် ကလေးသူငယ်တဦး၏ လွတ်လပ်ခွင့်သည် အရွယ်ရောက်သောသူတဦး၏ လွတ်လပ်ခွင့်လောက် ကျယ်ကျယ်ပြန့်ပြန့် ရှိသည်ကို တွေ့နိုင်သည်။

❖❖❖❖❖❖

www.burmeseclassic.com


အပိုဒ် (၁၅)

# လွတ်လပ်စွာအဖွဲ့အစည်းဖွဲ့စည်းခွင့်နှင့်စုဝေးခွင့်



(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးများ၏လွတ်လပ်စွာ အဖွဲ့အစည်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်တို့ကို အသိအမှတ်ပြုရမည်။

(၂) ထိုအခွင့်အရေးများကို ကျင့်သုံးမှုအပေါ် မည်သည့်ပိတ်ပင်မှုမှ မလုပ်ဆောင်ရ။ သို့သော် ထိုကျင့်သုံးမှုသည် နိုင်ငံတော်လုံခြုံရေး၊ ပြည်သူလူထုလုံခြုံရေး၊ ပြည်သူလူထု စည်းကမ်းသေဝပ်ရေး၊ အများပြည်သူကျန်းမာရေး၊ စိတ်ဓာတ်စာရိတ္တနှင့် အခြားသူတဦးတယောက်၏ အခွင့်အရေးနှင့် လွတ်လပ်မှုတို့ကို ထိခိုက်အနှောက်အယှက်ဖြစ်စေပါက ဥပဒေဖြင့် ဖော်ပြတားမြစ်ထားပြီး လိုအပ်မှသာ ကန့်သတ်မှု ပြုလုပ်နိုင်မည်။

ယခုအပိုဒ်တွင် ကလေးများ၏ လွတ်လပ်စွာ အဖွဲ့အစည်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်တို့ကို အသိအမှတ်ပြုထားသည်။ လူ့အခွင့်အရေးဥပဒေများအရ လွတ်လပ်စွာ အဖွဲ့အစည်းဖွဲ့စည်းခွင့်ဆိုသည်မှာ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ကလပ်များတွင် ပါဝင်ခွင့်သာမက ထိုအသင်းအဖွဲ့အသစ်များ ဖွဲ့စည်းခွင့်

www.burmeseclassic.com

www.burmeseclassic.com

လည်း ပါဝင်သည်။

အဖွဲ့အစည်းများသို့ ဝင်ရောက်ခွင့်တွင် တရားမဝင်ဖွဲ့စည်းထားသော အဖွဲ့များမဟုတ်ပါက မည်သည့်အဖွဲ့ကိုမဆို လွတ်လပ်စွာဝင်ရောက်ခွင့် ပြုထားသည်။ တရားမဝင် ဖွဲ့စည်းထားသော အဖွဲ့ဆိုသည်မှာ ဥပမာအားဖြင့် အစိုးရအားပုန်ကန်ရန် ရည်ရွယ်၍ဖွဲ့ထားသောအဖွဲ့များ၊ မူးယစ်ဆေးဝါးသုံးစွဲပျော်ပါးရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့ထားသောအဖွဲ့များ၊ ခွဲခြားဖိနှိပ်မုန်းတီးမှုအား လှုံ့ဆော်ရန်အတွက်အဖွဲ့များ စသည်တို့ကို ဆိုလိုခြင်းဖြစ်သည်။

လွတ်လပ်စွာအဖွဲ့အစည်းဖွဲ့စည်းခွင့်တွင် သီးခြားလွတ်လပ်စွာ ဖွဲ့စည်းထားသော အဖွဲ့အစည်းအုပ်စုများ၏ အရေးကိစ္စများအား အစိုးရက ပါဝင်စွက်ဖက်ခြင်းမပြုရ ဟူသောအချက်လည်း ပါဝင်သည်။ ထိုသို့ ဖွဲ့စည်းထားသောအဖွဲ့များသည် ကိုယ်ပိုင်စည်းကမ်းများချမှတ်ခွင့်၊ ဦးဆောင်သူများကို ကိုယ်ပိုင်ဆန္ဒဖြင့် ရွေးချယ်ခွင့်၊ မိမိတို့ရည်မှန်းထားသော လုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်တို့ ရရှိရမည်။ ထို့ပြင် မည်သူတဦးတယောက်ကိုမှ ထိုသူ၏ဆန္ဒမပါဘဲ အဖွဲ့အစည်းတခုအတွင်းသို့ အတင်းအကြပ် ဝင်ရောက်စေခြင်းမပြုနိုင်ရန် အစိုးရက ကာကွယ်ပေးရမည်ဖြစ်သည်။

ယေဘူယျအားဖြင့် အဖွဲ့အစည်းတခုခု သို့မဟုတ် ထိုအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်တစုံတရာကြောင့် အခြားသူတဦးဦးကို ထိခိုက်နစ်နာစေခြင်း သို့မဟုတ် အခြားသူတဦးတယောက်၏ အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်ပါက ထိုအဖွဲ့သို့မဟုတ် အဖွဲ့ဝင်များမှ တာဝန်ခံရလေ့ရှိသည်။ သို့ရာတွင် ကလေးသူငယ်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းမျိုးတွင် ထိုကဲ့သို့ လွယ်လွယ်ဖြင့် တာဝန်ခံနိုင်ရန် မလွယ်ကူလှပါ။ ကလေးများဖြစ်နေသည့်အားလျော်စွာ ထိုသို့ထိခိုက်နစ်နာ ပျက်စီးသွားသည့်အချက်ကြောင့် ကလေးများအား တရားဥပဒေအရ တာဝန်ခံစေခြင်းမပြုနိုင်ပါ။ အကယ်၍



www.burmeseclassic.com



က လေးကြောင့် အခြားသူတဦး ထိခိုက်နစ်နာသွားပြီး ထိုထိခိုက်နစ်နာသူအတွက် လျော်ကြေးပေးရန် တရားရုံးက ခိုင်လုံသောစီရင်ချက်ချလိုက်ပါက ကလေး၏မိဘ ကဖြစ်စေ ထိုသို့ထိခိုက်နစ်နာသွားစေသည့် အချိန်ကာလအတွင်း ကလေးအား ထိန်းကျောင်းကွပ်ကဲနေသည့် တာဝန်ရှိသူကဖြစ်စေ ထိုထိခိုက်နစ်နာသွားသူအ တွက် လျော်ကြေးပေးရမည်ဖြစ်သည်။ ထို့အတွက်ကြောင့် ကလေးများဖြင့် ဖွဲ့စည်း ထားသော ကလပ်များ၊ အဖွဲ့များအချို့တွင် ထိုသို့ မတော်တဆထိခိုက်စေမှုများ ဖြစ်လာပါက တာဝန်ခံနိုင်မည့် အရွယ်ရောက်ပြီးသူအချို့ ပါဝင်နေတတ်သည်။

လွတ်လပ်စွာ စုဝေးခွင့်ဆိုသည်မှာ လူထုအများပါဝင်သော စည်းဝေးပွဲများ၊ စုဝေးပွဲများ၊ ဆန္ဒပြပွဲများတွင်ပါဝင်ခွင့်၊ စီစဉ်ကျင်းပခွင့်တို့ကို ဆိုလိုခြင်းဖြစ်သည်။ ယခုအပိုဒ်တွင်ပါဝင်သော လွတ်လပ်စွာအဖွဲ့အစည်းများတွင် ပါဝင်ခွင့်ကို ကန့်သတ် မှုများထက် ယခုစုဝေးခွင့်အပေါ် ကန့်သတ်ချက်များ ပိုမိုများပြားလေ့ရှိသည်။ အ ဘယ်ကြောင့်ဆိုသော် အစိုးရနှင့်တာဝန်ရှိသူများက လူထုစုဝေးပွဲများ၊ ဆန္ဒပြပွဲများ သည် နိုင်ငံတော်က ချမှတ်ထားသော လုံခြုံရေးစည်းကမ်းများအပေါ် ထိခိုက်စေနိုင် သည်ဟု အကြောင်းပြ ငြင်းပယ်လေ့ ရှိသောကြောင့်ဖြစ်သည်။ သို့သော် အခြားသူ များ၏လွတ်လပ်ခွင့်နှင့် လုံခြုံရေးကို မထိခိုက်အောင် ကြိုတင်ပြင်ဆင်ထားသော ငြိမ်းချမ်းသည့်နည်းဖြင့် စုဝေးစည်းဝေးပွဲများကိုမူ ပိတ်ပင်၍မရနိုင်ပါ။

❖❖❖❖❖


www.burmeseclassic.com

www.burmeseclassic.com



အပိုဒ် (၁၆)

# ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်



(၁) မည်သည့်ကလေး၏ ကိုယ်ရေးကိုယ်တာ၊ မိသားစု၊ နေအိမ်နှင့် စာပေးစာယူ ကိုယ်ပိုင်လွတ်လပ်ခွင့်ကိုမှ စိတ်ထင်တိုင်း သို့မဟုတ် တရားဥပဒေမဲ့ ဝင်ရောက်စွက်ဖက်ခြင်းမပြုရ။ ထို့ပြင် ထိုကလေးငယ်၏ ဂုဏ်သိက္ခာအား တရားဥပဒေမဲ့ တိုက်ခိုက်ခြင်းမပြုရ။

(၂) ထိုသို့ဝင်ရောက်စွက်ဖက်မှုများ သို့မဟုတ် တိုက်ခိုက်မှုများအား ဥပဒေအရ ကာကွယ်ပေးမှုကို ခံစားနိုင်ခွင့် ကလေးတွင်ရှိသည်။

ဤအပိုဒ်(၁၆)တွင် ကလေးများ၏ ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်ကို ဖော်ပြထားသည်။ ယခုအပိုဒ်တွင် ပါဝင်သောအခွင့်အရေးသည် ယခုမှပေါ်လာသော အခွင့်အရေး အသစ်အဆန်းမဟုတ်ပေ။ ကလေးများနှင့် နီးစပ်မှုရှိသော ဆရာ၊ ဆရာမများ၊ လူမှုလုပ်သားများသည် ကလေးများနှင့် ပတ်သက်သော ကိုယ်ရေးကိုယ်တာ သတင်းအချက်များကို လူအများမသိစေဖို့ ကာကွယ်ပေးရန် တာဝန်ရှိသည်။ တရားရုံးတော်တွင် ကလေးငယ်တဦးသည် တရားခံအနေဖြင့်ဖြစ်စေ ကျူးလွန်ခံရသော သူအနေဖြင့်ဖြစ်စေ ပါဝင်ပတ်သက်နေပါက ထိုအမှုအကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



လူအများကြားနာခွင့်မရှိသလို ထိုအမှုအကြောင်း လူအများသိအောင် လုပ်ဆောင်ခြင်းမပြုရပေ။

ထို့ပြင် အပိုဒ်(၁၆)တွင် ကလေးများ၏ နေအိမ်နှင့် စာများအား တရားမဝင်နှင့် စိတ်ထင်တိုင်း ဝင်ရောက်စွက်ဖက်ခြင်းကို ကာကွယ်ပေးရန် ဆိုထားသည်။ ဆိုလိုသည်မှာ အစိုးရက တရားဥပဒေများကိုအသုံးပြု၍ အိမ်အတွင်းဝင်ရောက်ရှာခြင်း၊ တယ်လီဖုန်းများအား အသံသွင်းခိုးနားထောင်ခြင်းနှင့် စာပေးစာယူများအား ဖောက်ဖတ်ခြင်းတို့ မလုပ်ဆောင်နိုင်ရန် တားမြစ်ပေးထားခြင်းဖြစ်သည်။

ဤအပိုဒ်တွင် ပါဝင်သောကလေးများ၏ နေအိမ်နှင့်ပတ်သက်၍ တရားမဝင်နှင့် စိတ်ထင်တိုင်းပါဝင်ပတ်သက်ခြင်းမှ ကာကွယ်ပေးရန်ဆိုရာတွင် ကလေးနှင့်မိဘများအကြား သို့မဟုတ် ကလေးနှင့်မိသားစုဝင်များအကြား ဆက်ဆံမှုကိုပါ ကာကွယ်ပေးရမည်ဟု ဆိုထားခြင်းဖြစ်သည်။ ဝင်ရောက်စွက်ဖက်ရန် အတွက် ကောင်းမွန်သောအကြောင်းပြချက်ရှိသည့် အချို့သောကိစ္စမျိုးနှင့် ဥပဒေအရ လုပ်ဆောင်ခွင့်အတိုင်း လုပ်ဆောင်ရသည့်အမှုမျိုးမှလွဲ၍ မိသားစုအတွင်း ဆက်ဆံရေးများတွင် အစိုးရတာဝန်ရှိသူများအနေဖြင့် ပါဝင်စွက်ဖက်ခြင်း မပြုနိုင်ပါ။ အစိုးရအနေဖြင့် ဝင်ရောက်စွက်ဖက်နိုင်သည်ဟု လက်ခံထားသော ဥပမာအချို့မှာ မိသားစုဝင်များအား အခြားမိသားစုဝင်များအကြောင်း မေးမြန်းခြင်း၊ တဦးနှင့်တဦး မည်ကဲ့သို့ဆက်ဆံသင့်ကြောင်း ပြောပြခြင်းနှင့် ကောင်းမွန်သော အကြောင်းအကျိုးမရှိဘဲ မိသားစုဝင်များ တဦးစီသီးခြားနေထိုင်ခြင်းတို့ကို ကာကွယ်ပေးခြင်း စသည်တို့ဖြစ်သည်။

ဤအခွင့်အရေးမှာလည်း အခြားအခွင့်အရေးများကဲ့သို့ပင် ကန့်သတ်ချက် ခြွင်းချက်များရှိသည်။ ကိုယ်ရေးကိုယ်တာအပေါ် ဝင်ရောက်စွက်ဖက်မှုသည် "တရားမဝင်" နှင့် "စိတ်ထင်တိုင်း" ဝင်ရောက်စွက်ဖက်ခြင်းဖြစ်မှသာ ထိုသို့ စွက်ဖက်ခြင်းကို ကာကွယ်ပေးရမည်ဟု ယခုအပိုဒ်က ဆိုထားခြင်းဖြစ်သည်။ "တရားမဝင်" ဟူသောစကားရပ်၏အဓိပ္ပါယ်မှာ တရားဥပဒေက တားမြစ်ထားသော သို့မဟုတ် လုပ်ဆောင်ရန်ခွင့်မပြုသောဟူသည့် အဓိပ္ပါယ်သက်ရောက်သည်။ "စိတ်ထင်တိုင်း"ဟူသော စကားရပ်၏ဆိုလိုချက်မှာ ပိုမိုကျယ်ပြန့်သည်။ တရားဥပဒေက လုပ်ကိုင်ရန်ခွင့်ပြုထားသော်လည်း ထိုသို့လုပ်ဆောင်သည့်အခါတွင် စေတနာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရင်းမှန်ဖြင့် လုပ်ဆောင်ခြင်းမဟုတ်ဘဲ လိုအပ်သည်ထက် ပိုမိုနေပါက ထိုလုပ်ဆောင်မှုသည် တရားဝင်ဖြစ်စေသော်လည်း "စိတ်ထင်တိုင်း" ကျူးလွန်သည့်အမှုမြောက်သည်။ ထိုသို့လုပ်ဆောင်မှုတခုကို "စိတ်ထင်တိုင်း" လုပ်ဆောင်မှုမြောက်၊ မမြောက်သတ်မှတ်ရာတွင် ထိုသို့လုပ်ဆောင်ရခြင်း၏ အကြောင်းရင်းထက် ထိုသို့လုပ်ဆောင်ခံရသောသူ၏ အခွင့်အရေးအပေါ် ထိခိုက်သက်ရောက်စေမှုကို ပိုမိုအလေးထား ထည့်သွင်းစဉ်းစားရမည်။ ဥပမာ–လူတဦးတယောက်၏ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်အား ထိခိုက်စေသော အပြုအမူတခုကြောင့် ထိုလူ၌ သက်ရောက်ခံစားရမှုသည် ထိုသို့လုပ်ဆောင်ရခြင်း ရည်ရွယ်ချက်ထက် ပိုမိုပါက ထိုသို့လုပ် ဆောင်ခြင်းကို "စိတ်ထင်တိုင်း" လုပ်ဆောင်ခြင်းဟု သတ်မှတ်နိုင်သည်။

ဤအပိုဒ်(၁၆)၏ အဓိကရည်ရွယ်ချက်သည် ပြည်သူ့ဝန်ထမ်းများ၊ တရားရေး ဝန်ထမ်းများအနေဖြင့် ကလေးများကိုဆက်ဆံရာတွင် ကလေးများ၏ ဂုဏ်သိက္ခာနှင့် ဖြောင့်မတ်မှုကို လေးစားစွာဖြင့် ဆက်ဆံစေရန်ပင်ဖြစ်သည်။

ကလေးများအနေဖြင့် မိသားစုအတွင်း ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်ရှိပါသလားဟုမေးလာပါက ရှိပါသည်ဟု ပြန်လည်ဖြေကြားရမည်ဖြစ်သည်။ သို့ရာတွင် ထိုလွတ်လပ်ခွင့်တွင် အကြောင်းအရာနှစ်မျိုးကြောင့် ကန့်သတ်မှုရှိသည်ကို သတိပြုရမည်။ ပထမအကြောင်းအရာတချက်မှာ မိဘများသည် မိမိတို့၏ရင်သွေးများအား မကောင်းသောပယောဂများမှ ကာကွယ်တားဆီးပေးရန် တာဝန်ရှိသောကြောင့် ကန့်သတ်မှုလုပ်နိုင်သည်။ အကယ်၍ မိမိ၏ရင်သွေးဖြစ်သူသည် မကောင်းသောသူတဦးထံမှ စာများလက်ခံရရှိနေသည်ဟူ၍ သံသယရှိလျှင် မိဘအနေဖြင့် ထိုစာများကို ဖွင့်ဖတ်နိုင်သလို လိုအပ်ပါက ထိုစာအား မိမိ၏ကလေးအားမပေးဘဲ ဖျောက်ဖျက်ပစ်နိုင်သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် မိဘ၏ ဝတ္တရားအတိုင်း မိမိရင်သွေးကိုမိမိ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းလည်းဖြစ်သည်။ နောက်ထပ် ဒုတိယအကြောင်းအရာမှာ မိဘနှင့်သားသမီးများအကြား၌ မိသားစုကိုယ်ရေးကိုယ်တာအား ကာကွယ်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ကြောင့် ကန့်သတ်မှုလုပ်နိုင်သည်။ မိခင်နှင့်ရင်သွေးကလေးများအကြား အတူ ပြင်းထန်စွာ မှားယွင်းနေမှု တစုံတရာမရှိမချင်း ပြင်ပလူများက ဝင်ရောက်စွက်ဖက် ခွင့်မရှိ ဟူသောအချက်ကို ဤဒုတိယအချက်က ဆိုလိုခြင်းဖြစ်သည်။

မိဘများအနေဖြင့် အသင့်လျော်ဆုံးလုပ်ဆောင်ရမည်မှာ မိမိ၏ရင်သွေး များတွင် ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်များ ရှိသည်ဆိုသောအချက်ကို မမေ့ လျော့ နားလည်သဘောပေါက်ရမည်ဖြစ်သည်။ ထိုအခွင့်အရေးကို ကလေးဖြစ်သူက အလွဲသုံးစားမလုပ်မချင်း ထိုကလေးငယ်ကြီးပြင်းအရွယ်ရောက်လာမှုနှင့် လိုက် လျောညီထွေစွာ မိဘများအနေဖြင့် ထိုအခွင့်အရေးအား ပိုမိုလေးစားနားလည်ပေး ရန် လိုအပ်လှသည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com


အပိုဒ် (၁၇)

# ကလေးများနှင့်သတင်းဌာနများ



စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် လူထုသတင်းဖြန့်ချီရေး လုပ်ငန်းများ၏ အရေးပါပုံကို အသိအမှတ်ပြု၍ နိုင်ငံတွင်းနှင့် နိုင်ငံတကာသတင်းရင်းမြစ်များမှ သတင်းများနှင့် အခြားသောအထောက်အကူအချက်အလက်များကို ကလေးများရရှိစေနိုင်ရန်အတွက် အာမခံပေးရမည်။ အထူးသဖြင့်ကလေးဖြစ်သူ၏ လူမှုရေး၊သီလပိုင်းနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ကောင်းမွန်စေရန်အပြင် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့ တိုးတက်စေရန်အတွက် ရည်ရွယ်သောသတင်းများကို ပိုမိုအလေးထား လုပ်ဆောင်ပေးရမည်။ ထိုသို့ လုပ်ဆောင်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရသည့် အောက်ပါအချက်များကို ဆောင်ရွက်ရမည်။

(က) ဤစာချုပ်၏ အပိုဒ်(၂၉)တွင်ဖော်ပြထားသော ရည်ရွယ်ချက်များနှင့်အညီ ကလေးများအတွက် လူမှုရေးနှင့်ယဉ်ကျေးမှု အကျိုးကျေးဇူးများဖြစ်စေမည့် သတင်းများနှင့် အခြားအချက်အလက်များကို လူထုသတင်းဖြန့်ချီရေးလုပ်ငန်းများကနေ၍ ဖြန့်ချီစေရန်အတွက် အစိုးရက အားပေးအားမြှောက်ပြုရန်။

(ခ) မတူကွဲပြားသော ယဉ်ကျေးမှုရင်းမြစ်များ၊ ပြည်တွင်းပြည်ပသတင်း

www.burmeseclassic.com

www.burmeseclassic.com

ရင်းမြစ်များမှ ထိုကဲ့သို့သတင်းအချက်အလက်များကို ထုတ်လုပ်၊ ဖလှယ်၊ ဖြန့်ဖြူးနိုင်ရန်အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်စေဖို့ အစိုးရက အားပေးအားမြှောက်ပြုရန်။

(ဂ) ကလေးများအတွက် စာအုပ်များ ထုတ်ဝေရန်အတွက် နိုင်ငံအစိုးရက အားပေးရန်။

(ဂ) တိုင်းရင်းသားလူမျိုးများဖြစ်သည့် ကလေးများနှင့် မူရင်းဌာနေလူမျိုးများ၏ ကလေးများအတွက် သက်ဆိုင်ရာဘာသာစကား အသုံးပြုသော သတင်းဖြန့်ချီမှုများကို လုပ်ဆောင်ဖို့ အစိုးရကအားပေးရန်။

(ဃ) အပိုဒ်(၁၃) နှင့်(၁၈) တွင်ဖော်ပြထားသော အကြောင်းအရာများကို အစဉ်နှလုံးသွင်း၍ ကလေး၏ဘဝ သာယာချမ်းမြေ့မှုကို ထိခိုက်နစ် နာစေမည့် သတင်းများနှင့် အခြားအချက်အလက်များအား သုံးစွဲခြင်းမှ ကာကွယ်ရန်အတွက် သင့်လျော်သော လမ်းညွှန်ချက်များ ပေါ်ပေါက်စေဖို့ အစိုးရက အားပေးရန်တို့ကို လုပ်ဆောင်ရမည်။

ယခုအပိုဒ်တွင် ကလေးများ၏ လူမှုရေးနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးရေးအတွက် လူထုသတင်းဖြန့်ချီရေးလုပ်ငန်းများ၏ အရေးပါသောအခန်းကဏ္ဍကို အဓိကရှင်းလင်းဖော်ပြထားသည်။ လူထုသတင်းဖြန့်ချီရေးလုပ်ငန်းများသည် ကလေးများအတွက် ဖြေဖျော်ပေးရုံသက်သက်သာမဟုတ်ဘဲ ကလေးများအတွက် ကောင်းမွန်သော နည်းလမ်းကောင်း ပေါ်ပေါက်စေရေးအတွက် အထောက်အကူဖြစ်စေမည့် စာအုပ်များ၊ အစီအစဉ်များနှင့် အခြား သောအထောက်အကူပစ္စည်းများ ထုတ်လုပ်လာနိုင်စေရန် အစိုးရက အားပေးတိုက်တွန်းပေးရန် လိုအပ်ကြောင်း ဤအပိုဒ်တွင်ဖော်ပြထားသည်။ မဂ္ဂဇင်း၊ ရုပ်မြင်သံကြားအစီအစဉ်၊ တေးဂီတ ကက်ဆက်အခွေစသည့် လူထုသတင်း ဖြန့်ချီ ရေးကိရိယာများတွင် ကလေးများအတွက် ရည်ရွယ်ပြင်ဆင်ထားသော အစီအစဉ်များ ထည့်သွင်းပေးရန်ကိုလည်း



www.burmeseclassic.com


ကိုက် တွန်းထားသည်။ ဖြစ်နိုင်ပါက ထိုသို့အစီအစဉ်များ ထည့်သွင်းထုတ်လုပ်ရာတွင် ကလေးများကိုယ်တိုင် ပါဝင်လုပ်ဆောင်နိုင်အောင် ဆောင်ရွက်သင့်ကြောင်း ဆိုထားသည်။

ကလေးများအနေဖြင့် မိမိနိုင်ငံအပြင် အခြားနိုင်ငံများက ရေးသားထုတ်ဝေသော စာအုပ်များဖတ်ရှုနိုင်အောင်၊ စီစဉ်ထုတ်လွှင့်သောအစီအစဉ်များကို ကြည့်ရှုခံစားနိုင်အောင် လုပ်ဆောင်ပေးသင့်သည်။ အကယ်၍ ယဉ်ကျေးမှုမျိုးစုံတည်ရှိနေသော နိုင်ငံဖြစ်နေပါက ထိုယဉ်ကျေးမှုများအားလုံးကို ထင်ဟပ်စေမည့် လူထုဆက်ဆံရေးသတင်း ကိရိယာများဖြစ်အောင် အတတ်နိုင်ဆုံး လုပ်ဆောင်ပေးရန် လိုအပ်သည်။ ထို့အတွက် စာအုပ်စာတမ်းများ ထုတ်ဝေဖြေဖျော်မှုများ တင်ဆက်သည့်အခါတွင် လူနည်းစုနှင့် မူရင်းဌာနေလူမျိုးစုများ၏ ယဉ်ကျေးမှုများတိုးတက်စေရေးကို ရှေ့ရှုသင့်သည့်အပြင် ထိုလူမျိုးစုများ၏ ဘာသာစကားဖြင့် ထုတ်ဝေတင်ဆက်သင့်သည်။ ထိုသို့သော လူမျိုးစုဘာသာ စကားဖြင့်ရေးသားသော သတင်းစာများ၊ စာစောင်များ၊ ထိုဘာသာဖြင့် စီစဉ်တင်ဆက်သည့်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမရှိပါက ထိုဘာသာစကားများ တဖြည်းဖြည်း ကွယ်ပျောက်သွားပေလိမ့်မည်။ ထိုသို့သော တိုင်းရင်းသားလူမျိုးများနှင့် မူရင်းဌာနေလူမျိုးများ၏ ကလေးငယ်များနှင့် ပတ်သက်သောအခွင့်အရေးများအကြောင်း အသေးစိတ်ကို ယခုစာချုပ်အပိုဒ် (၃၀) တွင် အသေးစိတ် ရှင်းလင်းထားပါသည်။


❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

## အပိုဒ် (၁၈)

# မိဘတာဝန်ဝတ္တရားများ




(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေး၏ဘဝ ရှင်သန်ကြီးထွားတိုး တက်ဖွံ့ဖြိုးအောင်တာဝန်ယူရာ၌ မိဘနှစ်ဦးစလုံးတွင် တန်းတူတာဝန်ရှိသည်ဟု သော သဘောတရားကို အသိအမှတ်ပြုလာစေရေးအတွက် အစိုးရအနေဖြင့် အ တတ်နိုင်ဆုံး ကြိုးပမ်းလုပ်ဆောင်သွားရမည်။ ကလေး၏ဘဝ ရှင်သန်ကြီးထွားတိုး တက်ဖွံ့ဖြိုးအောင် လုပ်ဆောင်သည့်နေရာတွင် မိဘနှစ်ဦး၊ တခါတရံတွင် တရားဝ အုပ်ထိမ်းသူက အဓိကတာဝန်ရှိသည်။ ကလေး၏အကောင်းဆုံးအကျိုးသည် ထိုသူ တို့၏ အခြေခံသဘောထားများဖြစ်ရမည်။

(၂) ယခုစာချုပ်တွင်ပါသော ကလေးအခွင့်အရေးများခံစားရရှိရန် အာ မခံပေးပြီး တိုးတက်မြင့်မားလာအောင် လုပ်ဆောင်နေသော အစိုးရများသည် က လေးအား ပြုစုစောင့်ရှောက်သည့်တာဝန်ကို ထမ်းဆောင်နေသော မိဘများနှ တရားဝင်အုပ်ထိန်းသူများအား လိုအပ်သောအကူအညီထောက်ပံ့မှုများ ပေး မည်။ ကလေးအား စောင့်ရှောက်ပေးမည့်ဌာနများနှင့် အစီအစဉ်များ ပေါ်လာစေရ အာမခံပေးရမည်။

(၃) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အလုပ်လုပ်နေသည့်မိဘများ၏ ရ သွေးများအနေဖြင့် သူတို့တတွေ ခံစားခွင့်ရှိသည့်အတိုင်း ကလေးပြုစုစောင့်ရှောက်


www.burmeseclassic.com

www.burmeseclassic.com



သည့် အစီအစဉ်များကို ရရှိခံစားနိုင်စေရန်အတွက် သင့်လျော်သောလုပ်ဆောင်မှုများကို လုပ်ဆောင်ပေးရမည်။

ဤအပိုဒ်တွင် အခွင့်အရေးဆိုသည်ထက် မိဘများ၏ တာဝန်ဝတ္တရားအကြောင်းကို ပိုမိုဖော်ပြထားသည်။ ကလေးတယောက် ကြီးပြင်းလာအောင် ပြုစုပျိုးထောင်ရာတွင် မိဘများနှင့်အုပ်ထိန်းသူများ၌ အဓိကတာဝန်ဝတ္တရားရှိကြောင်း ဖော်ပြထားသည်။ အစိုးရတွင် ကလေးနှင့်ပတ်သက်၍ တာဝန်ရှိသည်ဟုဆိုသော်လည်း ထိုတာဝန်မှာ ကလေးအားပြုစုစောင့်ရှောက်ရာ၌ မိဘများတွင် အခက်အခဲရှိနေသည့်အခါမျိုး၌ မိဘများအပေါ် လိုအပ်သည့်ကူညီစောင့်ရှောက်မှုများကို လုပ်ဆောင်ပေးရသည့် တာဝန်မျှသာဖြစ်သည်။ မိဘဖြစ်သူ၏ ကလေးအပေါ် ပြုစုပျိုးထောင်ခွင့် အခန်းတာဝန်တရပ်လုံးကို အစိုးရက လုံးဝပုခုံးပြောင်း ယူခြင်းမျိုးကို မဆိုလိုပေ။ ခြွင်းချက်အနေဖြင့် မိဘများလုံးဝမရှိတော့သော ကလေးများနှင့် တာဝန်မဲ့သောမိသားစုများမှ ကလေးများကို ခြွင်းချက်ထားရမည်ဖြစ်ပြီး ထိုအကြောင်းအရာနှင့်ပတ်သက်၍ အပိုဒ်(၉)နှင့် (၂၀)တို့တွင် အသေးစိတ်ဖော်ပြထားသည်။ ယခုအပိုဒ်တွင် ဖော်ပြထားသော အစိုးရကနေ၍ မိဘများအပေါ် ကူညီဆောင်ရွက်ပေးရမည့် အထောက်အပံ့ဆိုသည်မှာ အလုပ်လုပ်သောမိဘများ၏ ကလေးများအတွက် နေ့ကလေးထိန်းကျောင်းများနှင့် အခြားကလေးပြုစုစောင့်ရှောက်ရေး အစီအစဉ်များ ထောက်ပံ့ကူညီပေးခြင်းပင်ဖြစ်သည်။

ကလေးများသည် အရွယ်ရောက်ပြီးသော လူများနည်းတူ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ လိုအပ်သည်။ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များဆိုသည်မှာ အစားအစာ၊ နေအိမ်နှင့် ဆေးဝါးစသည်တို့ကို ဆိုလိုခြင်းဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များမှာ ကလေးများအပေါ် မိဘများကကြင်နာမှု၊ ချစ်ခင်မှု၊ နားလည်သဘောပေါက်မှု၊ ကလေးများ၏တင်ပြပြောဆိုခြင်းကို အရေးတယူနားထောင်ပေးမှု၊ ကလေးများအခက်အခဲကို မိဘများက ဝိုင်းဝန်းဖြေရှင်းပေးမှု စသည်တို့ဖြစ်သည်။ ယခုအပိုဒ်တွင် ကလေးများလိုအပ်သည့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်နှစ်မျိုးစလုံးကို ဖြည့်ဆည်းပေးခြင်းအပြင် ကလေးဖွံ့ဖြိုးတိုးတက်ကြီးပြင်းလာအောင် လုပ်ဆောင်ပေးရမည့် တာဝန်များကို ဖော်ပြထားသည်။ ဤအပိုဒ်သည် မိဘများ ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များ

www.burmeseclassic.com

www.burmeseclassic.com


ကို ဖြည့်ဆည်းပေးရမည်ဟု ဖော်ပြထားသည့် စာချုပ်ပါ အပိုဒ်(၂၇)နှင့် ဆက်စပ်မှု ရှိနေသည်။

ကလေးငယ်အား ပြုစုပျိုးထောင်ရာတွင် ကလေး၏အကောင်းဆုံးအကျိုးကိုရည်မျှော်၍ မိခင်နှင့်ဖခင်နှစ်ဦးစလုံးက တာဝန်ခွဲဝေယူထမ်းဆောင်ကြရမည်ဟု ဤအပိုဒ်က ဆိုထားသည်။ ပြီးခဲ့သော အပိုဒ်(၃)တွင် ကလေးနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အစိုးရအနေဖြင့် ကလေး၏အကောင်းဆုံးအကျိုးကို ဦးစားပေး၍ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ဆိုထားသလို ဤအပိုဒ်(၁၈)တွင်လည်း မိဘများအနေဖြင့် ကလေး၏အကောင်းဆုံးအကျိုးကို ရှေ့ရှု၍ ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း လမ်းညွှန်ထားသည်။ ထို့အတွက်ကြောင့် မိဘများသည် ဆုံးဖြတ်ချက်တစုံတရာ ချမှတ်တော့မည့်အခါတိုင်း ကလေး၏အကျိုးစီးပွား သက်သက်ကိုသာ ထည့်သွင်းစဉ်းစားရမည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ဆိုလိုသည်မှာ ထိုသို့ဆုံးဖြတ်ချက်ချမှတ်မည့်အချိန်အခါတိုင်း ကလေးများ၏ အကျိုးစီးပွားကို ဒုတိယတန်းစားအချက်ဖြင့်မဟုတ်ဘဲ အခြေခံအချက်အဖြစ် ထည့်သွင်းစဉ်းစားရန်ကို ဆိုလိုခြင်းဖြစ်သည်။

မိဘများအနေဖြင့် ကလေး၏ကိုယ်ကျိုးစီးပွားထက် မိမိတို့၏ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်လာသည့်အခါမျိုးတွင် ဤအပိုဒ်ပါ တာဝန်ဝတ္တရားများကို တာဝန်မယူမစောင့်ထိန်းရာ ရောက်သွားနိုင်သည်။ ဥပမာ – ကလေးအား ရောင်းချလိုက်ခြင်းသည် ကလေး၏အကောင်းဆုံးအကျိုးစီးပွားကို ကာကွယ်မှုမပေးရာ ရောက်သည်။ ထို့ပြင် ကျောင်းတက်နေသောကလေးကို ကျောင်းထွက်ခိုင်းပြီး အလုပ်လုပ်ခိုင်းခြင်းသည်လည်း ကလေး၏အကောင်းဆုံးအကျိုးစီးပွားကို မငဲ့ညှာသည့်အဖြစ်မျိုး ဖြစ်နိုင်သည်။ နောက်ထပ် ဥပမာတခုမှာ မိသားစုဝင်ငွေကို အရက်သောက်၊ လောင်းကစားတို့ဖြင့် သုံးဖြုန်းပစ်နေခြင်းကြောင့် ကလေးငယ်အတွက် လိုအပ်သောအစားအစာ၊ အဝတ်အထည်များမဝယ်ပေးဘဲ ချို့ချို့ငဲ့ငဲ့ ထားခြင်းမှာလည်း ကလေး၏အကောင်းဆုံးအကျိုးကို ဦးစားပေးရမည်ဟူသော သဘောတရားကို မလေးစားခြင်းပင်ဖြစ်သည်။

❖❖❖❖❖



www.burmeseclassic.com

www.burmeseclassic.com


အပိုဒ် (၁၉)

# ကလေးများနှင့် စော်ကားမှုများ



(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးများအား မိဘများ၏လက်အောက်တွင်ဖြစ်စေ၊ တရားဝင်အုပ်ထိမ်းသူ လက်အောက်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သူ့လက်အောက်တွင် ရှိနေစဉ်အတွင်း "ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ထိခိုက်ဒဏ်ရာရစေအောင်စော်ကားမှု၊ လျစ်လျူရှုမှု၊ လိင်ပိုင်းဆိုင်ရာအပါအဝင် အခြားသောအမြတ်ထုတ်ဆက်ဆံခြင်း၊ မတရားဆက်ဆံခြင်းနှင့် လိင်ပိုင်းဆိုင်ရာအပါအဝင် မတရားအမြတ်ထုတ်စေခိုင်းမှုများကို မည်သည့်အကြောင်းကြောင့်မှ မခံစားရစေရန်အတွက် တရားဥပဒေပြဋ္ဌာန်းခြင်း၊ စီမံအုပ်ချုပ်ခြင်း၊ လူမှုရေးနှင့် ပညာရေးဖက်တို့မှ ပညာပေးခြင်းအပါအဝင် သင့်လျော်သောလုပ်ဆောင်ပေးမှုများ လုပ်ဆောင်ပေးရမည်။

(၂) ကာကွယ်ပေးသည့် လုပ်ငန်းများအနေဖြင့် ကလေးနှင့်ကလေးကို ပြုစုစောင့်ရှောက်နေသောသူများအား လိုအပ်သည့် အကူအညီများပေးသော အစီအစဉ်များ ထူထောင်ပေးပြီး နောက်ထပ်လိုအပ်သည့် ထိရောက်သော လုပ်ငန်းအဆင့်ဆင့်ကို သင့်လျော်စွာ လုပ်ကိုင်ရန်လိုသည်။ ထို့ပြင် ဤအပိုဒ်တွင် ဖော်ပြထားသော လျစ်လျူရှု စောင့်ရှောက်မှုမဲ့သော အဖြစ်များ၊ မတရားဆက်ဆံခံရခြင်းနှင့် လိင်ပိုင်းဆိုင်ရာအပါအဝင် မတရားအမြတ်ထုတ်စေခိုင်းမှုများမှ ကာကွယ်ပေးခြင်း၊ ဖော်ထုတ်ပေးခြင်း၊ သတင်းပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်း၊ ကူညီပေးခြင်း၊ မတရား


www.burmeseclassic.com

www.burmeseclassic.com


ဆက်ဆံခံရသောကလေးများအား နောက်ဆက်တွဲစစ်ဆေးပေးခြင်း၊ လိုအပ်ပါက ဥပဒေနည်းလမ်းများအရ ပါဝင်ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးရမည်။

ဤအပိုဒ်တွင် ကလေးများအပေါ် မိဘများနှင့် အခြားစောင့်ရှောက်ထားသူများ၏ စော်ကားခြင်းအား အစိုးရအနေဖြင့် ကာကွယ်ပေးရန် လိုအပ်ကြောင်း ဆိုထားသည်။ အုပ်ထိန်းထားသူတယောက်၏ စော်ကားမှု၊ ရိုက်နှက်မှုတို့ကို ခံရသည့် ကလေးတယောက်သည် မည်သူ့ထံတွင် မည်သည့်အကူအညီ တောင်းရမည်ကို နားလည်နိုင်မည်မဟုတ်ပါ။ တခါတရံတွင် ကလေးများသည် မိမိကိုအုပ်ထိန်းသော မိဘများ သို့မဟုတ် အခြားသော အုပ်ထိန်းသူများ၏ လက်ထဲတွင် နှစ်ရှည်လများ စော်ကားနှိပ်စက်ခံကြရရှာသည်။ ထိုသို့ စော်ကားခံရသော ကလေးမျိုးသည် စော်ကားမှုကြောင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုများ ခံစားရရုံသာမက ထိုသို့စော်ကားသူသည် ကလေးငယ်အတွက်မှီခိုအားထား ယုံကြည်ရမည့်သူ ဖြစ်နေသောကြောင့် တခြားလူစိမ်းတဦးက စော်ကားခြင်းထက် ကလေးငယ်အပေါ် စိတ်ပိုင်းဆိုင်ရာနာကျင်ခံစားမှု ပိုမိုဖြစ်စေသည်။

ထိုသို့စော်ကားသူများထဲတွင် မိဘများသက်သက်သာမဟုတ်ဘဲ ကလေးများအား ထိန်းကျောင်း၊ အုပ်ထိန်းသည့် နေရာအဆင့်တွင်ရှိသော သူများလည်း ပါဝင်ကြောင်း ယခုအပိုဒ်က ဆိုထားပါသည်။ ထိုသူများမှာ ကလေးများ၏ ကျောင်းတွင်တာဝန်ရှိသော ဆရာဆရာမများ၊ အုပ်ချုပ်ရေးမှူးများ၊ နည်းပြများအပြင် ကလေးဖြစ်သူ၏ သူငယ်ချင်းမိဘများလည်း ဖြစ်နိုင်ပါသည်။ ထို့ပြင် ကလေး၏ ဆွေမျိုးသားချင်းများဖြစ်သော ဦးလေး၊ အဒေါ်နှင့် ဖိုးဖွားဖြစ်သူများ၊ မွေးစားမိဘများလည်း ဖြစ်နိုင်သလို ကလေးဂေဟာရှိ ဝန်ထမ်းများ၊ တာဝန်ရှိသူ အကြီးအကဲများအပြင် ကလေးများဖြင့် ဖွဲ့စည်းထားသောအဖွဲ့များမှ တာဝန်ခံခေါင်းဆောင်များလည်း ဖြစ်နိုင်ပါသည်။

ကလေးများမခံစားရအောင် ဝိုင်းဝန်းကာကွယ်ပေးရမည့် စော်ကားမှုများကို ဤအပိုဒ်က အဓိပ္ပါယ်ဖွင့်ထားပါသည်။ ထိုစော်ကားမှုများမှာ "ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ထိခိုက်ဒဏ်ရာရစေအောင် စော်ကားမှု၊ လျစ်လျူရှုမှု၊ လိင်ပိုင်းဆိုင်ရာအပါအဝင် အခြားသော အမြတ်ထုတ်ဆက်ဆံခြင်းနှင့် မတရားဆက်ဆံမှု" ဖြစ်သည်ဟူ၍ အဓိပ္ပါယ်ဖွင့်ထားပါသည်။ ထိုသို့အဓိပ္ပါယ်ဖွင့်ဆိုချက်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com


ကလေးများအား အစွမ်းကုန် ကာကွယ်မှုများပေးရမည်ကို သိရှိရသော်လည်း ကျယ်ပြန့်လွန်းသော အဓိပ္ပါယ်ဖွင့်ဆိုချက်ကြောင့် အခက်အခဲတွေ့ရသည်လည်း ရှိနိုင်ပါသည်။ ဥပမာ – ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဆိုသည်မှာ မည့်သည့်အဆင့်အထိ ဆိုလိုခြင်းဆိုသည်ကို ရှင်းလင်းပြတ်သားစွာ မဖော်ပြနိုင်ပါ။ ထို့အတွက်ကြောင့် ကလေး၏တင်ပါးကို အသာအယာရိုက်ခြင်းသည် ထိုရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု မြောက်၊ မမြောက် မေးခွန်းထုတ်စရာဖြစ်လေ့ရှိပါသည်။ ထို့အတွက်ကြောင့် ထိုစကားလုံးများ၏ အဓိပ္ပါယ်များကို အောက်တွင်ထပ်မံရှင်းလင်းထားပါသည်။

ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဆိုသည်မှာ လက်ဖလာဖြင့်ဖြစ်စေ၊ ကြိမ်လုံး၊ ဖါးပတ်စသည့် လက်တွင်ကိုင်ဆောင်ထားသော အရာဖြင့်ဖြစ်စေရိုက်ခြင်း၊ လက်သီးဖြင့်ထိုးခြင်း၊ ခြေဖြင့်ကန်ခြင်း၊ ခန္ဓာကိုယ်ကိုကိုင်၍ အင်အားဖြင့်ဆောင့်ခြင်း၊ လှုပ်ယမ်းခြင်း၊ နံရံဖြင့်ကိုင်ဆောင့်ခြင်း၊ လှေခါးမှဆွဲချခြင်းနှင့် လည်ပင်းညှစ်ခြင်း စသည့် အပြုအမူများကို ဆိုလိုသည်။ ထို့ပြင် ကလေးအတွက် အလွန်အမင်းခက်ခဲသော သို့မဟုတ် နာကျင်ခံစားစေရသော အလုပ်မျိုးကို အတင်းအကြပ်စေခိုင်းခြင်းသည် အကြမ်းဖက်သည့်အပြုအမူ မဟုတ်သော်လည်း ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု မြောက်သည်။ ဥပမာ – ကလေးငယ်၏ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့်မလိုက်သော လေ့ကျင့်ခန်းများ ပြင်းထန်စွာလုပ်ခိုင်းခြင်း၊ နေပူပြင်းပြင်းအောက်တွင် အလုပ်ကြမ်းများ စေခိုင်းခြင်းတို့ဖြစ်သည်။

စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဆိုသည်မှာ ကလေးအပေါ် အချိန်ပြည့် အပြစ်တင် မြည်တွန်တောက်တီးနေခြင်း၊ ကလေးစိတ်ထဲတွင် ကိုယ့်ကိုကိုယ်သိမ်ငယ်၊ ရှပ်ဆိုး၊ အသုံးမကျဟူသောစိတ်မျိုး ခံစားပေါ်ပေါက်လာအောင် လုပ်ဆောင်ခြင်း၊ ကလေး၏ အမှားမဟုတ်သောလုပ်ရပ်အတွက် ကလေးကိုအရှက်ရအောင် အပြစ်ပေးခြင်းတို့ကို ဆိုလိုသည်။

လျစ်လျူရှုခြင်းဆိုသည်မှာ ကလေးအား ချီပိုးချော့မြူမှုကင်းမဲ့ခြင်း၊ မည့်သည့်အရွယ်ရှိသော ကလေးကိုပင်ဖြစ်စေ ကျွေးမွေးမှုပျက်ကွက်ခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် တကိုယ်ရည်သန့်ရှင်းမှုများရရှိအောင် လိုအပ်သည့်အချိန်တွင် မလုပ်ဆောင်ပေးခြင်း၊ မတော်တဆထိခိုက်မှုများ ဖြစ်နိုင်သည့်နေရာမျိုးတွင် ကလေးကိုချန်ထားခဲ့မှု၊ ကလေးများရှိနေသောနေရာနှင့် သူတို့လုပ်ဆောင်နေသော

www.burmeseclassic.com

www.burmeseclassic.com



အပြုအမူများကို အကဲခတ်မှုမရှိဘဲပစ်ထားမှု၊ ကလေးအားကျောင်းထားရန် ပျက်ကွက်မှု၊ ကလေးအသက်အရွယ်နှင့် မသင့်တော်သည့် မူးယစ်ဆေးဝါးလုပ်ငန်းများ၊ လိင်လုပ်ငန်းများ၊ ဂိုဏ်းများတွင် ကလေးများပါဝင်ပတ်သက်နေမှုနှင့် ပတ်သက်၍ လိုအပ်သော ထိန်းကျောင်းလမ်းညွှန်မှုများ ပြုလုပ်ရန် ပျက်ကွက်မှုစသည်တို့ဖြစ်သည်။

အမြတ်ထုတ်ခြင်းဆိုသည်မှာ လိုအပ်သည်ထက် ပိုမိုခိုင်းစေခြင်း သို့မဟုတ် အန္တရာယ်ရှိလောက်သည်အထိ ခိုင်းစေခြင်းကို ဆိုလိုသည်။ ကလေးငယ်တဦးအား အလွန်ခက်ခဲသည့် အလုပ်စေခိုင်းခြင်း သို့မဟုတ် အန္တရာယ်ရှိသော အလုပ်စေခိုင်းခြင်းသည် အမြတ်ထုတ်ခြင်းမြောက်သည်။ ထို့ပြင် လုပ်ရသောအလုပ်မှာ အလွန်ခက်ခဲလှသည် မဟုတ်သော်လည်း ထိုအလုပ်ကနေ၍ ကလေး၏လုပ်အားဖြင့် ရထားသောငွေကြေးအား သိမ်းယူခြင်း၊ မိမိကိုယ်ကျိုးအတွက် သုံးစွဲခြင်းမှာလည်း ကလေးအပေါ် အမြတ်ထုတ်ခြင်းမြောက်သည်။

လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းကျူးလွန်သူများမှာ ကလေးနှင့်သွေးသားတော်စပ်သူများဖြစ်နိုင်သလို ကလေးအားအုပ်ထိန်းသူများလည်း ဖြစ်နိုင်သည်။ မိဘများ၊ ညီအစ်ကိုမောင်နှမများ၊ အခြားဆွေမျိုးများ၊ ဆရာဆရာမများ၊ နည်းပြများ၊ ဘာသာရေးအကြီးအကဲများ၊ ဆရာဝန်များနှင့် ကလေးစောင့်ရှောက်ရေးဝေဟာဝန်ထမ်းများစသည်ဖြင့် အမျိုးမျိုးဖြစ်နိုင်သည်။ အကြမ်းဖက်ခြင်းမရှိသော်လည်း မသင့်လျော်စွာ နမ်းရှုတ်ပွေ့ဖက်ခြင်းသည်လည်း လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းမြောက်သည်ကို သတိပြုရမည်။

ဤအပိုဒ်(၁၉)တွင် အစိုးရအနေဖြင့် ကလေးဖြစ်သူနှင့်ကလေးအား ထိန်းကျောင်း၊ အုပ်ထိန်းသူများအတွက် လိုအပ်သော အကူအညီအထောက်အပံ့များပေးရမည်ဖြစ်သလို ထိုသူများကနေ၍ ကလေးများအပေါ် စော်ကားမှုများ ပြုလုပ်ခြင်းမှ ကာကွယ်ပေးခြင်း၊ တားဆီးပေးခြင်း၊ စုံစမ်းစစ်ဆေးပေးခြင်း၊ ဖော်ထုတ်ခြင်း၊ သတင်းပို့ခြင်း၊ လွှဲပြောင်းပေးခြင်း၊ အပြစ်ပေးအရေးယူခြင်းများ လုပ်ဆောင်သည့် စနစ်ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဆိုထားသည်။

❖❖❖❖❖




www.burmeseclassic.com

www.burmeseclassic.com


အပိုဒ် (၂၀)

# မိသားစုမရှိတော့သည့်ကလေးများ




(၁) မိသားစုပတ်ဝန်းကျင်ဘဝကို ယာယီအခိုက်အတန့်ဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ခံစားနိုင်မှုမရှိသည့်ကလေးများ သို့မဟုတ် ထိုမိသားစုပတ်ဝန်းကျင်ဘဝတွင် ရှိနေပါသော်လည်း အကောင်းဆုံးကောင်းအကျိုးကို မရရှိနိုင်သောကလေးများသည် နိုင်ငံတော်အစိုးရ၏ အထူးကာကွယ်စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှုများကို ခံစားပိုင်ခွင့်ရှိသည်။

(၂) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ထိုသို့သောကလေးများအတွက် နိုင်ငံတော်ဥပဒေများနှင့် လိုက်လျောညီထွေသော အခြားနည်းလမ်းများဖြင့် စောင့်ရှောက်မှုများရရှိစေရန် အာမခံရမည်။

(၃) ထိုအခြားနည်းလမ်းများဖြင့် စောင့်ရှောက်မှုများတွင် ကလေးများကို ထိန်းသိမ်းစောင့်ရှောက်မည့် မိသားစုများကို ရှာဖွေပေးခြင်း၊ အစ္စလာမ်ဥပဒေအရ **Kafalah** လုပ်ဆောင်ပေးခြင်း၊ မွေးစားစေခြင်း၊ သို့မဟုတ် လိုအပ်ပါက ကလေးအား စောင့်ရှောက်နိုင်မည့် သင့်လျော်သောဌာနများသို့ အပ်နှံထားရှိပေးခြင်းများ ပါဝင်သည်။ ထိုသို့လုပ်ဆောင်ရန်အတွက် ဖြေရှင်းချက်များကို စဉ်းစားသည့်အခါတွင် ကလေးဖြစ်သူ၏ တိုးတက်ကြီးပြင်းမှု ဆက်လက်ဖြစ်ပေါ်စေရေးကို ရည်ရွယ်၍

www.burmeseclassic.com


ထည့်သွင်းစဉ်းစားရမည်ဖြစ်သလို ကလေး၏ တိုင်းရင်းသားဖြစ်မှု၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ဘာသာစကားနောက်ခံ အချက်များကိုလည်း ထည့်သွင်းစဉ်းစားပေးရမည်။

ဤအပိုဒ်တွင် မိဘနှစ်ဦးစလုံးမရှိတော့သော ကလေးများနှင့် မိဘနှစ်ဦးစလုံးနှင့် အကြောင်းအမျိုးမျိုးကြောင့် တကွဲတပြားဖြစ်နေသော ကလေးများအား အစိုးရက အထူးကာကွယ်ပေးမှုနှင့် အကူအညီများပေးရမည်ဟု ဆိုထားသည်။ ဤအပိုဒ်သည် မိဘများနှင့်ကလေးဖြစ်သူအား တသီးတခြားစီ ခွဲထားခွင့်ကို ခွင့်ပြုထားသည့်စာချုပ် အပိုဒ်(၉)နှင့် မွေးစားခြင်းဆိုင်ရာ အပိုဒ်(၂၁)တို့နှင့် ဆက်စပ်နေသည်။

ကလေးငယ်များနှင့်မိဘတို့ တကွဲတပြားဖြစ်ရသည့် အကြောင်းရင်းအ များအပြားရှိသည်။ ဥပမာအားဖြင့် မိခင်ဖြစ်သူတွင် တရားဝင်လက်ထပ်ထားသည့်ခင်ပွန်း မရှိသောကြောင့်လည်းကောင်း၊ မိမိရင်သွေးကို တာဝန်ယူစောင့်ရှောက်ရန် အရွယ်ငယ်လွန်းသဖြင့် မိဘနှင့်တကွဲတပြားစီ နေထိုင်ရသောကြောင့်လည်းကောင်း စသည်ဖြင့် အကြောင်းရင်းအမျိုးမျိုး ရှိနိုင်ပါသည်။ ထိုကလေးကို ဆွေမျိုးတော်စပ်သူများက ထိန်းကျောင်းအုပ်ထိန်းပေးခြင်း သို့မဟုတ် အခြားသူများက မွေးစားလိုက်ခြင်းတို့ ပြုလုပ်လေ့ရှိသည်။ ထိုသို့သော ကလေးများသာမက မိခင်နှင့်ဖခင် အိမ်ထောင်ကွာရှင်းလိုက်အပြီး မိခင် သို့မဟုတ် ဖခင်တဦးတည်းက ထိန်းကျောင်းရာဖွေ ပြုစုရန်မတတ်နိုင်တော့သဖြင့် အခြားသူထံ မွေးဖွားရန်ပေးလိုက်ခြင်း သို့မဟုတ် မိဘမဲ့ကလေးဂေဟာများတွင် အပ်နှံလိုက်ခြင်းတို့ကြောင့် မိဘနှင့်တကွဲတပြားဖြစ်သွားသော ကလေးများလည်းရှိသည်။ မိခင် သို့မဟုတ် ဖခင်တဦးတည်းက ရှာဖွေကျွေးမွေးစောင့်ရှောက်မှု မလုံလောက်သည့်အတွက် ထိုကလေးမှာ နေထိုင်မကောင်းခြင်း၊ ချို့တဲ့ခြင်းများကို ရင်ဆိုင်ရရှာသည်။ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးမည့်သူများ မရှိသောကလေးများမှာ ပိုမို၍အခက်ကြုံရတော့သည်။ အကယ်၍ မိခင်ဖြစ်သူ သို့မဟုတ် ဖခင်ဖြစ်သူက နောက်ထပ်အိမ်ထောင်သစ် ထူထောင်လိုက်ပါကလည်း ထိုကလေးမှာ နောက်ထပ်အိမ်ထောင်သစ်မှ မွေးဖွားလာသော ကလေးများလောက် ပြုစုယုယမှုမခံစားရတော့သည်ကိုလည်း ကြုံတွေ့နိုင်သည်။ လမ်းပေါ်ရောက်ကလေးအများစုမှာ ထိုသို့သောမိသားစုမှနေ၍ ပေါက်ဖွား



www.burmeseclassic.com

www.burmeseclassic.com


လာသော ကလေးများဖြစ်သည်ဟု သုတေသနတွေ့ရှိချက်များက ဆိုပါသည်။

မိဘနှင့်တကွဲတပြားစီဖြစ်လေ့ရှိသော နောက်ထပ်အကြောင်းတခုမှ ကလေး၏ မိဘနှစ်ဦးစလုံး မတော်တဆဖြစ်မှု၊ သဘာဝဘေးဒဏ်နှင့် စစ်ပွဲတို့ကြောင့် သေဆုံးသွားခြင်း၊ တကွဲတပြားစီဖြစ်သွားသောကြောင့်လည်း ရှိနိုင်သည်။

အပိုဒ်(၂၀)တွင် မိသားစုများမရှိတော့သော ကလေးများအား နောက်ထပ်ပြုစုစောင့်ရှောက်ပေးနိုင်မည့် အခြားနည်းလမ်းများ ထောက်ပံ့ပေးရမည်ဟု ဆိုထားသည်။ ဆိုလိုသည်မှာ ထိုကလေးအား တာဝန်ယူစောင့်ရှောက်မည့် မိသားစုထံ ယာယီအပ်နှံပေးခြင်း သို့မဟုတ် မွေးစားစေခြင်းတို့ဖြစ်သည်။ တာဝန်ယူစောင့်ရှောက်မည့်မိသားစုထံ ယာယီအပ်နှံပေးခြင်းဆိုသည်မှာ ကိုယ်ပိုင်ရင်သွေးလေးများရှိပြီး ထိုမိဘမဲ့ကလေးကို တာဝန်ယူထိန်းကျောင်းပြုစုပေးရန် သဘောတူသော မိသားစုတစုထံတွင် ယာယီအပ်နှံခြင်းကို ဆိုလိုသည်။ မွေးစားခြင်းဆိုသည်မှာ ထိုကလေးငယ်သည် မိသားစုသစ်တစုတွင် ထာဝရမိသားစုဝင်အဖြစ် နေထိုင်သွားခြင်းဖြစ်သည်။ မွေးစားခြင်းနှင့်ပတ်သက်၍ အပိုဒ်(၂၁)တွင် အသေးစိတ် ရှင်းပြထားပါသည်။

အကယ်၍ ကလေး၏မိဘနှစ်ဦးအနက် တဦးဦးကအသက်ရှင်လျက် ရှိနေသေးသည်ဆိုပါက ထိုမိခင် သို့မဟုတ် ဖခင်ဖြစ်သူနှင့်ကလေးတို့ကို တကွဲတပြားစီဖြစ်နေစေသော အကြောင်းရင်းပြဿနာကို ဖြေရှင်းပေးခြင်းသည်သာလျှင် အကောင်းဆုံးဖြေရှင်းချက်ဖြစ်ပေလိမ့်မည်။ ထိုသို့လုပ်ဆောင်ပေးခြင်းနှင့် ပတ်သက်၍ ဥပမာအနေဖြင့် စစ်ပွဲ သို့မဟုတ် သဘာဝဘေးဒဏ်ကြောင့် မိဘများနှင့် တကွဲတပြားစီဖြစ်သွားပါက ထိုမိဘများကို လိုက်လံရှာဖွေပေးခြင်း၊ ထောင်မှလွတ်တော့မည့် မိဘများဖြစ်ပါက ထောင်လွတ်သည့်အချိန်အထိ ကလေးကိုစောင့်ရှောက်ပေးထားခြင်း၊ အရက် သို့မဟုတ် မူးယစ်ဆေးစွဲနေသော မိဘဖြစ်ပါက ဆေးဝါးကုသ၍ ဖြတ်တောက်ပေးခြင်း၊ မိဘများ၏ စိတ်ပိုင်းဆိုင်ရာဖိစီးမှုများ လျော့နည်းစေရေး အစီအစဉ်များကို ဆောင်ရွက်ပေးခြင်းနှင့် မိဘများအလုပ်အကိုင် ရှာဖွေပေးခြင်းတို့ကို ဥပမာပြရပေလိမ့်မည်။ ထိုသို့ မိဘနှင့်ကလေးတို့ တကွဲတပြားစီဖြစ်စေသော အကြောင်းရင်းများကို ဖြေရှင်းပေးနေစဉ်အချိန်အတွင်းနှင့် ပြဿနာကို အပြီးသတ်မဖြေရှင်းနိုင်ခင်ကာလအတွင်းတွင် တာဝန်ယူစောင့်ရှောက်မည့် မိသားစုက ထိုကလေး

www.burmeseclassic.com

www.burmeseclassic.com


ကို ယာယီအပ်နှံထားခြင်းသည် အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်။

အပိုဒ်(၂၀)တွင် မိသားစုနှင့် ယာယီတကွဲတပြားဖြစ်နေသော ကလေးများနှင့်ပတ်သက်၍ နောက်ထပ်ဆိုထားသော အချက်တချက်ရှိသေးသည်။ ထိုအချက်မှာ ကလေးအပေါ် ကာကွယ်စောင့်ရှောက်မှုများ ထောက်ပံ့ပေးနိုင်မည့်နေရာဌာနများတွင် လိုအပ်ပါက ထိုသို့သောကလေးများကို အပ်နှံထားနိုင်သည် ဆိုသောအချက်ဖြစ်သည်။ ထိုသို့သောနေရာဌာနမျိုးမှာ မိသားစုများနေထိုင်သော နေအိမ်မျိုးမဟုတ်ဘဲ ကလေးများအား စောင့်ရှောက်ကူညီရန်အတွက် လခပေးထားသည့် ဝန်ထမ်းများရှိသောနေရာကို ဆိုလိုသည်။ ထိုဌာနများသည် အစိုးရလက်အောက်ခံဖြစ်နိုင်သလို ပုဂ္ဂလိကပိုင်လည်းဖြစ်နိုင်သည်။ အများအားဖြင့် ကုသိုလ်ဖြစ်အဖွဲ့များနှင့် ဘာသာရေးအဖွဲ့များက ထိုဌာနများကို တာဝန်ယူတည်ဆောက်ဖွင့်လှစ်ထားလေ့ရှိသည်။ အချို့နေရာဌာနများတွင် ထိန်းသိမ်းစောင့်ရှောက်ထားရသူ ကလေးပေါင်းရာနှင့်ချီ၍ရှိပြီး အချို့မှာကလေးအနည်းငယ်ကိုသာ တာဝန်ယူနိုင်သော အဖွဲ့ငယ်များဖြစ်သည်။ အချို့ဌာနများတွင် မွေးကင်းစကလေးအရွယ်မှစ၍ အရွယ်ရောက်သည်အထိ တာဝန်ယူတတ်သည်။

ထိုအချက်နှင့်ပတ်သက်၍ သတိပြုရန်မှာ "လိုအပ်ပါက" ဟူသော စကားစုပင်ဖြစ်သည်။ ထိုစကားအရ မိဘများနှင့် တသီးတခြားဖြစ်နေသော ကလေးအတွက် နောက်ထပ်ဖြေရှင်းစရာ အခြားနည်းလမ်းများ လုံးဝမရှိတော့သည့်အခါတွင်မှ သာ ထိုဌာနများသို့အပ်နှံခြင်းလုပ်ရမည်ဟု ဆိုလိုသည်။ ထိုသို့သော ဌာနများသည် မည်မျှကောင်းမွန်လှပါသည်ဟုဆိုစေကာမူ ကောင်းမွန်သောပတ်ဝန်းကျင်၊ နွေးထွေးသော မိသားစုဘဝထက်ပိုမိုပြီး ကလေးဘဝဖွံ့ဖြိုးတိုးတက်စေရန် သာလွန် ကောင်းမွန်ခြင်း မရှိနိုင်ဆိုသည့်အချက်ကို သဘောပေါက်ရမည်။

မိဘနှင့်တသီးတခြားစီဖြစ်နေသောကလေးအား မည်သည့်နေရာမျိုးတွင် အပ်နှံရမည်နည်းဆိုသောအချက်ကို ဆုံးဖြတ်ရာတွင် မမေ့မလျော့ထည့်သွင်းစဉ်းစားရမည့် အချက်နှစ်ချက်ရှိသည်။ ပထမအချက်မှာ အချိန်ကြာကြာတည်မြဲမှုဖြစ်သည်။ အကယ်၍ မိဘများနှင့်ဝေးကွာနေသော ကလေးတဦးအား အခြားသူများနှင့် အခြားနေရာတခုတွင် အပ်နှံထားစဉ် တနေရာမှတနေရာ၊ တမိသားစုမှ အခြားတမိသားစုလက်သို့ အကြိမ်ကြိမ်အခါခါ ပြောင်းရွှေ့နေရပါက အခြေအနေအသစ်များနှင့်


www.burmeseclassic.com

www.burmeseclassic.com


လိုက်လျောညီထွေစွာ နေထိုင်တတ်စေရန် ကလေးအဖို့ အခက်အခဲများစွာတွေ့ရပေမည်။ ထို့ကြောင့် ကလေးအားအပ်နှံပြီး တာဝန်ယူစောင့်ရှောက်မှုများဖြင့် ပံ့ပိုးပေးမည့်နေရာတွင် ကလေးအနေဖြင့် တည်မြဲစွာနေထိုင်နိုင်ရေးကို အဓိကထည့်သွင်းစဉ်းစားရမည်။ ဒုတိယအချက်မှာ ထိုသို့အပ်နှံပြီး တာဝန်ယူစောင့်ရှောက်မှုများပေးရာတွင် ကလေးဖြစ်သူ၏ ကိုးကွယ်သည့်ဘာသာ၊ ပြောဆိုသည့်စကား၊ တိုင်းရင်းသားနှင့် ယဉ်ကျေးမှုနောက်ခံအချက်များကို အတတ်နိုင်ဆုံး ထည့်သွင်းစဉ်းစားပေးရမည် ဟူသောအချက်ဖြစ်သည်။ ထိုအချက်များကို ထည့်သွင်းစဉ်းစားပြီးမှသာ မည်သည့်နေရာမျိုးတွင် ထိုကလေးကိုထားရန် သင့်လျော်မည်ဆိုသော ဆုံးဖြတ်ချက်ကို ချမှတ်သင့်သည်။ ထိုအရာများကို ထည့်သွင်းစဉ်းစားရသည့် အကြောင်းရင်းနှစ်ချက်ရှိသည်။ ပထမအချက်မှာ ကလေးနေထိုင်ရမည့်နေရာသစ်သည် ယခင်နေထိုင်ခဲ့ရသော မိသားစုနေအိမ်နှင့် ထူးထူးခြားခြား ကွဲပြားခြားနားခြင်း မရှိသည့်အခါ ထိုကလေးအနေဖြင့် အလွယ်တကူ လိုက်လျောညီထွေစွာ နေထိုင်နိုင်ပေလိမ့်မည်။ ထို့ပြင် ထိုကလေး၏ တိုင်းရင်းသားနှင့်ယဉ်ကျေးမှုများအား နေရာသစ်ရှိ ယဉ်ကျေးမှုအသစ်များက ဖုံးလွှမ်းဖျက်စီးခြင်းမပြုနိုင်ရန် ကာကွယ်ပေးခြင်းလည်း ဖြစ်ပေါက်သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

အပိုဒ် (၂၁)

# မွေးစားခြင်း



ကလေးမွေးစားခြင်းကို အသိအမှတ်ပြုသော သို့မဟုတ် ခွင့်ပြုသော စာချုပ်အဖွဲ့ဝင်နိုင်ငံသည် ထိုမွေးစားခြင်းစနစ်တွင် ကလေး၏အကောင်းဆုံးအကျိုးကို အထူးအမြင့်မားဆုံး ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ထိုသို့ဖြစ်စေရန်အတွက်...

(က) လုပ်ဆောင်နိုင်မှုစွမ်းရည်ရှိသည့် အာဏာပိုင်များက ဆုံးဖြတ်ခွင့်ပြုသော ကလေးမွေးစားခြင်းများဖြစ်စေရန် အာမခံပေးရမည်ဖြစ်ပြီး ထိုသို့ဆုံးဖြတ်ရာတွင်လည်း ထိုကလေးမွေးစားခြင်းသည် ကလေး၏မိဘများ၊ ဆွေမျိုးများနှင့် တရားဝင်အုပ်ထိန်းခွင့်ရသောသူများနှင့် ပတ်သက်သည့် ကလေး၏ အဆင့်အတန်းအခြေအနေများကို သက်ဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆီလျော်သည့် ခိုင်မာသောသတင်းအချက် အလက်များအပေါ် အခြေခံလေ့လာပြီးမှ ခွင့်ပြုရမည်။

(ခ) အကယ်၍ ထိုကလေးအား စောင့်ရှောက်မည့်မိသားစုများ၊ မွေးစားမည့် မိသားစုများနှင့် ကလေးအားစောင့်ရှောက်မည့် အခြားသင့်လျော်သောနည်းလမ်းများ ကလေး၏မွေးရပ်နိုင်ငံအတွင်းတွင် မရှိတော့သည့်အ

www.burmeseclassic.com

www.burmeseclassic.com


ခါမျိုးတွင်မှ ထိုကလေးအား အခြားတိုင်းပြည်များ၌ မွေးစားခွင့်ပြုခြင်းကို အခြားနည်းလမ်းများဖြင့် ကလေးအားစောင့်ရှောက်ခြင်းအဖြစ် အသိအမှတ်ပြုရမည်။

(ဂ) ထိုသို့အခြားတိုင်းပြည်တွင် မွေးစားခံရသောကလေးသည် မိမိတိုင်းပြည်အတွင်းတွင် တည်ရှိနေသောမွေးစားခြင်းနှင့် ကိုက်ညီသည့် ကာကွယ်စောင့်ရှောက်ပေးမှုများနှင့် အဆင့်အတန်းများအတိုင်း ရရှိခံစားနိုင်စေရန် အာမခံပေးရမည်။

(ဃ) ထိုသို့ အခြားတိုင်းပြည်များတွင် မွေးစားခြင်းရှိလာပါက ထိုသို့မွေးစားရာတွင် ပါဝင်ပတ်သက်နေသည့်သူများအတွက် မသင့်လျော်သောငွေကြေးအကျိုးအမြတ်ရရှိစေခြင်းမဖြစ်စေရန် သင့်လျော်သောဆောင်ရွက်ချက်များအားလုံးကို လုပ်ဆောင်ပေး၍ အာမခံရမည်။

(င) ကလေးအား အခြားတိုင်းပြည်တွင်ထားရှိခြင်းကို အရည်အချင်း ပြည့်မီသော အာဏာပိုင်များနှင့် အဖွဲ့အစည်းများကသာ တာဝန်ယူလုပ်ဆောင်နိုင်ရန်အတွက် တနိုင်ငံနှင့် နိုင်ငံများအကြား စီစဉ်ဆောင်ရွက်မှုများ သို့မဟုတ် သဘောတူညီချက်များ လုပ်ဆောင်ခြင်းအပါအဝင် ယခုလုပ်ပိုင်ခွင့်ဘောင်အတွင်းတွင်ရှိသော အခြားနည်းလမ်းများဖြင့် ဤအပိုဒ်၏ရည်ရွယ်ချက်များကို သင့်လျော်သလို တိုးမြှင့်လုပ်ဆောင်သွားရမည်။

ယခုအပိုဒ်တွင် ကလေးမွေးစားခြင်းကိုခွင့်ပြုထားသော နိုင်ငံများ၌ ကလေးမွေးစားခွင့်ပြုခြင်းနှင့်ပတ်သက်၍ မည်သည့်အချက်အလက်များကို လေးစားလိုက်နာရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

နိုင်ငံအတော်များများတွင် ကလေးမွေးစားခြင်းကို တရားဥပဒေဖြင့် ခွင့်ပြုထားသည်။ သို့သော် အစ္စလာမ်နိုင်ငံများတွင် မွေးစားခြင်းဟုမခေါ်ဆိုဘဲ ကာဖလာ **(Khafala)** ဟူ၍ခေါ်ဝေါ်ပြီး မိသားစုတစုကနေ၍ ကလေးအား တသက်လုံးပြုစုစောင့်ရှောက်သည့် ပုံစံအစဉ်အလာကို ကျင့်သုံးလေ့ရှိသည်။ ပြီးခဲ့သော အပိုဒ်(၂၀)တွင် ထိုကာဖလာအစဉ်အလာကို ကလေးအား ကာကွယ်စောင့်ရှောက်သောနည်းလမ်းတခုအဖြစ် အသိအမှတ်ပြုထားသည်ကို တွေ့နိုင်သည်။

ကလေးမွေးစားခြင်းကို တရားဥပဒေအရ ခွင့်ပြုသောနိုင်ငံများ၌ ကလေး

www.burmeseclassic.com

www.burmeseclassic.com


မွေးစားခြင်းနှင့်ပတ်သက်၍ ရှေးဦးပထမအနေဖြင့် အထူးထည့်သွင်းစဉ်းစားရမည့် အချက်မှာ ကလေး၏အကောင်းဆုံးအကျိုးပင်ဖြစ်သည်။ ထိုသို့ ကလေးအကျိုးအတွက် အကောင်းဆုံးဖြစ်စေမည့် ကလေးမွေးစားမှုမျိုးကို ခွင့်ပြုနိုင်သော အာဏာနှင့် လုပ်ပိုင်ခွင့်ရှိသော တရားရုံးကဲ့သို့သော ဌာနတခုခုက အတည်ပြုခွင့်ပြုရမည်။ ထိုသို့သောဌာနတခုခုက ကလေး၏အခြေအနေကို လေ့လာစစ်ဆေးမှုများပြုလုပ်ပြီး မွေးစားသင့်သည်ဟူ၍ လက်ခံဆုံးဖြတ်ပေးခြင်း မရှိသောမွေးစားမှုမျိုးသည် တရားမဝင်သော မွေးစားမှုမျိုးဖြစ်သည်။ အကယ်၍ မွေးစားခြင်းနှင့်ပတ်သက်၍ ကလေးဖြစ်သူနှင့် ၎င်း၏မိဘနှစ်ပါး၏ ဆန္ဒကို ရယူရန်လိုအပ်သည့် အခြေအနေမျိုးဖြစ်ပါက ထိုသူများအနေဖြင့် မှန်မှန်ကန်ကန်ဆုံးဖြတ်ချက်များ ချမှတ်စေနိုင်ရေးအတွက် လိုအပ်သောကူညီလမ်းညွှန်မှုများ ပေးရပါမည်။

ဤအပိုဒ်တွင် အခြားနိုင်ငံတနိုင်ငံမှ ဇနီးမောင်နှံနှစ်ဦးကနေ၍ မိမိတို့နှင့် နိုင်ငံချင်းမတူသောနိုင်ငံမှ ကလေးတဦးအား မွေးစားခြင်းနှင့်ပတ်သက်ပြီး အထူးလိုက်နာရမည့် စည်းကမ်းများကို ဖော်ပြထားသည်။ ထိုသို့ နိုင်ငံမတူသောနိုင်ငံမှ ကလေးများအား မွေးစားခြင်းသည် ယခုကာလတွင် အထူးများပြားလာသည်ကို တွေ့ရသည်။ ထိုသို့များပြားလာရသည့်အကြောင်းမှာ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများရှိ ဇနီးမောင်နှံများတွင် ကလေးရရှိမှု နည်းပါးနေပြီး ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသော နိုင်ငံများတွင် မိဘမဲ့ကလေးများ၊ စွန့်ပစ်ခံကလေးအရေအတွက် များပြားနေမှုတို့ ကွာဟများပြားလာနေခြင်းကြောင့်ဖြစ်သည်။ အချို့စက်မှုထွန်းကားသော နိုင်ငံများရှိ ဇနီးမောင်နှံ ရာခိုင်နှုန်းအတော်များများသည် ကျန်းမာရေးချို့ယွင်းချက်ကြောင့် ကလေးမရရှိနိုင်သောပြဿနာနှင့် ကြုံတွေ့နေလျက်ရှိသည်။ မွေးစားနိုင်မည့်ကလေးများကို ရှာဖွေရန်မှာလည်း ထိုနိုင်ငံမျိုးတွင် မလွယ်ကူလှချေ။ ထို့ကြောင့် ထိုနိုင်ငံများမှ ရင်သွေးမရနိုင်သော ဇနီးမောင်နှံများသည် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေသော နိုင်ငံများမှ မိဘမဲ့ကလေးများ၊ စွန့်ပစ်ခံကလေးငယ်များကို မွေးဖွားနိုင်ရန် လိုက်လံရှာဖွေရာမှနေ၍ ယခုကဲ့သို့ တခြားနိုင်ငံများမှကလေးများကို မွေးစားမှုများ တိုးပွားလာခဲ့ခြင်းဖြစ်သည်။

ထိုသို့ နိုင်ငံခြားမှမွေးစားမည့်သူများအား မွေးစားခွင့်ပြုခြင်းသည် ထိုကလေးငယ်နေထိုင်သည့်နိုင်ငံအတွင်း မွေးစားမည့် သို့မဟုတ် ယာယီတာဝန်ယူ ထိန်း

www.burmeseclassic.com

www.burmeseclassic.com


ပေးကျွေးပေးမည့် မိသားစုများမရှိတော့သဖြင့် နောက်ဆုံးအနေဖြင့် ခွင့်ပြုလိုက်ရခြင်း မျိုးဖြစ်ရမည်။ အကယ်၍ ထိုကလေးငယ်အား မွေးစားလိုသော ဇနီးမောင်နှံနှစ်တွဲ ဖြစ်နေပြီး တတွဲမှာနိုင်ငံခြားမှ ဇနီးမောင်နှံများဖြစ်ပြီး အခြားတတွဲမှာ ထိုကလေးနေ ထိုင်ရာနိုင်ငံမှ မောင်နှံများဖြစ်ပါက ထိုကလေးနှင့် နိုင်ငံတူသောမောင်နှံကို မွေး စားခွင့်ပေးရန် ပိုမိုဦးစားပေးရမည်ဟု ဤအပိုဒ်(၂၁)က ဆိုထားသည်။

နိုင်ငံခြားသို့ ခေါ်ဆောင်မွေးစားရာတွင် သတိပြုရမည့်နောက်ထပ်အချက် မှာ ထိုသို့မွေးစားခြင်းသည် အကျိုးအမြတ်တစုံတခုအတွက် မွေးစားခြင်းမဖြစ်စေရန် ပင်ဖြစ်သည်။ ထိုသို့ဆိုရခြင်းမှာ လက်ရှိတွေ့ကြုံနေရသည့် ကလေးငယ်များအား နိုင်ငံတကာတွင် ကုန်ပစ္စည်းများသဖွယ် ကူးသန်းရောင်းဝယ်နေသည့် ဖြစ်ရပ်များ ကြောင့်ပင်ဖြစ်သည်။ တချို့မွေးစားလိုသူများသည် မိမိတို့မွေးစားလိုသောကလေး များကို လုပ်ထုံးလုပ်နည်း၊ စည်းကမ်းဥပဒေများအတိုင်း မွေးစားလိုခြင်းမရှိဘဲ ငွေ ပေး၍အလျင်အမြန် မွေးစားလိုကြသည်။ အချို့နိုင်ငံများတွင်လည်း ထိုသို့ကလေး မွေးစားခြင်းကို အမြတ်အစွန်းအတွက်မျှော်ကိုး၍ လုပ်စားနေသော ပွဲစားများရှိ နေတတ်သည်။ ထိုအခါမျိုးတွင် ငွေကြေးအမြတ်အစွန်းကိုသာ အဓိကထားသဖြင့် ကလေး၏အကောင်းဆုံးအကျိုးကို ရှေ့ရှုရမည်ဟူသောအချက်ကို ထည့်သွင်းစဉ်း စားခြင်း မရှိတော့ချေ။ ထိုအခါ ကလေးအတွက် အကောင်းဆုံးအကျိုးကို ဖန်တီးပေး နိုင်မည့် မိသားစုမျိုးကို လိုက်လံရှာဖွေပေးသည့် ပုံစံမျိုးမဟုတ်တော့ဘဲ မိသားစုက မွေးစားလိုသော ကလေးမျိုးကိုသာ လိုက်လံရှာဖွေသော ပုံစံမျိုးသို့ ဆိုက်ရောက် သွားတော့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com


အပိုဒ် (၂၂)

# ကလေးဒုက္ခသည်များ




(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် တဦးတည်းဖြစ်စေ၊ ကလေး၏မိဘနှင့် အတူတကွဖြစ်စေ သို့မဟုတ် အခြားသူနှင့်ဖြစ်စေ ရောက်ရှိလာပြီး ဒုက္ခသည်အဖြစ် လျှောက်ထားသော သို့မဟုတ် ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံထားရသော ကလေးအား ဤစာချုပ်ပါ သင့်လျော်သည့် အခွင့်အရေးများအပြင် စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လေးစားလိုက်နာရန်တာဝန်ရှိသည့် အခြားနိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားသော စာချုပ်စာတမ်းများပါ အခွင့်အရေးများ ခံစားရရှိစေရန်အတွက် သင့်လျော်သောကာကွယ်မှုများနှင့် လူသားချင်းစာနာသော အကူအညီများရရှိစေရန် သက်ဆိုင်ရာနိုင်ငံတကာဥပဒေများ သို့မ ဟုတ် နိုင်ငံတော်ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ သင့်တင့်လျောက် ပတ်သော လုပ်ဆောင်မှုများ လုပ်ဆောင်ပေးရမည်။

(၂) ထိုရည်ရွယ်ချက်အတိုင်း စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကုလသမဂ္ဂ သို့မဟုတ် လုပ်ဆောင်နိုင်စွမ်းရှိသော အခြားနိုင်ငံတကာအဖွဲ့အစည်းများ သို့မ ဟုတ် ကုလသမဂ္ဂနှင့် လက်တွဲလုပ်ဆောင်နေသော အစိုးရမဟုတ်သည့် အဖွဲ့အစည်း များနှင့် လိုအပ်ပါက ပူးပေါင်းဆောင်ရွက်၍ ဒုက္ခသည်ကလေးများအား သူတို့၏

www.burmeseclassic.com

www.burmeseclassic.com


ပါသားစုများနှင့် ပြန်လည်ပေါင်းဆုံနိုင်ရန်အတွက် လိုအပ်သောသတင်းအချက်အလက်များ ရရှိစေရန်အလို့ငှာ ထိုကလေး၏မိဘများနှင့် အခြားမိသားစုဝင်များအား လိုက်လံရှာဖွေခြင်းများ၊ ထိုကလေးအား ကူညီကာကွယ်ပေးခြင်းများကို ထောက်ပံ့ပေးရမည်။ အကယ်၍ ထိုကလေး၏မိဘများနှင့် အခြားမိသားစုဝင်များကို ရှာဖွေမတွေ့တော့သည့်အခါမျိုးတွင် ထိုကလေးအား ယခုစာချုပ်တွင်ဖော်ပြထားသော နည်းအမျိုးမျိုးကြောင့် မိသားစုဘဝနှင့် ယာယီဖြစ်စေ၊ ထာဝရဖြစ်စေ ကင်းဝေးနေသော အခြားကလေးများနှင့် တန်းတူသော ကာကွယ်စောင့်ရှောက်မှု ခံစားစေရမည်။

ဤအပိုဒ်တွင် ဒုက္ခသည်ကလေးများသည် ဤစာချုပ်ပါ ကလေးအခွင့်အရေးများကို အခြားကလေးများတန်းတူ ခံစားနိုင်ခွင့်ရှိစေရန်အပြင် နိုင်ငံတကာ ဒုက္ခသည်ဥပဒေများတွင်ပါဝင်သော ဒုက္ခသည်ဆိုင်ရာ အခြားအခွင့်အရေးများကိုလည်း ခံစားခွင့်ရှိစေရန်အတွက် အစိုးရကတာဝန်ယူ ကူညီဆောင်ရွက်ပေးသင့်ကြောင်း ဆိုထားသည်။

ဒုက္ခသည်ဆိုသည်မှာ မိမိ၏တိုင်းပြည်ရင်းတွင် နိုင်ငံရေးခံယူချက်ကြောင့်ဖြစ်စေ၊ ဘာသာရေး၊ လူမျိုးရေးနှင့် လူမှုရေးအုပ်စုဝင်ဖြစ်သောကြောင့်ဖြစ်စေ မိမိတိုင်းပြည်တွင် အရေးယူခြင်းခံရမည်ဖြစ်သော သို့မဟုတ် ထိုသို့အရေးယူခံရမည့် အန္တရာယ်ရှိသောသူများကို ဆိုလိုခြင်းဖြစ်သည်။ မိမိနေရင်းတိုင်းပြည်ထက် ပိုမိုကောင်းမွန်သော ဘဝမျိုးရရှိဖို့ အခွင့်အလမ်းရှာဖွေရန်အတွက် ထွက်လာသောသူများ သို့မဟုတ် မိမိတိုင်းပြည်ရှိ နိုင်ငံရေးစနစ်ကို မနှစ်သက်၍သက်သက်ဖြင့် ထွက်လာသောသူများကို ဒုက္ခသည်အဖြစ် မဆိုနိုင်ပါ။ ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံနိုင်ရန်အတွက် ထိုသူများသည် အပြစ်ပေးအရေးယူ ခံရသောသူများ သို့မဟုတ် တိုင်းပြည်အတွင်း ဆက်လက်နေထိုင်ပါက ထိုသို့အပြစ်ပေး အရေးယူခံရမည့် အခြေအနေ၊ အန္တရာယ်မျိုး ဆိုက်ရောက်နိုင်သော သူများဖြစ်ကြောင်း သက်သေအထောက်အထား ခိုင်လုံစွာပြသနိုင်ရန် လိုအပ်သည်။

ဒုက္ခသည်များနှင့်ပတ်သက်သည့် နိုင်ငံတကာဥပဒေများထဲတွင် အရေးအကြီးဆုံးသောအခွင့်အရေးမှာ ထိုဒုက္ခသည်များအား သူတို့၏ဘဝနှင့် လွတ်လပ်မှုကို အန္တရာယ်ဖြစ်စေမည့် နိုင်ငံရင်းသို့ အတင်းအကြပ်ပြန်လည်ပို့ဆောင်ခြင်းမှ ကာ

www.burmeseclassic.com

www.burmeseclassic.com

ကွယ်ပေးသော အခွင့်အရေးပင်ဖြစ်သည်။ ထိုအခွင့်အရေးအရ ဒုက္ခသည်များ ထွက်ပြေးခိုလှုံခဲ့သောနိုင်ငံမှ အာဏာပိုင်များသည် ဒုက္ခသည်များ အန္တရာယ်ကြုံတွေ့နိုင်မည့် နိုင်ငံရင်းဆီသို့ အတင်းအကြပ် ပြန်ပို့ဆောင်ခြင်းမပြုနိုင်ပေ။ ထိုအခွင့်အရေးများနှင့်ပတ်သက်၍ ၁၉၅၁ ခုနှစ် ဒုက္ခသည်များအဆင့်အတန်းဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်တွင် တိတိကျကျ ရေးသားထားသည်ကို လေ့လာနိုင်သည်။

ခိုလှုံခွင့်လျှောက်ထားသူဆိုသည်မှာ မိမိအား ဒုက္ခသည်အဖြစ် အသိအမှတ်ပြုသင့်သည်ဟု ယုံကြည်ထားပြီး ဒုက္ခသည်အဖြစ် အသိအမှတ်ပြု မခံရသေးသောသူများကို ဆိုလိုသည်။ ထိုသူများသည် ဒုက္ခသည်မဖြစ်သေးသော်လည်း အချို့အခွင့်အရေးများကို ရရှိခံစားခွင့်ရှိပြီး အထူးသဖြင့် ဒုက္ခသည်အဖြစ် လျှောက်ထားပိုင်ခွင့်နှင့် ဒုက္ခသည်အဖြစ် အသိအမှတ်ပြုမှုကို မဆုံးဖြတ်ရသေးခင် ထိုသူများအား နိုင်ငံရင်းသို့ အတင်းအကြပ် ပြန်လည်ပို့ဆောင်ခြင်းများမှ ကာကွယ်မှုများ ခံစားပိုင်ခွင့်ရှိသည်။

ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ်(၂၂)အရ ဒုက္ခသည်ကလေးငယ်များသည် သူတို့၏ မိဘများနှင့် တကွဲတပြားဖြစ်နေသည့်တိုင်အောင် ဒုက္ခသည်ဆိုင်ရာ အခွင့်အရေးများအားလုံးကို ခံစားပိုင်ခွင့်ရှိသည်ဟု ဆိုထားသည်။ မိဘများနှင့် တကွဲတပြားဖြစ်နေသည့်တိုင်အောင် ဒုက္ခသည်အခွင့်အရေးများကို ခံစားခွင့်ရှိသည်ဟု အထူးဖော်ပြထားခြင်းမှာ အချို့နိုင်ငံများ၏ဥပဒေများတွင် ကလေးငယ်များ၏ ဒုက္ခသည်အဆင့်အတန်းကို ဆုံးဖြတ်ရာတွင် ထိုကလေးမိဘများ၏ ဒုက္ခသည်အဆင့်အတန်းအပေါ်မူတည်၍ သတ်မှတ်ဆုံးဖြတ်လေ့ရှိသောကြောင့်ဖြစ်သည်။ ထိုဥပဒေအရ မိဘများအား ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံရပါက ထိုမိဘ၏ရင်သွေးများမှာ အလိုအလျောက် ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံရပြီး လမ်းခရီးတွင်မိဘများပျောက်ဆုံး၊ သေဆုံးသွားသော ကလေးငယ်များ သို့မဟုတ် မိဘများမပါဘဲ ထွက်ပြေးလာခဲ့ရသော ကလေးများမှာ ဒုက္ခသည်အဖြစ် လျှောက်ထားခွင့်မရှိတော့ချေ။ အပိုဒ်(၂၂)က ထိုသို့ဥပဒေမျိုးကို တားမြစ်ထားပြီး မိဘများမပါဘဲ တဦးတည်းထွက်ပြေး တိမ်းရှောင်လာသော ကလေးများသည်လည်း ဒုက္ခသည်အဖြစ် ခံစားခွင့်ပြုရန် ဖော်ပြထားသည်။

ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ထုတ်ပြန်ထားသော အဖော်

www.burmeseclassic.com

www.burmeseclassic.com


ပေါ်ပါသည့် ကလေးငယ်များနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရမည့် လမ်းညွှန်ချက် စာအုပ်တွင် အသက်(၁၅)နှစ်အထက် ကလေးငယ်များအား အကယ်၍ သူတို့ တိုင်းပြည်သို့ပြန်ပါက အပြစ်ပေးအရေးယူ ခံရမည့်အကြောင်းအချက် အန္တရာယ် များရှိ မရှိ သီးခြားမေးမြန်းပြီးမှ ထိုကလေး၏ ဒုက္ခသည်အဆင့်အတန်းကို သီးသန့် ဆုံးဖြတ်ပေးရမည်ဟု လမ်းညွှန်ထားသည်။ ထို့ပြင် မိဘနှင့်အတူတကွမဟုတ်သော အသက်(၁၅)နှစ်အောက် ကလေးငယ်များသည် ဒုက္ခသည်အဖြစ် လက်ခံအသိအ မှတ်ပြုထိုက်သော အကြောင်းအချက်များနှင့်ပြည့်စုံသော သူအများစုနှင့်အတူ ရောက်ရှိလာပါက ထိုကလေးငယ်သည်လည်း ဒုက္ခသည်ဖြစ်ထိုက်သည်ဟု ဆို ထားသည်။

BURMESE CLASSIC

မူလနေရင်းတိုင်းပြည်သို့ အတင်းအကြပ်ပြန်လည်ပို့ဆောင်ခြင်းမှ ကာ ကွယ်ပေးရေးဆိုသည့်အချက်မှလွဲ၍ ဒုက္ခသည်ကလေးငယ်များ၏ အခွင့်အရေးသည် အခြားကလေးငယ်များ၏ အခွင့်အရေးနှင့် အခြေခံအားဖြင့် အတူတူပင်ဖြစ်သည်။ ဒုက္ခသည်ကလေးများသည်လည်း ပညာသင်ကြားခွင့်၊ ကျန်းမာရေး အစောင့်အ ရှောက်ခံယူပိုင်ခွင့်၊ ဒုက္ခသည်စခန်းအတွင်းမွေးဖွားသော ကလေးပင်ဖြစ်စေ မွေး စာရင်းမှတ်ပုံတင်ရရှိခွင့်၊ အကြမ်းဖက်မှုနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားခဲ့ရသော ကလေးများအတွက် ပြန်လည်နာလန်ထ အစီအစဉ်များ ခံစားခွင့်တို့အပါအဝင် အခြားကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများကိုလည်း ခံစားခွင့်ရှိသည်။ အကယ် ၍ ဒုက္ခသည်ကလေးတယောက်သည် မိဘများနှင့် တကွဲတပြားဖြစ်နေပါက ထိုမိဘ များအကြောင်း သတင်းများကိုသိရှိခွင့်၊ ထိုမိဘများနှင့် ဆက်သွယ်ခွင့်နှင့် ပြန်လည် ဆုံတွေ့ခွင့်များရရှိအောင် ကူညီဆောင်ရွက်ပေးရမည်။


❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

အပိုဒ် (၂၃)

## မသန်မစွမ်းသောကလေးများ



(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ မသန်မစွမ်း ဖြစ်နေသောကလေးများအနေဖြင့် သူတို့၏ဂုဏ်သိက္ခာရှိရေး၊ ကိုယ့်အား ကိုယ်ကိုးလိုစိတ် တိုးတက်ရေးနှင့် ပတ်ဝန်းကျင်အတွင်း တက်ကြွစွာပါဝင်လာစေရေး တို့ကို...

(၂) အာမခံသောအခြေအနေမျိုးရှိသည့် သင့်တင့်လျောက်ပတ်ပြီး ပြည့်စုံသောဘဝမျိုး ခံစားသင့်ကြောင်း အသိအမှတ်ပြုရမည်။

(၃) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မသန်မစွမ်းကလေးများ၏ အထူးစောင့်ရှောက်ခံယူပိုင်ခွင့်ကို အသိအမှတ်ပြုရမည့်အပြင် ရရှိနိုင်သောအရင်းအမြစ်များအရ ထိုသို့ခံယူပိုင်ခွင့် ရှိသောကလေးများနှင့် ထိုအထူးစောင့်ရှောက်မှုအတွက် တာဝန်ရှိသူများကို အားပေးခြင်းဖြင့် ကလေး၏အဲဆင့်အတန်း၊ ကလေးမိဘများ သို့မဟုတ် ထိုကလေးအား စောင့်ရှောက်နေသောသူများ၏ အခြေအနေများနှင့်ကိုက်ညီပြီး သင့်တင့်လျောက်ပတ်သော ကူညီဆောင်ရွက်ပေးမှုများ အမြင့်မားဆုံးရရှိအောင် လုပ်ဆောင်ပေးရမည်။

www.burmeseclassic.com

www.burmeseclassic.com



(၄) မသန်မစွမ်းကလေးများ၏ အထူးလိုအပ်ချက်ကို အသိအမှတ်ပြုသည့်အားလျော်စွာ အထက်ပါအပိုဒ်ခွဲ(၂)တွင် ဖော်ပြထားသော အကူအညီများပေးရာတွင် မိဘများနှင့် အခြားစောင့်ရှောက်ပေးသူများ၏ ဘဏ္ဍာရေးအခြေအနေ ကို ထည့်သွင်းစဉ်းစား၍ ဖြစ်နိုင်ပါက ထိုအကူအညီများသည် အခမဲ့ဖြစ်စေရမည်။ ထို့ပြင် ထိုအကူအညီများသည် မသန်မစွမ်းကလေးများအတွက် လူမှုရေးပေါင်းစည်းမှုနှင့် ထိုကလေး၏ယဉ်ကျေးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအပါ အဝင် တဦးချင်းဖွံ့ဖြိုးတိုးတက်မှုကို အစွမ်းကုန်နှင့် အဖြစ်နိုင်ဆုံးရရှိ အောင်မြင်စေနိုင်သော ပညာရေးများ၊ သင်တန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များ၊ ပြန်လည်နာလံထရေး အစီအစဉ်များ၊ အလုပ်လုပ်နိုင်ရန်အတွက် ပြင်ဆင်ပေးမှုများနှင့် အပန်းဖြေအနားယူရန် အခွင့်အလမ်းများကို အကျိုးအရှိဆုံး ရယူခံစားနိုင်စေရန်အတွက် ပြင်ဆင်ဆောင်ရွက်ပေးရမည်။

(၅) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်နှင့်အညီ စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ လုပ်ဆောင်နိုင်မှုစွမ်းရည်များ၊ ကျွမ်းကျင်မှုများ တိုးတက်စေရေးအတွက် မသန်မစွမ်းကလေးများနှင့်ပတ်သက်သော ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပြန်လည်နာလံထရေးဆိုင်ရာ အစီအစဉ်များအကြောင်း၊ သက်မွေးဝမ်းကျောင်း အစီအစဉ်များအကြောင်းတို့နှင့် သက်ဆိုင်သည့်ဆေးပညာဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လုပ်ဆောင်နိုင်မှု စွမ်းရည်ဆိုင်ရာကုထုံး အကြောင်းအရာများကို သင့်လျော်သလို သတင်းဖလှယ်ခြင်းများ တိုးတက်အောင် လုပ်ဆောင်ပေးရမည်။

မသန်မစွမ်းသောကလေးများတွင် အထူးအခွင့်အရေးများရှိသည်ဟု ဤအပိုဒ်တွင် ဖော်ပြထားသည်။ မသန်မစွမ်းမှုဆိုသည်မှာ သာမန်ကလေးများ နေထိုင်သည့်ဘဝအတိုင်း မနေနိုင်အောင် ခန္ဓာကိုယ်နှင့်စိတ်ပိုင်းတို့အား ပြင်းပြင်းထန်ထန်နှင့် ထာဝရထိခိုက်စေသည့်ပြဿနာဟု အဓိပ္ပါယ်ဖွင့်လေ့ရှိသည်။ တချို့ကလေးများသည် မွေးရာပါ မသန်မစွမ်းသူများဖြစ်လေ့ရှိပြီး အချို့မှာ မတော်တဆထိခိုက်မှုနှင့် ရောဂါတို့ကြောင့် မွေးဖွားပြီးမှ မသန်မစွမ်းဖြစ်သွားသူများလည်းရှိသည်။ ကလေးသူငယ်များ မသန်မစွမ်းဖြစ်စေသော အခြားအချက်မှာ စစ်ပွဲအတွင်း အဆိပ်ရာရရှိခြင်း၊ မိုင်းနင်းမိခြင်းကြောင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ချို့တဲ့သွားသောအဖြစ်ပင်

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သည်။ နောက်ထပ်တချက်မှာ ပိုလီယိုရောဂါ ကာကွယ်ဆေး မထိုးသည့်အတွက် မသန်မစွမ်းဖြစ်ခြင်းဖြစ်သည်။

လုံလောက်သောအဟာရမရဘဲ ချို့တဲ့မှုကြောင့် ကလေးများမသန်မစွမ်းဖြစ်ရခြင်းမျိုးလည်း ရှိပါသည်။ အထူးသဖြင့် အိုင်အိုဒင်းဓာတ်နှင့် ဗီတာမင်ဓာတ်များချို့တဲ့မှုကြောင့် ကမ္ဘာပေါ်ရှိ ကလေးငယ်သိန်းပေါင်းများစွာသည် နှစ်စဉ်နှစ်တိုင်း မျက်မမြင်အဖြစ်သို့ ရောက်ရှိနေလျက်ရှိသည်။

ယခုအပိုဒ်(၂၃)တွင် အဓိကဖော်ပြထားသောအချက်မှာ မသန်မစွမ်းကလေးငယ်များသည်လည်း သူတို့၏ဂုဏ်သိက္ခာကို မထိခိုက်စေသည့် "သင့်တင့်လျောက်ပတ်ပြီးပြည့်စုံသောဘဝ" ကို ရရှိခံစားခွင့်ရှိသည်ဆိုသော အချက်ပင်ဖြစ်သည်။ ထို့အပြင် မသန်မစွမ်းကလေးများအနေဖြင့် ကိုယ့်ကိုကိုယ် အားကိုးရပ်တည်လာနိုင်ရန်နှင့် လူမှုပတ်ဝန်းကျင်၏ လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်လာစေရန်အတွက် လိုအပ်သော အခွင့်အရေးများရရှိစေရန် လုပ်ဆောင်ပေးရမည်ဟုလည်း ဆိုထားပါသည်။ သူတို့ကိုယ်တိုင် လုပ်ဆောင်လာအောင် လေ့ကျင့်သင်ကြားနိုင်သည့် လုပ်ငန်းများတွင် အခြားသူများအပေါ်တွင်သာ မှီခိုအားထားနေရမှုများ၊ မသန်မစွမ်းသည့်အချက်ကြောင့် အချို့သောပညာရပ်များကို လေ့လာသင်ယူခွင့်မပြုမှုများ မကျင့်သုံးသင့်ပေ။

ဤအပိုဒ်တွင် မသန်မစွမ်းကလေးငယ်များသည် အထူးကာကွယ်စောင့်ရှောက်မှုများလိုအပ်သည်ဟု ဖော်ပြထားပြီး ထို့အတွက်ကြောင့် အစိုးရသည် ထိုကလေးများနှင့် မိဘများအား လိုအပ်သောအကူအညီများဖြစ်သည့် ဆေးဝါးအထောက်အပံ့များ၊ ပြန်လည်နာလန်ထရေး အစီအစဉ်များနှင့် အထူးပညာသင်ကြားရေးအကူအညီများ၊ အလုပ်သင်တန်းများ၊ အားကစား၊ ယဉ်ကျေးမှု အစီအစဉ်များနှင့် အခြားအပန်းဖြေမှုများတွင် ပါဝင်နိုင်စေမည့် အခွင့်အလမ်းများကို ထောက်ပံ့ပေးရန် တာဝန်ရှိကြောင်း အတိအကျဖော်ပြထားသည်။ ဖြစ်နိုင်ပါက ထိုသို့ထောက်ပံ့ပေးသော



www.burmeseclassic.com



အထူးအကူအညီများသည် အခမဲ့ဖြစ်ရမည်ဟု ဤအပိုဒ်ကဆိုထားသည်။

စာချုပ်ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံများအကြား ထိုသို့ ကလေးများ မသန်မစွမ်းဖြစ်စေမှုကို ကာကွယ်ပေးနိုင်သည့် သတင်းအချက်အလက်များအကြောင်း၊ ပြန်လည်နာလံထရေး အစီအစဉ်များအကြောင်းနှင့် အထူးပညာသင်ကြားရေး နည်းပညာများအကြောင်းကို တနိုင်ငံနှင့်တနိုင်ငံအကြား အပြန်အလှန်ဖလှယ်မှုများ လုပ်ဆောင်သင့်ကြောင်း ယခုအပိုဒ်က တိုက်တွန်းထားသည်။ သို့မှသာ မသန်မစွမ်းဖြစ်နေသော ကလေးငယ်များအတွက် အကောင်းဆုံးနှင့် အဖြစ်နိုင်ဆုံးသော ကူညီထောက်ပံ့ပေးမှုများ ထောက်ပံ့ပေးနိုင်လိမ့်မည်ဖြစ်သည်။


❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

အပိုဒ် (၂၄)

# ကျန်းမာရေးစောင့်ရှောက်မှုခံစားပိုင်ခွင့်



(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးများ၏ ကျန်းမာရေးအဆင့်အတန်းများကို အမြင့်မားဆုံး ရရှိခံစားခွင့်အား အသိအမှတ်ပြုရမည်ဖြစ်ပြီး မကျန်းမာဖျားနာမှုများကို ကုသပေးခြင်းနှင့် ပြန်လည်နာလံထ ထူထောင်လာစေရေးအတွက် ထောက်ပံ့ပေးခြင်းများ လုပ်ဆောင်ပေးရမည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မည်သည့်ကလေးတယောက်မှ ထိုကျန်းမာရေးစောင့်ရှောက်မှုများကို မခံစားရခြင်း မရှိရစေအောင် အထူးအာမခံပေးရမည်။

(၂) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ထိုအခွင့်အရေးများကို အစွမ်းကုန်၊ အပြည့်အဝ အကောင်အထည်ဖော်ပေးနိုင်စေရန်အတွက် အထူးသဖြင့် ...

(က) မွေးကင်းစရင်သွေးသေဆုံးမှုနှင့် ကလေးငယ်များ၏ သေဆုံးမှုများကို လျော့နည်းစေရန်။

(ခ) အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ တိုးတက်စေရေးကိုအထူးအလေးထား၍ ကလေးတိုင်းအတွက်လိုအပ်သော ကျန်းမာရေးကူညီမှု နှင့် စောင့်ရှောက်မှုများ ထောက်ပံ့ပေးခြင်းများကို အာမခံရန်။

www.burmeseclassic.com

www.burmeseclassic.com



(ဂ) လက်ရှိရှိနေသော အတတ်ပညာကို အသုံးချခြင်းနှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု၏အန္တရာယ်နှင့် အနာဂတ်တွင်ဖြစ်လာနိုင်မည့် ခြိမ်းခြောက်မှုများကိုလည်း ထည့်သွင်းစဉ်းစားပြီး လုံလောက်သော အဟာရအစားအစာများ၊ သန့်ရှင်းလုံလောက်သောသောက်သုံး ရေများပံ့ပိုးပေးခြင်းတို့မှတဆင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျုံးဝင်သော ရောဂါများနှင့် အဟာရချို့တဲ့မှုတို့ကို တိုက်ဖျက်ရန်။

(ဃ) မိခင်များအတွက် ကလေးမမွေးဖွားမီနှင့် မွေးဖွားပြီးအချိန်ကာလတို့တွင် သင့်လျော်သော ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရေးအတွက် အာမခံပေးရန်။

(င) လူမှုအသိုင်းအဝိုင်း၏ အစိတ်အပိုင်းအားလုံးကို အထူးသဖြင့် မိဘများနှင့် ကလေးများအား ကလေးကျန်းမာရေးနှင့် အဟာရဖွံ့ဖြိုးရေး၊ နို့ချိုတိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများ၊ တကိုယ်ရေသန့်ရှင်းမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှုများအကြောင်းနှင့် မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများ တားဆီးမှုများနှင့်ပတ်သက်သော အခြေခံဗဟုသုတများကို ပေးနိုင်သည့် ပညာရေးများရရှိစေရန်အတွက် အာမခံပေးရန်။

(စ) ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်မှုများ၊ မိသားစုစီမံကိန်းများနှင့်ထောက်ပံ့ပေးမှုများအတွက် မိဘများအားလမ်းညွှန်ပေးမှုများ တိုးတက်လာစေရန် အစရှိသည်တို့ကို သင့်လျော်သလို လုပ်ဆောင်ပေးရမည်။

ကလေးတိုင်းသည် အဖြစ်နိုင်ဆုံးနှင့် အကောင်းဆုံးသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုခံယူပိုင်ခွင့်ရှိသည်။ ထိုသို့သော ကျန်းမာရေးစောင့်ရှောက်မှုခံပိုင်ခွင့်ရရှိစေရန် အစိုးရ၏ လုပ်ဆောင်ပေးရမည့်အချက်များကို ဤအပိုဒ် (၂၄)တွင် ရှင်းလင်းစွာ ဖော်ပြထားသည်ကို တွေ့နိုင်သည်။

ပထမဦးဆုံး အစိုးရအနေဖြင့် လုပ်ဆောင်ပေးရမည်ဟု ဖော်ပြထားသော အချက်မှာ မွေးကင်းစရင်သွေးသေဆုံးမှု **(Infant mortality)** နှင့် ကလေးငယ်များ၏ သေဆုံးမှု**(Child mortality)** တို့ လျော့ပါးအောင် လုပ်ဆောင်ပေးရန်ဖြစ်သည်။ မွေးကင်းစ ရင်သွေးသေဆုံးမှုဆိုသည်မှာ မွေးဖွားလာပြီးနောက် အသက်တနှစ်မပြည့်ခင်

www.burmeseclassic.com

ကလေးငယ်များ သေဆုံးမှုကို ဆိုလိုခြင်းဖြစ်သည်။ ကလေးငယ်များ၏ သေဆုံးမှုဆိုသည်မှာ အသက်ငါးနှစ်မပြည့်သော ကလေးငယ်များ သေဆုံးမှုကိုဆိုလိုသည်။ ထိုကလေးအသက်အရွယ်နှစ်မျိုးကို အဓိကထားဖော်ပြရခြင်းမှာ ထိုအသက်အရွယ်အတွင်းရှိသော ကလေးများသည် အထူးနုနယ်လှသော အရွယ်များဖြစ်သည့်အပြင် ၎င်းတို့သေဆုံးရသော ရောဂါများမှာလည်း အလွယ်တကူ ကာကွယ်တားဆီးနိုင်သော ရောဂါများ ဖြစ်နေသောကြောင့်ဖြစ်သည်။

အစိုးရက လုပ်ဆောင်ပေးသင့်သည်ဟု ဖော်ပြထားသော နောက်ထပ်အချက်မှာ ကလေးငယ်တိုင်း ဆေးဝါးစောင့်ရှောက်မှု ခံယူပိုင်ခွင့်ဖြစ်သည်။ ဤအပိုဒ်(၂၄)တွင် ဖော်ပြထားသည့် ဆေးဝါးစောင့်ရှောက်မှု ခံယူပိုင်ခွင့်ဆိုသည်မှာ အခြေခံကျန်းမာရေး စောင့်ရှောက်ခွင့်ကို ဆိုလိုခြင်းဖြစ်သည်။ ထိုအခြေခံ ကျန်းမာရေးစောင့်ရှောက်မှုတွင် ကျန်းမာရေးစစ်ဆေးမှုများ၊ ကာကွယ်ဆေးထိုးပေးမှုများနှင့် ကလေးငယ်များအကြားတွင် အဖြစ်များသည့် ရောဂါများအတွက် ဆေးဝါးများပေးခြင်း စသည်တို့ကိုဆိုလိုသည်။ တခါတရံတွင် အစိုးရအနေဖြင့် ပြည်သူများအကြားတွင် အဖြစ်များသောရောဂါများကို ကုသပေးနိုင်မည့် ကျန်းမာရေးစောင့်ရှောက်မှုများအား ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးသင့်သလား၊ သို့မဟုတ် ခေတ်မီတိုးတက်ပြီး ငွေကြေးအကုန်အကျများသော နည်းပညာများနှင့် ကုသရန်ခက်ခဲသော ရောဂါများကုသရန် နောက်ဆုံးပေါ် နည်းပညာဆေးနည်းများကို ဝယ်ယူရမလား စသည့်အချက်နှစ်ချက်အကြားတွင် ဆုံးဖြတ်ချက်ချရခက်သည့် အခြေအနေမျိုးလည်း ရှိတတ်သည်။ အပိုဒ်(၂၄)အရ ထိုသို့ရွေးချယ်စရာဖြစ်လာပါက တိုင်းပြည်အတွင်းရှိ လူအနည်းငယ်အတွက် လိုအပ်သော ခေတ်မီဆေးဝါး နည်းပညာများထက် လူအများအတွက် အခြေခံကျသော ကျန်းမာရေးစောင့်ရှောက်မှုကို လုံလုံလောက်လောက် ပံ့ပိုးပေးမှုအား ဦးစားပေးရမည်ဟု ဆိုထားသည်။

ထို့ပြင် အဟာရချို့တဲ့မှုနှင့် ရောဂါထူပြောမှုများကို တိုက်ဖျက်နိုင်ရန်အတွက် အဟာရပြည့်ဝသောအစားအစာနှင့် သန့်ရှင်းသောသောက်သုံးရေများကို လူတိုင်းရရှိစေရန် အစိုးရက အာမခံဖြည့်ဆည်းပေးရမည်ဟု ဤအပိုဒ်က ဆိုထားပါသည်။ ထိုသို့သန့်ရှင်းသောရေ၊ လေနှင့်အဟာရပြည့်ဝသော အစားအစာများရရှိစေရန်အတွက် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို အလေးထားဆောင်ရွက်ရ

www.burmeseclassic.com



မည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။ ကမ္ဘာပေါ်တွင် ကလေးငယ်များအား အများဆုံးသေဆုံးစေသည့် ရောဂါနှစ်မျိုးမှာ ဝမ်းရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်သဖြင့် ထိုရောဂါများ ကူးစက်ပြန့်ပွားစေနိုင်မည့် အစားအစာ၊ ရေနှင့်လေတို့ သန့်ရှင်းစေရန်အတွက် အစိုးရကနေ၍ အထူးဂရုစိုက် လုပ်ဆောင်ပေးရန်လိုအပ်သည်။

အစိုးရက လုပ်ဆောင်ရန်ဖော်ပြထားသော စတုတ္ထအချက်မှာ ကလေးမမွေးဖွားမီနှင့် မွေးဖွားပြီးအချိန်ကာလတို့တွင် မိခင်များအနေဖြင့် ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရန်အတွက် အစိုးရကနေ၍ အာမခံပေးရမည် ဟူသော အချက်ပင်ဖြစ်သည်။ ကိုယ်ဝန်ဆောင်နေစဉ်အတွင်း ကိုယ်ဝန်ဆောင်မိခင်အား သင့်တင့်ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်ပေးခြင်းဖြင့် မွေးဖွားလာမည့်ရင်သွေး၏ ကျန်းမာရေးကိုလည်း ကောင်းမွန်စေနိုင်သည်။ မမွေးဖွားမီ ကျန်းမာရေးစောင့်ရှောက်မှုဆိုသည်မှာ ကျန်းမာရေး မှန်မှန်စစ်ဆေးမှုမှစ၍ မွေးဖွားရခက်ခဲနိုင်သည့် ပြဿနာများကို စမ်းသပ်စစ်ဆေးကုသပေးခြင်း၊ မေးခိုင်ကာကွယ်ဆေးထိုးပေးခြင်း၊ အပန်းဖြေအနားယူစေခြင်းနှင့် အဟာရပြည့်ဝစေခြင်းတို့ ပါဝင်သည်။ မွေးဖွားပြီးသောကာလတွင် မိခင်ဖြစ်သူအား လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုများ ထောက်ပံ့ပေးခြင်းမှာလည်း အရေးကြီးသော လုပ်ဆောင်မှုတခုပင်ဖြစ်သည်။ သို့မှသာ မိခင်အနေဖြင့် မွေးဖွားလာသည့် ကလေးငယ်အား ကောင်းမွန်စွာ စောင့်ရှောက်နိုင်ပေမည်။

အစိုးရအနေဖြင့် နောက်ထပ်တာဝန်ရှိသေးသော အချက်တခုမှာ ကလေးငယ်များနှင့်မိခင်များအား ကျန်းမာရေးပညာပေးခြင်းပင်ဖြစ်သည်။ ကျန်းမာရေးပညာပေးရာတွင် အဟာရပြည့်ဝရေးအကြောင်း၊ တကိုယ်ရေ သန့်ရှင်းမှုအကြောင်းနှင့် မတော်တဆထိခိုက်မှုများအကြောင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ပါဝင်သင့်သည်။ မိဘများကို မိခင်နို့တိုက်ခြင်းအကြောင်းနှင့် မိသားစုစီမံကိန်းများအကြောင်း သိကောင်းစရာ သတင်းများအကြောင်း အသိပေးရမည်။ ကလေးတဦးနှင့်တဦးမွေးဖွားချိန် နီးကပ်လွန်းပါက မိခင်၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ မိခင်ကျန်းမာရေး ထိခိုက်လာပါက ရင်သွေးဖြစ်သူ၏ ကျန်းမာရေးကိုပါ ထိခိုက်စေသည်ဆိုသော ကျန်းမာရေးအသိပညာပေးမှုမျိုး မိသားစုအတွင်း သိရှိ

www.burmeseclassic.com

အောင်လုပ်ဆောင်ပေးရမည်။ ပထမကလေးနှင့် တနှစ်ခွဲခန့်ခြားပြီး မွေးဖွားလာသော နောက်ထပ်ကလေးငယ်သည် နှစ်နှစ်၊ သုံးနှစ်ခန့်ခြားပြီးမှ မွေးဖွားလာသောကလေးထက် သေဆုံးနှုန်းနှစ်ဆပိုများသည်ဆိုသော သတင်းအချက်များကို အများသိစေရမည်။

ဤအပိုဒ်တွင် ကလေးဖြစ်သူ၏ကျန်းမာရေးကို အန္တရာယ်ဖြစ်စေမည့် ရှေးရိုးစဉ်လာ ဆေးမီးတိုကုထုံးများ ပပျောက်စေရန်အတွက် အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးရန် ဖော်ပြထားသည်။

ထိုအချက်ကို ထည့်သွင်းရခြင်း၏ရည်ရွယ်ချက်မှာ ကလေးငယ်၏ ကိုယ်ခန္ဓာအစိတ်အပိုင်းတခုခုကို ဘာသာရေးအကြောင်းကြောင်းကြောင့်ဖြစ်စေ၊ အခြားသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ ဖြတ်တောက်သောဓလေ့များ ပပျောက်သွားစေရန်ဖြစ်သည်။ သို့တိုင်အောင် အချို့နိုင်ငံများတွင် အပျိုဖော်၊ လူပျိုဖော်ဝင်သည့် အထိမ်းအမှတ်အခမ်းအနားများ၌ ကိုယ်ခန္ဓာအစိတ်အပိုင်းအား ဖြတ်တောက်သောဓလေ့များကို ယနေ့ထိတိုင် ကျင့်သုံးနေဆဲဖြစ်သည်။

❖❖❖❖❖


www.burmeseclassic.com

www.burmeseclassic.com



အပိုဒ် (၂၅)

# ကလေးစောင့်ရှောက်ထားသည့်ဌာနများအား အချိန်မှန်မှန်စစ်ဆေးခြင်း



စွမ်းဆောင်နိုင်သည့် အာဏာပိုင်များက ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကုသရန်၊ ကာကွယ်ပေးရန်နှင့် စောင့်ရှောက်ပေးရန် ရည်ရွယ်ချက်များ ဖြင့် နေရာတခုတွင် စောင့်ရှောက်ရန်အတွက်ဆုံးဖြတ်၍ အပ်နှံထားသောကလေးများတွင် ၎င်းတို့အပေါ် ဆက်ဆံကုသနေမှုများနှင့် ၎င်းရောက်ရှိနေသော နေရာနှင့် သက်ဆိုင်သည့် အခြားအခြေအနေများအပေါ် အချိန်ကာလအပိုင်းအခြားအလိုက် စစ်ဆေးခံပိုင်ခွင့်ရှိသည်ကို စာချုပ်အဖွဲ့ဝင်နိုင်ငံများက အသိအမှတ်ပြုရမည်။

ဤအပိုဒ်တွင်ပါဝင်သော အချက်များမှာ မိဘမဲ့ဂေဟာ၊ လူငယ်သင်တန်းကျောင်းကဲ့သို့သော ကလေးများအား စောင့်ရှောက်ထားသည့် နေရာဌာနများသို့ ရောက်ရှိနိုလှုံနေရသော ကလေးများ၏ အခွင့်အရေးများဖြစ်သည်။ ကလေးများအား ထိုနေရာဌာနများတွင် ပို့ဆောင်ရသော အကြောင်းအချက်မျိုးစုံ ရှိတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့ကလေးများမှာ မိဘများကဂရုမစိုက် လျစ်လျူရှုသောကြောင့် သို့မဟုတ် နှိပ်စက်နေသောကြောင့် နေအိမ်မှနေ၍ ထိုဂေဟာများသို့ ပို့ဆောင်ထားရသော ကလေးများဖြစ်သည်။ တချို့မှာ ကလေးဖြစ်သူသည် ရုပ်ပိုင်းစိတ်ပိုင်း မသန်မစွမ်းဖြစ်နေ၍ မိသားစုက မစောင့်ရှောက်နိုင်ဘဲ ဂေဟာတွင် လာရောက်အပ်နှံထားသော ကလေးများလည်းရှိသည်။ တချို့ကလေးမှာမူ မူးယစ်ဆေးဝါးစွဲနေသောကြောင့် မူးယစ်ဆေးဝါးဖြတ်တောက်ရန်အတွက် ထိုနေရာသို့ ရောက်ရှိနေသော ကလေးမျိုးလည်းရှိသည်။ တချို့မှာ မိဘများက စွန့်ပစ်ထားသောကြောင့် စောင့်ရှောက်သူမဲ့ဖြစ်နေ၍ ရောက်လာခြင်းမျိုးလည်းရှိသည်။ ရုပ်ပိုင်းနှင့် စိတ်ပိုင်းချို့ယွင်းမှုကြောင့်နှင့် ဆေးဝါးစောင့်ရှောက်မှုခံယူရန် လိုအပ်သောကြောင့် ရောက်လာသောကလေးများကို အများအားဖြင့် ဆေးရုံနှင့် အခြားအထူးဌာနများတွင် စောင့်ရှောက်ထားလေ့ရှိသည်။ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောကလေးများနှင့် မိဘများက ပြုစုစောင့်ရှောက်ရန် မတတ်သာသဖြင့် ရောက်ရှိလာသောကလေးများကို ကလေးဂေဟာများတွင် ထားရှိလေ့ရှိသည်။ အပိုဒ်(၂၅)တွင်ပါဝင်သော ကလေးစောင့်ရှောက်ထားသည့်ဌာနများတွင် ရောက်ရှိခိုလှုံနေသော ကလေးများ၏ အခွင့်အရေးသည် ထိုနေရာနှစ်မျိုးစလုံးတွင် ရောက်နေသော ကလေးများအတွက်ဖြစ်သည်။ ထိုသို့နေရာများတွင် ရောက်ရှိနေသော ကလေးများအား မည်ကဲ့သို့ဆက်ဆံနေသည်ဆိုသောအချက်ကို စစ်ဆေးမှုများ ပြုလုပ်ပေးရမည့်အပြင် ထိုကလေးငယ်အားထားရှိသည့်နေရာနှင့် ပတ်သက်သည့် အချက်အလက်များအားလုံးကိုလည်း စစ်ဆေးပေးရမည်ဟု ၎င်းအပိုဒ်က ဆိုထားသည်။

ထိုသို့ဆိုထားသော်လည်း အချိန်မည်မျှကြာကြာတွင် မှန်မှန်စစ်ဆေးရမလဲ၊ မည်သူတွေက တာဝန်ယူစစ်ဆေးရမလဲ၊ မည်သည့်အချက်အလက်များကို စုံစမ်းစစ်ဆေးရမလဲဆိုသော မေးခွန်းများအတွက် နိုင်ငံတကာနှင့်ကိုက်ညီမည့် အဖြေမရှိသေးပါ။ သို့သော် အဓိကအချက်မှာ ကလေးများကို ကလေးဂေဟာများနှင့် သင်တန်းကျောင်းများတွင် အပ်နှံထားလိုက်ရုံဖြင့် မပြည့်စုံသေးပါ။ ထိုအပ်နှံထားသော ကလေးများ၏အခြေအနေနှင့် သူတို့၏အခွင့်အရေးများအပေါ် ထိုနေရာများရှိ တာဝန်ရှိသူများက အမှန်တကယ် လေးစားမှုရှိမရှိ၊ ကလေး၏ဂုဏ်သိက္ခာအတိုင်း ဆက်ဆံမှုရှိမရှိတို့ကို အချိန်မှန်မှန်လေ့လာစုံစမ်းမှုများ ပြုလုပ်ရမည်ဆိုသော အ

www.burmeseclassic.com


ချက်ဖြစ်သည်။

ဆေးဖက်ဆိုင်ရာကုသမှုနှင့် စိတ်ပိုင်းဆိုင်ရာအကူအညီများ လိုအပ်သောကြောင့် ထိုနေရာများသို့ ပို့ဆောင်ထားသောကလေးများနှင့် ပတ်သက်၍ စုံစမ်းရမည့်အချက်များမှာ ထိုကလေးများအပေါ် ကုသပေးနေသော ကုသမှုပုံစံသည် ကလေးများ အမှန်တကယ်လိုအပ်သောကုသပုံ ဟုတ်မဟုတ်၊ ထိုသို့ကုသမှုကြောင့် တိုးတက်ကောင်းမွန်လာခြင်း ရှိမရှိဆိုသောအချက်များ ဖြစ်ပေလိမ့်မည်။ စော်ကားခံထားရသောကလေးများအား စောင့်ရှောက်ထားသော ဂေဟာများကို စစ်ဆေးရာတွင် ထိုကလေးများခံစားခဲ့ရသော ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ နာကျင်ခံစားခဲ့ရမှုများအား ဖြေဖျောက်နိုင်သည့် အကူအညီများဖြစ်မဖြစ် စုံစမ်းရန်လိုအပ်သည်။ မသန်မစွမ်းဖြစ်သော ကလေးများဂေဟာတွင် စုံစမ်းစစ်ဆေးမည်ဆိုပါက ကလေးများအား ဆက်ဆံပုံသည် အပိုဒ်(၂၃)တွင်ဆိုထားသည့် ကလေးများကိုယ့်အားကိုယ်ကိုး၍ ပတ်ဝန်းကျင်တွင် တက်ကြွပါဝင်စေနိုင်အောင် လုပ်ဆောင်ပေးနိုင်သည့် ဆက်ဆံနည်းများ ဟုတ်မဟုတ်ကို အဓိကထားစစ်ဆေး စုံစမ်းရမည်ဖြစ်သည်။

ထိုသို့ဆက်ဆံပုံ ဆက်ဆံနည်းများသာမက ထိုဂေဟာများတွင်ရှိသောနေထိုင်မှု အခြေအနေများကိုလည်း စစ်ဆေးရန်လိုအပ်သည်။ ထိုကလေးများအားကျွေးသောအစားအစာများသည် 'အဟာရပြည့်မပြည့်၊ အဝတ်အစားများသည် သန့်ရှင်းမှုရှိမရှိ၊ ရာသီဥတုနှင့်ကိုက်ညီမှုရှိမရှိ၊ သင်ကြားနေသောပညာရေးများကောင်းမကောင်း၊ ကလေးများ၏ စိတ်ပိုင်းနှင့်လူမှုရေးဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ခြင်းရှိမရှိ၊ ကလေးများအပန်းဖြေကစားခွင့်ရှိမရှိ၊ ကလေးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်ပေးခြင်းရှိမရှိ ဆိုသည့်အချက်များအပြင် ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာအပါအဝင် အခြားသောအမြတ်ထုတ်မှုများ ရှိနေသလား ဆိုသောအချက်များကို စစ်ဆေးရန်လိုအပ်သည်။

နောက်ထပ်စစ်ဆေးရန် လိုအပ်သောအချက်မှာ ထိုကလေးအား ထိုနေရာတွင် ဆက်လက်ထားရှိရန် လိုမလိုဟူသော အချက်ပင်ဖြစ်သည်။ ထိုအချက်မှာ အခြားအချက်များနှင့် တန်းတူအရေးကြီးလှသည်။ ဤစာချုပ်ပါအပိုဒ်(၉)တွင် ကလေးများအား မလိုအပ်ဘဲ မိဘများနှင့်တသီးတခြား ခွဲထားခြင်းမပြုရဟု ဆိုထားသည်။ အကယ်၍ ကလေးဖြစ်သူကို လိုအပ်သောအကြောင်းအချက် အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com

အရ မိဘများနှင့်တသီးတခြားစီ ခွဲထားရသောပြဿနာ နောက်ထပ်ဆက်လက်မရှိတော့ပါက ထိုကလေးအား မိဘရင်းထံ ပြန်လည်လွှဲပြောင်းပေးရတော့မည် ဖြစ်သည်။ အပိုဒ်(၂၅)တွင် ထိုနေရာမျိုးသို့ ရောက်ရှိလာသော ကလေးများအား သွန်သင်ဆုံးမရာတွင် သူတို့၏အသိုင်းအဝိုင်းအတွင်း အဆင်ပြေပြေဖြင့် ပြန်လည်နေထိုင်နိုင်ရန် ရည်ရွယ်၍ သွန်သင်ပေးရမည်ဟု လမ်းညွှန်ထားသည်။ ထို့အတွက်ကြောင့် ထိုဌာနများတွင် ကျင့်သုံးသောကလေးများအား ဆက်ဆံပုံဆက်ဆံနည်းများသည် ထိုရည်ရွယ်ချက်များအတိုင်း ဟုတ်မဟုတ် စုံစမ်းစစ်ဆေးလေ့လာရန် လိုအပ်ခြင်းဖြစ်သည်။

❖❖❖❖❖



www.burmeseclassic.com

www.burmeseclassic.com


## အပိုဒ် (၂၆)

## လူမှုဖူလုံရေး (Social Security)




(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးတိုင်းတွင် လူမှုအာမခံကြေးများ အပါအဝင် လူမှုဖူလုံကြေးများ၏ အကျိုးများခံစားခွင့်ရှိသည်ကို အသိအမှတ်ပြုရမည်။ ထို့ပြင် ထိုအခွင့်အရေးအား အပြည့်အဝနားလည်သဘောပေါက်စေရန်အတွက် လိုအပ်သောလုပ်ဆောင်မှုများကို နိုင်ငံတော်ဥပဒေများနှင့်အညီ လုပ်ဆောင်ပေးရမည်။

(၂) ထိုအကျိုးများကို ခံစားခွင့်ပြုရာတွင် ကလေးနှင့်ကလေးအား ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသောသူများ၏ကြွယ်ဝမှုနှင့် အခြေအနေများအပြင် ကလေး၏ကိုယ်စား ပေးအပ်မှုနှင့်သက်ဆိုင်သော အခြားထည့်သွင်းစဉ်းစားစရာ အချက်များကိုလည်း သင့်လျော်ပါက ထည့်သွင်းစဉ်းစားသင့်သည်။

လူမှုဖူလုံကြေးဆိုသည်မှာ မတော်တဆထိခိုက်မှုများနှင့် သဘာဝဘေးဒဏ်များကြောင့် ဒုက္ခရောက်သူများကို အကူအညီပေးနိုင်ရန် အာမခံထားသော စနစ်ကိုခေါ်သည်။ အလုပ်လုပ်သူတိုင်းအနေဖြင့် လူမှုအာမခံခွင့်ကို မဖြစ်မနေပေးရပြီး ထိုလူမှုအာမခံကြေးကို အလုပ်လုပ်သူနှင့်အလုပ်ရှင်က ခွဲဝေမျှပေးရလေ့ရှိသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com

လူမှုဖူလုံကြေးသည် အချို့နိုင်ငံများတွင် ကျင့်သုံးသောအစိုးရမှ အလုပ်မရှိသူများကို စောင့်ရှောက်သည့်အနေဖြင့် ကူညီပေးအပ်သော အစီအစဉ်များ (Public welfare) များနှင့်မတူပါ။ လူမှုဖူလုံကြေး အစီအစဉ်များသည် အလုပ်မရှိသော ပြည်သူများ၊ အချိန်ပြည့်တည်မြဲသော အလုပ်မရှိသောသူများအတွက် အစိုးရကထောက်ပံ့သော ငွေကြေးဖြစ်ပါသည်။

အချိန်ပြည့် အလုပ်လုပ်သောသူများသည် ရုတ်တရက်ဖြစ်ပွားသော မတော်တဆ အကြောင်းတခုခုကြောင့် ထိုအလုပ်ကို ခဏတာဖြစ်စေ၊ ထာဝရဖြစ်စေ ဆက်လက် လုပ်ကိုင်နိုင်ခြင်းမရှိတော့ဘဲ ရပ်တံ့လိုက်ရလျှင် သို့မဟုတ် အနားယူလိုက်ရလျှင် ထိုသူ၏ဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်ရန်အတွက် လူမှုဖူလုံကြေး ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ လူမှုဖူလုံကြေးထည့်သွင်းထားသူ အလုပ်သမားတယောက်သည် ကိုယ်ဝန်ဆောင်သည့်အခါ၊ ဖျားနာသည့်အခါ၊ မတော်တဆ ထိခိုက်ဒဏ်ရာရသည့်အခါ၊ သေဆုံးသွားသည့်အခါ၊ ကိုယ်အင်္ဂါချို့ယွင်းထိခိုက်သွားသည့်အခါ၊ အသက်အရွယ်ကြီးမြင့်သွားသည့်အခါနှင့် အလုပ်မရှိတော့သည့်အခါတို့တွင် ထိုသူသည် ကျန်းမာရေးစောင့်ရှောက်ခံယူပိုင်ခွင့်နှင့် ထိုသူအလုပ်လုပ်စဉ်ကရသော ဝင်ငွေလစာ၏ ပမာဏအချို့တဝက်ကို အနည်းဆုံး ရရှိခွင့်ရှိသည်။ ထိုသို့ စီစဉ်ဆောင်ရွက်ပေးခြင်း၏ ရည်ရွယ်ချက်မှာ အလုပ်လုပ်နေသော မိသားစုတစုအနေဖြင့် ရုတ်တရက်ဖြစ်ပွားခဲ့သော အခြေအနေတခုခုကြောင့် ဒုက္ခတွင်းသို့ ချက်ချင်းကျရောက်မသွားစေရန်ဖြစ်သည်။

သာမန်လူ့အသိုင်းအဝိုင်းများတွင် အလုပ်မလုပ်နိုင်သော သူများအပေါ် ကူညီစောင့်ရှောက်သည့်တာဝန်ကို မိသားစု၊ ဆွေမျိုး၊ ဘာသာရေးအဖွဲ့များနှင့် ဒေသအတွင်းရှိ သြဇာအာဏာရှိသူများက တာဝန်ယူလေ့ရှိသည်။ အကူအညီ အထောက်အပံ့ လိုအပ်သောသူတို့အပေါ် ပတ်ဝန်းကျင်က ဝိုင်းဝန်းထောက်ပံ့ပေးသည့် ထိုပုံစံမျိုးကို ယခုတိုင် ဒေသအများအပြားတွင် ကျင့်သုံးလျက်ရှိသည်။ ယခုဆွေးနွေးနေသည့် လူမှုဖူလုံကြေးဆိုသည်မှာ နိုင်ငံတော်၏ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသော ထောက်ပံ့ကြေးဖြစ်ပြီး ထိုထောက်ပံ့မှုငွေကြေး၏ ပမာဏတချို့တဝက်ကို နိုင်ငံတော်အစိုးရက စိုက်ထုတ်ကူညီရခြင်းဖြစ်သည်။ ထိုပြဋ္ဌာန်းထားသောဥပဒေက ထိုလူမှုဖူလုံကြေး အစီအစဉ်တွင် မည်သည့်အလုပ်ကိုလုပ်ကိုင်သော အလုပ်သမားဝန်



www.burmeseclassic.com

www.burmeseclassic.com


ပေးများသာ ပါဝင်နိုင်ကြောင်းနှင့် ထိုဖူလုံကြေးခံစားခွင့်တွင် မည်သည့်အကျိုးကျေးဇူးများပါဝင်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားလေ့ရှိသည်။

လူမှုဖူလုံကြေးကို ခံစားရသူအတော်များများသည် အရွယ်ရောက်ပြီးသော လူကြီးများဖြစ်သော်လည်း ထိုခံစားရသော အကျိုးကျေးဇူးသည် ထိုသူ၏ မိသားတစုလုံးကိုပါ သက်ရောက်မှုရှိသည်။ အကယ်၍ စက်ရုံတရုံဒေဝါလီခံလိုက်ရသဖြင့် ဖခင်တယောက် အလုပ်ပြုတ်သွားပါက ထိုဖခင်ရရှိခံစားရသည့် လူမှုဖူလုံရေးခံစားခွင့်သည် ထိုသူ နောက်ထပ်အလုပ်သစ်မရခင်အထိ ထိုသူ၏ မိသားတစုလုံးအပေါ် ကူညီထောက်ပံ့ပေးရာရောက်သည်။ အလုပ်လုပ်နေသော မိခင်တယောက် လုပ်ငန်းခွင်တွင် မတော်တဆ ဒဏ်ရာရရှိသွား၍ ရက်အတန်ကြာ အလုပ်မဆင်းနိုင်တော့သဖြင့် ထိုမိခင်အလုပ်သမား ရရှိခံစားရသည့် လူမှုဖူလုံကြေးငွေသည် ထိုမိသားစုအား စုဆောင်းထားသမျှအားလုံး ထုတ်သုံးရသောအဖြစ်မျိုးမရောက် အောင် ကူညီပေးနိုင်သည်။

အချို့သောအခြေအနေမျိုးတွင် လူမှုဖူလုံကြေးခံစားခွင့်သည် ကလေးများအပေါ် ပိုမိုတိုက်ရိုက်ကူညီထောက်ပံ့ပေးသည်ကို တွေ့ရသည်။ ဥပမာ – မိသားစုတွင် အဓိကငွေရှာကျွေးနေသောသူတဦး သေဆုံးသွားပါက ကျန်ခဲ့သောမိသားစုဝင်များနှင့် ကလေးများသည် ထိုသေဆုံးသွားသူ ရရှိခဲ့သောလစာဝင်ငွေကို ကလေးများကျောင်းတက်နေသည့်ကာလပတ်လုံး ခံစားပိုင်ခွင့်ရှိသည်။ ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်တဦးအား မီးမဖွားမီနှင့်မီးဖွားအပြီး ကိုယ်ဝန်ဆောင်မီးဖွားခွင့် ပေးခြင်းသည်သူမ မွေးဖွားလာသည့် ရင်သွေးအပေါ် အထူးကူညီပေးရာရောက်သည်။ ထိုမိခင်အနားယူနိုင်မှသာ မွေးဖွားလာသောရင်သွေး၏ ကျန်းမာရေးနှင့် အခြားလိုအပ်သည့်အရာများကို ပြုစုစောင့်ရှောက်နိုင်မည်ဖြစ်သဖြင့် ထိုခံစားခွင့်သည် ကလေးအပေါ် အထူးထောက်ပံ့ပေးရာရောက်သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



အပိုဒ် (၂၇)

## သင့်တင့်လျောက်ပတ်သောလူနေမှုအဆင့်အတန်းရရှိခံစားခွင့်



(၁) ကလေး၏ရုပ်ပိုင်း၊ စိတ်ပိုင်း၊ သီလပိုင်း၊ စာရိတ္တပိုင်းနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုတို့အတွက် လုံလောက်သောအခြေအနေရှိသည့် လူနေမှုအဆင့်အတန်းကို ကလေးတိုင်း ခံစားခွင့်ရှိသည်ကို စာချုပ်အဖွဲ့ဝင်နိုင်ငံများက အသိအမှတ်ပြုရမည်။

(၂) ကလေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောနေထိုင်မှု အဆင့်အတန်းများရရှိစေရန်အတွက် ကလေး၏မိဘများ သို့မဟုတ် အခြားသောတာဝန်ရှိသူများသည် ၎င်းင်းတို့တွင်ရှိသောစွမ်းရည်များနှင့် ဘဏ္ဍာငွေကြေးအခြေအနေများအလိုက် အဓိကတာဝန်ရှိသည်။

(၃) ယခုအခွင့်အရေးများကို နိုင်ငံ၏အခြေအနေများနှင့် သတ်မှတ်ထားချက်များနှင့်အညီ ကလေးဖြစ်သူရရှိစေရန်အတွက် ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့များ၊ ကူညီမှုအစီအစဉ်များ၊ အထူးသဖြင့် အဟာရ၊ အဝတ်အစားနှင့် နေအိမ်များနှင့်ပတ်သက်၍ မိဘများနှင့် အခြားတာဝန်ရှိသူများအပေါ် ကူညီမှုများကို စာချုပ်အဖွဲ့ဝင်နိုင်ငံများက သင့်လျော်သလို လုပ်ဆောင်ရမည်။

(၄) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံတွင်းတွင်ရှိသော သို့မဟုတ် အခြားနိုင်ငံတွင်ရှိသော ကလေး၏မိဘများ သို့မဟုတ် ကလေးအားငွေကြေးအရထောက်ပံ့ရန် တာဝန်ရှိသူများ၏ထောက်ပံ့မှုများ ကလေးထံရောက်ရှိစေရန်အတွက်



www.burmeseclassic.com

www.burmeseclassic.com


သင့်လျော်သလို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးရမည်။ အထူးသဖြင့် ကလေးအား ငွေကြေးထောက်ပံ့ရန် တာဝန်ရှိသူသည် ကလေးရှိနေသောနိုင်ငံတွင်မဟုတ်ဘဲ အခြားနိုင်ငံတွင်ရှိနေပါက စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံတကာ သဘောတူညီချက်များကို လက်မှတ်ထိုးခြင်း၊ ထိုသဘောတူညီချက်များကို ရေးဆွဲခြင်းနှင့် အခြားသင့်လျော်သော စီစဉ်ဆောင်ရွက်မှုများကို တိုးတက်အောင် လုပ်ဆောင်ပေးရမည်။

ဤအပိုဒ်(၂၇)တွင် ကလေးတိုင်းသည် ၎င်းတို့၏ရုပ်ပိုင်း၊ စိတ်ပိုင်း၊ သီလပိုင်း၊ စာရိတ္တပိုင်းနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုတို့အတွက် လုံလောက်သော အခြေအနေရှိသည့် လူနေမှုအဆင့်အတန်းကို ရရှိခံစားခွင့်ရှိသည်ဟု ဖော်ပြထားသည်။

လူနေမှုအဆင့်အတန်းဟုဆိုလိုက်လျှင် အချို့က မိသားစုဝင်ငွေကိုဆိုလိုသည်ဟု သဘောပေါက်ကြလေ့ရှိသည်။ ယေဘူယျအားဖြင့်လည်း ဝင်ငွေကောင်းကောင်းရှိသောမိသားစုသည် လူနေမှုအဆင့်အတန်းကောင်းကောင်းဖြင့် နေထိုင်နိုင်လေ့ရှိသည်။ ဝင်ငွေကောင်းသူများသာ လူနေမှုအဆင့်အတန်း ကောင်းကောင်းခံစားခွင့်ရှိနေလျှင် ဆင်းရဲသောမိသားစုများသည် လူနေမှုအဆင့်အတန်းခံစားခွင့်မရှိသော အသွင်မျိုးဖြစ်နေသည်။ ထို့ကြောင့် ဆင်းရဲသော မိသားစုများဖြစ်စေကာမူ ထိုမိသားစုများလည်း သင့်တင့်လျောက်ပတ်သော ဘဝအတွက်လိုအပ်သည့် အခြေခံလိုအပ်ချက်များ ခံစားနိုင်ရန်အတွက် အစိုးရကလုပ်ဆောင်ပေးရန် လိုအပ်သည်။ အစိုးရက ထိုသို့အခြေခံလူမှုအဆင့်အတန်းများကို တပြေးညီဖြည့်ဆည်းပေးပါက ဝင်ငွေကောင်းသော မိသားစုများအနေဖြင့်လည်း မိသားစုအတွင်းရှိ ရင်သွေးများအတွက် ထိုအခြေခံလိုအပ်ချက်များနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်စရာ လိုတော့မည်မဟုတ်ချေ။

နေထိုင်မှုအဆင့်အတန်းဆိုသည်မှာ ကလေး၏ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်သော နေအိမ်၊ အဝတ်အထည်၊ အစားအစာ၊ ရေနှင့် လုံခြုံသော သဘာဝပတ်ဝန်းကျင်တို့ကို ဆိုလိုသည်။ ပြိုကျဆဲဆဲဖြစ်နေသော၊ ကြွက်၊ ခြင်၊ ယင်တို့ဖြင့် ပြည့်နေသော၊ လျှပ်စစ်မီးကြိုးများ ပေါက်ပြဲနေသော၊ နံရံဆေးများကွာနေသော၊ အန္တရာယ်ရှိသောလှေခါးများနှင့် ပြတင်းပေါက်များရှိနေသော၊ မသန့်ရှင်းသောရေပုတ်များ၊ အမှိုက်ပုံများနှင့်နီးကပ်နေသော၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းနေသော နေအိမ်မျိုးသည် ကလေးများအတွက် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်အောင်

www.burmeseclassic.com

www.burmeseclassic.com


ဘယ်လိုမှဖန်တီးပေးနိုင်မည်မဟုတ်ပါ။ ထို့ပြင် သဘာဝဘေးအန္တရာယ်များနှင့် မကြာခဏရင်ဆိုင်ကြုံတွေ့နေရသော နေရာဒေသမျိုးသည်လည်း ကလေးများအတွက် သင့်တင့်လျောက်ပတ်သော လူနေမှုအဆင့်အတန်းမျိုး ဖြစ်နိုင်မည်မဟုတ်ပါ။ အဟာရနှင့်ပြည့်စုံသော အစားအစာများ၊ သန့်ရှင်းသော ရေကောင်းရေသန့်၊ လုံခြုံသော ကစားကွင်းတို့မှာလည်း ကလေးများအတွက် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သော အရာများပင်ဖြစ်ပါသည်။

စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအခြေအနေ အဆောက်အအုံများမှာ ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအရာများနှင့် များစွာကွာခြားခြင်းမရှိပါ။ အထူးသဖြင့် အဟာရနှင့်ပြည့်စုံသော အစားအစာများရရှိရေးနှင့် ညစ်ညမ်းသော သဘာဝပတ်ဝန်းကျင်မှ ကင်းဝေးရေးတို့သည် ရုပ်ပိုင်းနှင့်စိတ်ပိုင်း ဖွံ့ဖြိုးတိုးတက်မှု နှစ်မျိုးစလုံးအတွက် လိုအပ်သောအရာများပင်ဖြစ်သည်။ ကလေး၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတိပြုရမည့်အချက်မှာ မိခင်ကိုယ်ဝန်ဆောင်နေစဉ်ကာလအတွင်း အန္တရာယ်ဖြစ်စေမည့် ဓာတ်ရောင်ခြည်များ၊ ဓာတုပစ္စည်းနှင့် မထိတွေ့မိစေရန် ဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခြင်းဖြင့် မွေးဖွားလာသော ကလေးအများစုသည် မိခင်ဖြစ်သူက ကိုယ်ဝန်ဆောင်ချိန်အတွင်း မသုံးစွဲသင့်သော ဆေးဝါးများသုံးစွဲသောကြောင့်လည်းကောင်း၊ လုပ်ငန်းခွင်အတွင်း ဓာတုဆေးဝါးများဖြင့် အလုပ်လုပ်ကိုင်ရသောကြောင့်လည်းကောင်း အရက်နှင့်ဆေးလိပ်ကို အလွန်အကျွံ သောက်သုံးသောကြောင့်လည်းကောင်း ဖြစ်ရသည်ဟု ဆေးသုတေသနများကဆိုသည်။

ထိုအချက်အပြင် ကလေး၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော အခြားအချက်များလည်းရှိပါသေးသည်။ ဥပမာ – ကလေးအား ဂရုတစိုက်ဖြင့် စကားများပြောပေးခြင်း၊ ပွေ့ဖက်ချီချော့မြူပေးခြင်း၊ နို့နေစဉ်အချိန်အတွင်း အတူကစားပေးခြင်းတို့သည် ကလေးအားစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအားကောင်းစေသည်ဟု လေ့လာသူများကဆိုကြသည်။ ထိုသို့ ဂရုစိုက်ချစ်ခင်ချော့မြူမှုမျိုး မခံစားရသောကလေးများသည် အခြားကလေးများထက် ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးသည်ကို တွေ့ရသည်။ ထို့ပြင် အသက်အရွယ်ကြီးလာသောကလေးများ၏ စိတ်ပိုင်းဆိုင်ရာ သန်စွမ်းစေရန်အတွက် ကစားနည်းများ ကစားခွင့်ပေးခြင်း၊ ဂီတသီ

www.burmeseclassic.com

www.burmeseclassic.com



မျိုးများ နားထောင်စေခြင်း၊ စာအုပ်များဖတ်ရှုခွင့်ရှိခြင်းနှင့် မိဘမောင်နှမများက ကြင်နာနွေးထွေးစွာ အားပေးခြင်းများ လိုအပ်လှသည်။

လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ မိတ္တဗလ တိုးတက်မြင့်မားလာစေရေးကို ဆိုလိုသည်။ အခြားသူများနှင့် ကောင်းမွန်သောဆက်ဆံရေး တည်ဆောက်တတ်မှု အပါအဝင် အပေါင်းအသင်းဝင်ဆန့်သည့် မိတ္တဗလပြည့်ဝရေးကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ပေးရန်လိုအပ်သည်။ မိမိကိုယ်ကိုယုံကြည်မှုရှိသော၊ အခြားသူများကို ယုံကြည်တတ်သော၊ ပေါင်းသင်းဆက်ဆံတတ်သော၊ အခက်အခဲကို အများနှင့်ပူးတွဲဖြေရှင်းတတ်သော၊ အခြားသူ၏ဆန္ဒကိုယူတတ်သော၊ စုပေါင်းလုပ်ဆောင်တတ်သော၊ အခြားသူများကိုလေးစားတတ်သော၊ မိမိတာဝန်မိမိကျေပွန်သော ကလေးများဖြစ်လာစေရန်အတွက် လေ့ကျင့်ပျိုးထောင်ပေးရမည်။ထိုသို့သော အရည်အသွေးများ တိုးတက်မြင့်မားလာစေရေးအတွက် ကလေးများသည် အခြားသက်တူရွယ်တူ ကလေးများအပါအဝင် အခြားသူများနှင့် အပြန်အလှန်ဆက်ဆံမှုရှိရန် လိုအပ်သည်။ အခြားသူများနှင့်ပတ်သက်၍ မည်သို့ဆက်ဆံရမည်၊ အခက်အခဲဖြစ်လာပါက မည်ကဲ့သို့ဖြေရှင်းရမည်ဟူသော အကြံဉာဏ်များကို အနီးကပ်ပေးရန် လိုအပ်သည်။ တချို့ကလေးစိတ်ပညာရှင်များ၏အဆိုအရ ကလေးများအားကျအားတက်စေနိုင်မည့် စံပြလူများရှိပါက ကလေးများအနေဖြင့် ပိုမိုတိုးတက်ထွန်းကားနိုင်သည်ဟု သိရသည်။ ကလေးများအား မတရားစော်ကားခြင်း၊ လျစ်လျူရှုပစ်ပယ်ထားခြင်းနှင့် အခြားသောနည်းများဖြင့် မတရားဆက်ဆံခြင်းတို့ကို ကာကွယ်ပေးရပေမည်။

သီလပိုင်းဆိုင်ရာနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့သည် တခုနှင့်တခု ဆက်စပ်နေသည်။ စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ အမှားနှင့်အမှန်ကို ခွဲခြားသိမြင်နားလည်သော အသိတရားများ တိုးတက်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ သီလပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ ရုပ်ဝါဒီမဟုတ်ဘဲ ဘဝ၏တန်ဖိုး၊ အကျင့်သီလပိုင်းဆိုင်ရာကို တန်ဖိုးထားတတ်သော အသိစိတ်ဖွံ့ဖြိုးမှုကို ဆိုလိုသည်။ ခရစ်ယာန်၊ ဗုဒ္ဓဘာသာနှင့် အစ္စလာမ်ဘာသာတရားများတွင် သီလပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ ဘုရားသခင်အား သက်ဝင်ယုံကြည်မှုနှင့် ဘာသာတရားကိုင်းရှိုင်းမှုတို့ကို ဆိုလိုသည်။ ဟိန္ဒူဘာသာနှင့် အခြားသောမိရိုးဖလာကိုးကွယ်

www.burmeseclassic.com

www.burmeseclassic.com


သည့် ဘာသာတရားတို့တွင် သီလပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ နတ်ဘု ရားများယုံကြည်မှုနှင့် ထိုဘုရားများအပေါ် တာဝန်ကျေပြွန်မှုဖြစ်သည်။

ဘာကြောင့် ကလေးများ၏ စာရိတ္တနှင့်သီလပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန် လို အပ်ပါသလဲဟု မေးခွန်းထုတ်ကောင်းထုတ်နိုင်ပါသည်။ ထိုမေးခွန်းကို ဖြေသောအ ဖြေသည် ဘာကြောင့်ကလေးများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုများ လိုအပ်ပါသလဲ ဟူသောမေးခွန်းကို ဖြေဆိုသည့်အဖြေလောက် ရှင်းရှင်းလင်းလင်း ရှိချင်မှရှိပေလိမ့်မည်။ သို့သော် ကလေးများအား အမှားနှင့်အမှန် ဝေဖန်ပိုင်းခြား တတ်စေရန်အတွက် သင်ကြားပေးရန် လိုအပ်သည်ဆိုသောအချက်ကို မည်သူကမှ စောဒကတက်ကြမည်မဟုတ်ပါ။ ထို့ပြင် အောင်မြင်မှု၊ ကျော်ကြားမှုတို့ကိုသာ တပ် မက်ပြီး သီလမဲ့နေသောအဖြစ်မျိုး မရောက်စေရန်အတွက် ကလေးများကို ဆုံးမရ မည်ဆိုသည်ကို လူတိုင်းလက်ခံထားကြပါသည်။ ထို့အတွက်ကြောင့် စာရိတ္တပိုင်းနှင့် သီလပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးရခြင်းဖြစ်ပါသည်။ ဘာသာ တရားကို ယုံကြည်သောမိဘများက သူတို့၏သက်ဝင်ယုံကြည်မှုရှိသည့်အတိုင်း က လေးများယုံကြည်တတ်လာအောင်၊ ဘာသာရေးအစဉ်အလာများတွင် ပါဝင်တတ် လာအောင် ဆုံးမပဲ့ပြင်တတ်ကြသည်။ ဘာသာတရား အဆုံးအမများနှင့် မညီညွတ် သည့်အရာများအပေါ် အတုခိုး၍ ကလေးများလမ်းမမှားသွားရအောင် သွန်သင်ဆုံး မမှုများကို လုပ်ဆောင်ပေးခြင်းသည် ကလေးများ၏ စာရိတ္တနှင့်သီလပိုင်းဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးခြင်းပင်ဖြစ်သည်။

ဤအပိုဒ်(၂၇)တွင် ကလေးများဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ် သောနေထိုင်မှုအဆင့်အတန်းများ ရရှိစေရန်အတွက် မိဘများတွင် အဓိကတာဝန် ရှိသည်၊ မိဘများက အတတ်နိုင်ဆုံး ဖြည့်စွမ်းပေးရမည်ဟု ဖော်ပြထားသည်။ အ ကယ်၍ မိဘများက ထိုတာဝန်ကို မထမ်းဆောင်နိုင်သည့်အခါမျိုးတွင် ထိုသို့လိုအပ် သော မိသားစုများကို နိုင်ငံတော်အစိုးရက အစားအစာ၊ အဝတ်အထည်နှင့် အိမ် ယာအကူအညီများ ထောက်ပံ့ပေးရမည်ဟုလည်း ဆိုထားသည်။ ထိုသို့အကူညီ ထောက်ပံ့မှုများ၏ ပမာဏသည် သက်ဆိုင်ရာလူမှုအသိုင်းအဝိုင်း၏ လိုအပ်ချက်၊ ရည်ရွယ်ချက်များနှင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အပိုဒ် (၂၈)

# ပညာသင်ကြားခွင့်




(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးများ၏ ပညာသင်ကြားခွင့်ကို အသိအမှတ်ပြုရမည့်အပြင် ထိုအခွင့်အရေး တိုးတက်မှုရှိစွာဖြင့် အောင်မြင်စေရန်နှင့် တန်းတူအခွင့်အလမ်းများအပေါ် အခြေခံနိုင်ရန်အတွက် အထူးသဖြင့်...

(က) အခြေခံအဆင့်ပညာကို မသင်မနေရနှင့် လူတိုင်းအခမဲ့တက်ရောက်နိုင်စေအောင် လုပ်ဆောင်ရန်။

(ခ) အလယ်တန်းပညာကို အထွေထွေနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များအပါအဝင် အခြားသောနည်းလမ်းအမျိုးမျိုးတို့၌ တိုးတက်လာစေရေးအတွက် အားပေးထောက်ခံမှုများ လုပ်ဆောင်ရန်၊ ထိုအချက်များကို ကလေးတိုင်းအလွယ်တကူ သင်ကြားနိုင်စေရန်၊ လိုအပ်သော ကလေးများအတွက် အခမဲ့ပညာရေးနှင့် ပညာသင်ထောက်ပံ့ကြေးများပေးခြင်း စသည်တို့ကို သင့်လျော်သလိုလုပ်ဆောင်ရန်။

(ဂ) ပညာသင်ကြားရန်သတ်မှတ်ထားသော လိုအပ်သည့် အရည်အချင်း

www.burmeseclassic.com

www.burmeseclassic.com

နှင့်ပြည့်စုံသူများအားလုံးအဆင့်မြင့်ပညာရေးကို သင်ကြားနိုင်စေရေးအ တွက် လုပ်ဆောင်ပေးရန်။

(ဃ) ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ သတင်းအ ချက်အလက်များနှင့် လမ်းညွှန်မှုများကို ကလေးများအားလုံး ရရှိအသုံး ပြုနိုင်စေရန်အတွက် လုပ်ဆောင်ပေးရန်။

(င) ပုံမှန်ကျောင်းတက်မှုကို အားပေးခြင်းနှင့် ကျောင်းထွက်နှုန်းများ လျော့ ကျရေးအတွက် လုပ်ဆောင်ခြင်းများ လုပ်ဆောင်ပေးရန်။

(၂) ကျောင်းများတွင် အသုံးပြုနေသောကျောင်းစည်းကမ်းများသည် က လေး၏ ဂုဏ်သိက္ခာနှင့်ကိုက်ညီပြီး ယခုသဘောတူစာချုပ်တွင် ဖော်ပြထားသည့်အ ချက်များနှင့် လိုက်လျောညီထွေရှိစေရန်အတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သင့်လျော်သော လုပ်ဆောင်မှုမှန်သမျှကို လုပ်ဆောင်ရမည်။

(၃) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ပညာရေးနှင့်ပတ်သက်၍ အထူးသဖြင့် တကမ္ဘာလုံးတွင် လျစ်လျူရှုမှုများနှင့် စာမတတ်မှုပပျောက်ရေးအတွက် လိုအပ် သော အကျိုးပြုလုပ်ဆောင်ခြင်းများနှင့် သိပ္ပံနှင့်စက်မှုပညာဆိုင်ရာ ဗဟုသုတများ နှင့် ခေတ်မီသင်ကြားရေး နည်းစနစ်များကို ပံ့ပိုးပေးခြင်းများနှင့်ပတ်သက်၍ နိုင်ငံ တကာ၏ ပူးပေါင်းဆောင်ရွက်မှု တိုးတက်အောင်လုပ်ခြင်း၊ အားပေးအားမြှောက် ပြုလုပ်ခြင်းများကို လုပ်ဆောင်ရမည်။

ကလေးများ၏ ပညာသင်ကြားခွင့်နှင့် ထိုပညာရေးဆိုင်ရာ အခွင့်အရေး နှင့်ပတ်သက်၍ အစိုးရကလုပ်ဆောင်ပေးရမည့် အချက်များကို ဤအပိုဒ်(၂၈)တွင် ဖော်ပြထားသည်။

ကလေးတိုင်းသည် မူလတန်းပညာကို အခမဲ့သင်ကြားခွင့်ရှိကြောင်း ယခု အပိုဒ်တွင် တိတိကျကျဖော်ပြထားသည်။ ကလေးတိုင်းသည် အနိမ့်ဆုံးအဆင့်အနေ ဖြင့် မူလတန်းပညာကို အခမဲ့နှင့်မသင်မနေရ သင်ကြားခွင့်ရှိသည်ဟု ဆိုထားသည်။ ထို့ပြင် ကလေးတိုင်းသည် အဆင့်မြင့်ပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ များကို သင်ကြားနိုင်ရန်အတွက် အခွင့်အလမ်းများလည်းရှိရမည်ဟု ဆိုထားသည်။ အကယ်၍ အလယ်တန်းပညာသည် အခမဲ့မဟုတ်ပါက ထောက်ပံ့ကြေးလိုအပ် သောကလေးသူငယ်များအား ပညာသင်ထောက်ပံ့ကြေးများကို ထောက်ပံ့ပေးရ



www.burmeseclassic.com

www.burmeseclassic.com

ပည်ဟု ဤအပိုဒ်တွင်ဖော်ပြထားသည်။ ကလေးများကျောင်းထွက်ခြင်းကို တားဆီးနိုင်ရန်အတွက် လိုအပ်သောလုပ်ဆောင်ချက်များ ပြုလုပ်ရမည့်အပြင် ပညာသင်ကြားရေးဆိုင်ရာ အခွင့်အလမ်းများကိုလည်း ကလေးတိုင်းသိရှိအောင် လုပ်ဆောင်ပေးရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် တက္ကသိုလ်ကောလိပ်များသို့ တက်ရောက်ရန် အရည်အချင်းပြည့်မီသူများအနေဖြင့် ကျောင်းတက်ရောက်သင်ကြားနိုင်ရန်အတွက် လိုအပ်သလို စီစဉ်မှုများလုပ်ဆောင်ပေးရမည်ဖြစ်ပြီး အဆင်မြင့်ပညာရေးအဆင့်တိုင်းတွင် သိပ္ပံပညာနှင့်စက်မှုပညာရပ်များဆိုင်ရာ ဗဟုသုတများအား လေ့လာနိုင်အောင် စီစဉ်ပေးရန်တာဝန်ရှိသည်။

ယခုအပိုဒ်(၂၈)တွင် ပညာရေးအဆင့် မြင့်မားတိုးတက်စေရေးအတွက် ခေတ်မီပညာသင်ကြားပို့ချနည်းများကို နိုင်ငံနှင့်အဝှမ်း သင်ကြားပို့ချနိုင်ရေးအတွက် နိုင်ငံတော်အစိုးရများက စွမ်းဆောင်ပေးရန် တိုက်တွန်းနိုးဆော်ထားသည်။

ထို့ပြင် ယခုအပိုဒ်တွင် ကျောင်းများ၌ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများသည် ကလေးများ၏ အခွင့်အရေးနှင့်ဂုဏ်သိက္ခာကို ထိခိုက်ပျက်ပြားစေသော စည်းကမ်းများမဖြစ်စေရန် သတိပေးထားသည်။


❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com


အပိုဒ် (၂၉)

# တန်ဖိုးရှိသောပညာရေး



(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကလေးများ၏ ပညာရေးအား အောက်ပါအတိုင်းဖြစ်အောင် လမ်းညွှန်ပေးရမည်။

(က) ကလေး၏ ကိုယ်ရည်ကိုယ်သွေး၊ ဗီဇထူးချွန်မှုနှင့် စိတ်ပိုင်းရုပ်ပိုင်းအရည်အချင်းများကို အပြည့်ဝ ဆုံးထုတ်ဖော်အသုံးချနိုင်မှု တိုးတက်ဖွံ့ဖြိုးလာစေရေး။

(ခ) လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအပြင် ကုလသမဂ္ဂ၏ ပဋိညာဉ်တွင်ပါရှိသော အခြေခံသဘောတရားများအပေါ် လေးစားမှုများ တိုးတက်ဖွံ့ဖြိုးလာစေရေး၊

(ဂ) ကလေး၏မိဘများ၊ ကလေး၏ ကိုယ်ပိုင်ယဉ်ကျေးမှု ဝိသေသများ ဘာသာစကားနှင့်တန်ဖိုးများ၊ ကလေးနေထိုင်သော တိုင်းပြည်အတွင်း သို့မဟုတ် ကလေး၏နိုင်ငံရင်းရှိ နိုင်ငံတော်တန်ဖိုး လက္ခဏာများနှင့် ကလေး၏ကိုယ်ပိုင် လူ့ယဉ်ကျေးမှုများနှင့် မတူကွဲပြားသည့် အခြားလူ့ယဉ်ကျေးမှုများအားလုံးအပေါ် လေးစားတတ်မှုများ တိုးတက်ဖွံ့ဖြိုးလာစေရေး။

www.burmeseclassic.com

www.burmeseclassic.com


(ဃ) လွတ်လပ်သော လူ့အသိုင်းအဝိုင်းအတွင်း နားလည်မှု၊ ငြိမ်းချမ်းမှု၊ စိတ်ရှည်မှု၊ လိင်အရတန်းတူညီမှု၊ တိုင်းရင်းသားများ၊ နိုင်ငံသားများ၊ ဘာသာရေးအုပ်စုများနှင့် မူရင်းဌာနေလူမျိုးနောက်ခံရှိသောသူများအပါအဝင် လူသားအားလုံးအကြား ချစ်ကြည်ရင်းနှီးမှုစသည့် စိတ်ထားများနှင့် တာဝန်ရှိသော ဘဝတခုအတွက် ပြင်ဆင်ပေးခြင်း။

(င) သဘာဝပတ်ဝန်းကျင်ကို လေးစားတန်ဖိုးထားမှုများ တိုးတက် ဖွံ့ဖြိုးလာစေရေး။

(၂) ဤအပိုဒ်နှင့် အပိုဒ်(၂၈)တို့တွင်ပါဝင်သော မည်သည့်အချက်ကမှ တဦးတယောက်ချင်း သို့မဟုတ် ဌာနတခု၏ ပညာရေးဆိုင်ရာကျောင်းများ တည်ထောက်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့နှင့်ပတ်သက်သော လွတ်လပ်ခွင့်ကို ထိပါးနှောက်ယှက်ခြင်းမပြု။ ထိုကျောင်းများသည် ဤအပိုဒ်ခွဲ(၁)တွင် ဖော်ပြထားသော သဘောတရားများနှင့် နိုင်ငံတော်က ချမှတ်ပြဌာန်းထားသော အနိမ့်ဆုံးအဆင့်အတန်းများနှင့် ကိုက်ညီမှုရှိ မရှိ လေ့လာနိုင်ရန်အတွက် ထိုကျောင်းများအား အမြဲတမ်းစောင့်ကြပ်မှုများ လုပ်ဆောင်နိုင်သည်။

အပိုဒ်(၂၈)တွင် ကလေးများ၏ ပညာသင်ကြားခွင့်အကြောင်း ဖော်ပြထားသလို ယခုအပိုဒ်(၂၉)တွင် ထိုကလေးများ ခံယူသင်ကြားသင့်သော ပညာရေးအမျိုးအစားအကြောင်း ရှင်းလင်းတင်ပြထားသည်။ ဤအပိုဒ်တွင်ပါဝင်သော အပိုဒ်ခွဲငါးခုစလုံးတွင် ကျောင်းများ၌ မည်သည့်ပညာရေးပုံစံမျိုးကို ပို့ချသင့် သည့်အကြောင်း အတိအကျဖော်ပြထားသည်။

ပထမဦးဆုံး ဖော်ပြထားသည်မှာ ကလေးဖြစ်သူ၏ ကိုယ်ရည်ကိုယ်သွေး၊ ဗီဇအရည်အချင်းထူးချွန်မှု၊ စိတ်ပိုင်းနှင့် ရုပ်ပိုင်းစွမ်းရည်များအား အပြည့်ဝဆုံး ဖော်ထုတ်အသုံးချနိုင်မှုကို အားပေးသည့် ပညာရေးပုံစံမျိုးဖြစ်ရမည်ဟူသော အချက်ဖြစ်သည်။ ယခင်အချိန်များက ကျောင်းပညာဆိုသည်မှာ ကျောင်းသားများအားလုံးကို အခြေခံဗဟုသုတနှင့် အတတ်ပညာကျွမ်းကျင်မှုများ ပေးရန်အတွက်သာ ရည်ရွယ်ခဲ့သည်။ ကျောင်းသားကျောင်းသူများတွင်ရှိသော ပင်ကိုယ်အရည်အချင်း၊ စွမ်းရည်များကို ဖော်ထုတ်လာနိုင်ရန် ရည်ရွယ်ခဲ့ခြင်းမရှိခဲ့ပေ။ ပညာသင်ကြားမှုပုံစံမှာလည်း အချက်အလက်၊ ကိန်းဂဏန်း၊ နေ့စွဲများကို အလွတ်ကျက်မှတ်ခြင်းအပေါ် အလေး

www.burmeseclassic.com

www.burmeseclassic.com

ထားသော သင်ကြားလေ့လာမှုပုံစံမျိုး ဖြစ်ခဲ့သည်။ ကျိုးကြောင်းဆင်ခြင် သုံးသပ်တတ်မှုနှင့် လွတ်လပ်စွာတွေးခေါ်စဉ်းစားနိုင်ရန်အတွက် အဓိကအားပေးအလေးထားခဲ့ခြင်းမရှိခဲ့ပေ။ တချို့သောနိုင်ငံများတွင် ကျောင်းသင်ခန်းစာများသည် ထိုနိုင်ငံတွင် ကျင့်သုံးနေသော နိုင်ငံရေးစနစ်၊ လူမျိုးရေး၊ ဘာသာရေးတို့ မည်မျှကောင်းမွန်သည့်အကြောင်းကိုသာ လေ့လာသင်ယူရသော ပုံစံမျိုးပင် ဖြစ်နေလေ့ရှိသည်။ ယခုအပိုဒ်တွင် ရည်ညွှန်းဖော်ပြထားသော ပညာရေးပုံစံသည် ကျောင်းသားများ၏ ပညာရေးလိုအပ်ချက်များကို အရေးပေးသင်ကြားသည့် ပညာရေးပုံစံဖြစ်သည်။

ဒုတိယအပိုဒ်ခွဲတွင် ဖော်ပြထားသော ပညာရေးပုံစံသည် ကျောင်းသားများအနေဖြင့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများအပြင် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင်ပါဝင်သည့် အချက်များကိုပါ လေးစားကြသူများဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်သည့် ပညာရေးမျိုးဖြစ်ရမည်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် လူ့အခွင့်အရေးအခြေခံ သဘောတရားများ၊ နိုင်ငံကြီးငယ်မရွေး တန်းတူညီမျှမှုဆိုင်ရာ အခွင့်အရေးများ၊ ပြဿနာတခုကို ခွန်အားသုံးမဖြေရှင်းဘဲ ငြိမ်းချမ်းစွာဖြေရှင်းရန် တာဝန်များပါရှိသည့်အတွက် ထိုအချက်များကို လေးစားလိုက်နာသော နိုင်ငံသူနိုင်ငံသားများ ပေါ်ထွန်းလာအောင် စွမ်းဆောင်နိုင်သည့် ပညာရေးမျိုး ဖြစ်ရမည်ဟု ဤအပိုဒ်ခွဲတွင် ဖော်ပြထားသည်။

တတိယအပိုဒ်ခွဲတွင် ပညာရေးသည် လူတဦးတယောက်၏မိဘ၊ နိုင်ငံ၊ အချုပ်အခြာအာဏာ၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် လူမှုတန်ဖိုးတို့အပေါ် လေးစားဂုဏ်ယူတတ်သော စိတ်ဓာတ်များထွန်းကားစေသော ပညာရေးမျိုးဖြစ်ရမည်ဟု ဖော်ပြထားသည်။

စတုတ္ထအပိုဒ်ခွဲ၌ ပညာရေးသည် ကလေးများအား လွတ်လပ်ပွင့်လင်းသော လူ့အသိုင်းအဝိုင်းတွင် ကျင်လည်ရှင်သန်နိုင်ရန်အတွက် လေ့ကျင့်ပြင်ဆင်ပေးသောပုံစံမျိုး ဖြစ်ရမည်ဟု ဆိုထားသည်။ လွတ်လပ်ပွင့်လင်းသော လူ့အသိုင်းအဝိုင်းဆိုသည်မှာ ဒီမိုကရေစီကျသော လူ့အသိုင်းအဝိုင်း ဖြစ်သည့်အားလျော်စွာ ကျောင်းသူကျောင်းသားများသည် နိုင်ငံရေးစနစ်ပုံစံများနှင့် ယင်းတို့၏ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ရန် လိုအပ်သည်။ ကျောင်းသားကျောင်းသူများသည် ဒီမိုကရေစီနည်းလမ်းတကျ ဆုံးဖြတ်ချက်များချမှတ်မှု၊ ဒီမိုကရေစီကျင့်စဉ်များကို



www.burmeseclassic.com

www.burmeseclassic.com


နားလည်သဘောပေါက်ရမည့်အပြင် လွတ်လပ်စွာတွေးခေါ်ခွင့် ပြောဆိုခွင့်များကိုလည်း မိမိတို့အသက်အရွယ်၊ အခြေအနေတို့နှင့်ကိုက်ညီစွာ အသုံးချနိုင်ခွင့်ရှိသော ပညာရေးမျိုးဖြစ်ရမည်ဟု ဤအပိုဒ်ခွဲတွင် ရေးသားထားသည်။ ထို့ပြင် ပညာရေးသည် ကျောင်းသားကျောင်းသူတို့အား ငြိမ်းချမ်းရေး၊ ကျား၊ မတန်းတူညီမျှမှု၊ မတူညီသောဘာသာတရား၊ လူမျိုး၊ တိုင်းရင်းသားနှင့် မူရင်းဌာနေလူမျိုးများအကြား နားလည်မှု၊ စိတ်ရှည်သည်းခံမှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ဖြင့်သာ ဖုံးလွှမ်းနေသော ကမ္ဘာကြီးတွင် အသက်ရှင်ကျင်လည်နေထိုင်ရန်အတွက် ပြင်ဆင်ပေးသော အရာမျိုးဖြစ်ရမည်ဟု ဆိုထားပြန်သည်။ ကျောင်းဆရာဆရာမနှင့် ကျောင်းသင်ရိုးညွှန်းတမ်းစာအုပ်များသည် တဦးကိုတဦးစစ်မက်ဖြစ်ရန် လှုံ့ဆော်ပေးသော၊ အမျိုးသားနှင့် အမျိုးသမီးတို့အကြား ပုံစံခွက်ချထားမှုကို ပိုမိုခိုင်မာစေသော၊ ဘာသာတရားတခုသည် အခြားဘာသာများထက် ပိုမိုမြင့်မြတ်သည်ဟူသည့်စိတ်မျိုး ပေါက်ပွားစေသော၊ လူမျိုးများ၊ တိုင်းရင်းသားများအကြား မဟာလူမျိုးကြီးစိတ်ဓာတ်များ ထွန်းကားစေသောအရာများ မဖြစ်စေရန်ကိုလည်း သတိပေးထားသည်။ ထိုဆရာဆရာမများနှင့် ကျောင်းသင်ရိုးညွှန်းတမ်းများသည် မတူညီသောဘာသာရေးနှင့် လူ့ဘောင်အဖွဲ့အစည်းများအား ပိုမိုနားလည်နစ်သက်လက်ခံသောစိတ်များ၊ ငြိမ်းချမ်းရေးနှင့် ကျားမတန်းတူညီမျှမှုအပေါ် လက်ခံမှုများထွန်းကားစေရန် ပံ့ပိုးကူညီပေးသော အရာများဖြစ်ရပေမည်။ ထိုသို့ဆိုသည့်အတွက် ဆရာ၊ ဆရာမများနှင့် ကျောင်းသင်ရိုးညွှန်းတမ်းများသည် ထိုတန်ဖိုးများအကြောင်းကို ပို့ချရမည်ဟု ဆိုလိုခြင်းမဟုတ်ဘဲ ကျောင်းသားကျောင်းသူများကိုယ်တိုင် စူးစမ်းလိုစိတ်နှင့် အချင်းချင်းအကြား အပြန်အလှန်လေ့လာလိုစိတ်များ ပေါက်ပွားစေနိုင်မည့် အတွေ့အကြုံများနှင့် သတင်းများကို ပံ့ပိုးပေးရန်ကိုသာ ဆိုလိုသည်။

ပဉ္စမအပိုဒ်ခွဲ၌ ပညာရေးသည် သဘာဝပတ်ဝန်းကျင်ကို လေးစားတန်ဖိုးထားတတ်စေမှုကို ထွန်းကားအောင် လုပ်ဆောင်ပေးနိုင်သည့်ပညာရေးမျိုးသာ ဖြစ်ရမည်ဟု နောက်ဆုံးဖော်ပြထားသည်။

ထို့ပြင်အပိုဒ်(၂၉)တွင် ကျောင်းများ၌ မည်သည့်အရာများ သင်ကြားရမည်ဖြစ်ကြောင်း ချမှတ်ထားသော ဤအပိုဒ်တွင်ပါရှိသည့် လမ်းညွှန်ချက်များသည် ပုဂ္ဂလိကကျောင်းများ ဖွင့်ခွင့်မရှိဟု သတ်မှတ်ပိတ်ပင်ထားခြင်းမဟုတ်ကြောင်း ထပ်မံ


www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြထားပါသည်။ အထက်တွင်ဖော်ပြထားသော လမ်းညွှန်ချက်များကို လေးစား လိုက်နာပြီး အစိုးရကသတ်မှတ်ထားသော လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများအ တိုင်း လုပ်ဆောင်ထားပါက ပုဂ္ဂလိကကျောင်းများကို ဖွင့်လှစ်ပိုင်ခွင့်ရှိသည်ဟု ဆို ထားသည်။ ထိုသို့ပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်ခွင့်သည် ကလေးသူငယ်များစာချုပ် မပေါ်ပေါက်မီကတည်းက စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေး များ သဘောတူစာချုပ်တွင် ပါရှိခဲ့ပြီးဖြစ်သည်။

❖❖❖❖❖



www.burmeseclassic.com

www.burmeseclassic.com


အပိုဒ် (၃၀)

# လူနည်းစုနှင့် မူရင်းဌာနေလူမျိုးစုကလေးများ




တိုင်းရင်းသားလူမျိုးများ၊ ဘာသာရေး သို့မဟုတ် ဘာသာစကားအနည်းစုလူမျိုးများ သို့မဟုတ် မူရင်းဌာနေလူမျိုးများတည်ရှိနေသော နိုင်ငံများတွင် ထိုလူမျိုးစုနွယ်ကလေးများ သို့မဟုတ် မူရင်းဌာနေလူမျိုးစုနွယ်ကလေးများ မိမိ၏ကိုယ်ပိုင်ယဉ်ကျေးမှုကို အခြားသောပတ်ဝန်းကျင်အတွင်း ရှိသူများနှင့်အတူ ပျော်ရွှင်စွာခံစားခွင့်၊ မိမိ၏ကိုးကွယ်သောဘာသာကို လက်ခံကျင့်သုံးခွင့်နှင့် မိမိ၏ကိုယ်ပိုင်ဘာသာစကား အသုံးပြုခွင့်တို့ကို ငြင်းပယ်ခြင်းမပြုစေရ။

အပိုဒ်(၃၀)တွင် လူနည်းစုနှင့် မူရင်းဌာနေလူမျိုးစုများ၏ ကလေးများခံစားခွင့်ရှိသည့် အထူးအခွင့်အရေးများကို ဖော်ပြထားသည်။ ဤအပိုဒ်တွင် လူနည်းစုများကို ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာနှင့် တိုင်းရင်းသားလူနည်းစုများဟူ၍ သုံးမျိုးခွဲခြားထားသည်ကို တွေ့ရသည်။ ထိုသုံးမျိုးအနက် ပထမနှစ်မျိုးမှာ ခွဲခြားရန် အလွန်လွယ်ကူသည်။ ပထမအမျိုးအစားဖြစ်သည့် ဘာသာစကားအရ လူနည်းစုများဆိုသည်မှာ အများစုပြောသောစကားမျိုးနှင့် မတူကွဲပြားသည့် ဘာသာစကားကိုပြောသည့် လူနည်းစုများဖြစ်ပြီး ဒုတိယဖြစ်သော ကိုးကွယ်သည့်ဘာ

www.burmeseclassic.com

www.burmeseclassic.com

သာအရ လူနည်းစုများဆိုသည်မှာ လူများစုက ကိုးကွယ်သောဘာသာနှင့် မတူကွဲ ပြားသောဘာသာအား ကိုးကွယ်သူများကို ဆိုလိုသည်။ တိုင်းရင်းသားလူမျိုးစုများ ဆိုသည်မှာ အများစုကျင့်သုံးသည့် ကြီးမားသောယဉ်ကျေးမှုများနှင့်မတူသော ဓ လေ့နှင့် လူနေမှုဘဝများရှိသော အုပ်စုများကို ဆိုလိုသည်။ ထိုသူများသည် ရုပ်ရည် သွင်ပြင်မှအစ မတူညီကွဲပြားသော ရုပ်ဆင်းသွင်ပြင်များ ရှိတတ်သည်။

ထိုသူများအား ခွဲခြားသတ်မှတ်ရာတွင် မကြာခဏဆိုသလို ရောထွေးထပ် တူဖြစ်နေမှုများ ဖြစ်လေ့ရှိသည်။ အချို့သော တိုင်းရင်းသားလူမျိုးများတွင် ကိုယ် ပိုင်စာပေနှင့် ကိုးကွယ်သည့်ဘာသာများ ရှိကြသည်။ သို့ရာတွင် ထိုလူမျိုးများ သည် ကိုယ်ပိုင်စာပေကို မသုံးမပြုတော့ဘဲ မိမိဘာသာမှအခြားဘာသာသို့ ကူး ပြောင်းသွားခဲ့ပြီးဖြစ်သော်လည်း မိမိလူမျိုးများ၏ဓလေ့နှင့် ဘဝပုံစံများအတိုင်း နေ ထိုင်ကျင့်ကြံလျက်ရှိနေပါက ထိုသူများသည် တိုင်းရင်းသားလူမျိုးများပင် ဖြစ်နေ လျက်ရှိသည်။ ထိုဓလေ့နှင့် ဘဝပုံစံများဆိုသည်မှာ ရိုးရာသီချင်းများ၊ အကများ၊ ပုံပြင်များ၊ အားလပ်ရက်များ၊ ကစားနည်းများ၊ အစားအစာများ၊ ဝတ်စားဆင် ယင်ပုံများ၊ လူအများကလက်ခံထားသော လူမှုအဆင့်အတန်းများနှင့် သက်မွေး ဝမ်းကျောင်းလုပ်ငန်းများကို ဆိုလိုခြင်းဖြစ်သည်။

လူနည်းစု (Minority) ဆိုသောစကား၏အဓိပ္ပါယ်မှာ လူဦးရေအသင့်အ တင့်များသောအုပ်စုတစုက တိုင်းပြည်အတွင်းသို့ ဝင်ရောက်အခြေချကာ ဘိုးစဉ် ဘောင်ဆက်ပေါင်းများစွာ နေထိုင်လာခဲ့ပြီး ထိုနေထိုင်ရာနိုင်ငံ၏ နိုင်ငံသားများသူကို ဆိုလိုသည်။ ဖိလစ်ပိုင်နိုင်ငံတွင် လာရောက်အခြေချနေထိုင်သော အမေရိကန်များနှင့် ဩစတြေးလျနိုင်ငံမှ နိုင်ငံသားအနည်းငယ်လောက်ကို လူနည်းစုအဖြစ် မသတ်မှတ် နိုင်ပါ။

အပိုဒ်(၃၀)တွင် ဆိုလိုသည့် မူရင်းဌာနေလူမျိုးများ၏ ကလေးများ (Indigenous children) ဆိုသည်မှာ တိုင်းပြည်တခုအတွင်း သမိုင်းမတင်မီကတည်းက အခြေချ နေထိုင်ခဲ့ကြပြီး လွှမ်းမိုးချုပ်ကိုင်သည့် အနေအထားမျိုး၌မရှိသော လူမျိုး များမှနေ၍ ပေါက်ဖွားလာသော ကလေးများဖြစ်သည်။ ထိုသူများသည် လွှမ်းမိုးချုပ် ကိုင်ထားသော လူမျိုးများနှင့်နှိုင်းယှဉ်လိုက်လျှင် အရေအတွက်နည်းပါးသည့် အ တွက် ထိုသူတို့သည်လည်း လူနည်းစုများပင်ဖြစ်သော်လည်း ထိုသူများနှင့် အခြား

www.burmeseclassic.com

www.burmeseclassic.com


လူနည်းစုများအကြား မတူကွဲပြားမှုများစွာရှိသောကြောင့် ထိုသူများကို မူရင်းဌာနေလူမျိုးများဟူ၍ သီးသန့်အမည်ပေး ခေါ်ဝေါ်ခြင်းဖြစ်သည်။ အခြားလူနည်းစုများနှင့် မူရင်းဌာနေလူမျိုးစုများအကြား အခွင့်အရေးနှင့်ပတ်သက်၍ ကွဲပြားသောအချက်မှာ မူရင်းဌာနေလူမျိုးစုများတွင် သူတို့ဘိုးစဉ်ဘောင်ဆက် နေထိုင်လာခဲ့သောမြေယာများအား ပိုင်ဆိုင်ခွင့်နှင့် အသုံးပြုခွင့်ရှိခြင်းဖြစ်သည်။ ထိုမူရင်းဌာနေလူမျိုးစုများ ကိုးကွယ်သောဘာသာရေး ယုံကြည်ချက်သည် ထိုသူများမိရိုးဖလာ အစဉ်အဆက်နေထိုင်ခဲ့သည့် ပိုင်နက်နယ်မြေများနှင့် ဆက်စပ်နေလျက်ရှိသည်။ ဥပမာ– အမေရိကနိုင်ငံတွင်ရှိသော အာရှလူမျိုးများသည် လူနည်းစုများဖြစ်ပြီး အမေရိကန်နိုင်ငံတွင်ရှိသော လူနီရတ်အင်ဒီယန်းများသည် မူရင်းဌာနေလူမျိုးစုများဖြစ်သည်။

ဤစာချုပ်အရ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာနှင့် လူမျိုးစုအရ လူနည်းစုဖြစ်နေသော ကလေးငယ်များနှင့် မူရင်းဌာနေလူမျိုး ကလေးငယ်များတွင် အထူးအခွင့်အရေး သုံးမျိုးရှိသည်။ ထိုအထူးအခွင့်အရေးများမှာ အခြားသူတို့ လူမျိုးများနှင့်အတူ ကိုယ်ပိုင်ယဉ်ကျေးမှုတွင် ပါဝင်ပျော်ရွှင်ခွင့်၊ ကိုယ်ပိုင်ဘာသာစကားများအား အသုံးပြုခွင့်နှင့် ဘာသာရေးကျင့်ကြံကိုးကွယ်ခွင့် တို့ဖြစ်သည်။ ထိုအထူးအခွင့်အရေးများကို အစိုးရကကာကွယ်ပေးရန် လိုအပ်သည့်အပြင် အစိုးရကနေ၍ မျိုးဖောက်ခြင်းမပြုရန်လည်း တာဝန်ရှိသည်။ အစိုးရသည် ထိုလူနည်းစုများနှင့် မူရင်းဌာနေလူမျိုးများ၏ ဘာသာစကား၊ ဘာသာတရားနှင့် ယဉ်ကျေးမှုတို့ကို တားမြစ်ခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်းမပြုရပေ။ ထို့ပြင် ထိုလူနည်းစုလူမျိုးများ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုများ တိမ်ကောမသွားစေရန် ကာကွယ်သည့်လုပ်ဆောင်မှုမျိုး၊ ဥပမာ – တိုင်းရင်းသားဘာသာစကားဖြင့် ရေဒီယိုအစီအစဉ်များ ထုတ်လွှင့်ခြင်း၊ ထိုဘာသာစကားများကို လေ့လာနိုင်ရန်အတွက် ဘာသာစကားနှင့် စာပေသင်ကြားမှုများ ဖွင့်လှစ်သင်ကြားပေးခြင်းစသည်တို့ ပြုလုပ်ပေးရန် လိုအပ်သည်။

မူရင်းဌာနေလူမျိုးစုများအနေဖြင့် မိရိုးဖလာယဉ်ကျေးမှုများတွင် ပါဝင်ပျော်ရွှင်နိုင်ရန်အတွက် ထိုသူများသည် ရှေးရိုးအစဉ်အဆက်ကတည်းက နေထိုင်လာခဲ့သော ကိုယ်ပိုင်မြေယာများတွင် ပြင်ပနှောက်ယှက်မှုများကင်းဝေးပြီး အတူတကွစုစည်းနေထိုင်မှသာ ဖြစ်နိုင်လိမ့်မည်ဟု အများကလက်ခံယုံကြည်ထားကြသည်။ ထိုသို့မဟုတ်ဘဲ ဖွံ့ဖြိုးတိုးတက်ရေးအမည်ခံသော စီမံကိန်းများ လုပ်ဆောင်ရန်အ

www.burmeseclassic.com

တွက် ထိုသူများကို သူတို့ပိုင်မြေယာဒေသများမှ အဓမ္မမောင်းထုတ်ခြင်း၊ ထိုသူများ၏ နေထိုင်ရာဒေသအတွင်းသို့ ပြင်ပလူများဝင်ရောက်နေထိုင်မှုကို ခွင့်ပြုခြင်းတို့ ဖြစ်ပေါ် လာပါက ထိုမူရင်းဌာနေ လူမျိုးများအကြားတွင် သူတို့၏ ကိုယ်ပိုင်ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ ရိုးရာဓလေ့များနှင့် မိရိုးဖလာ နေထိုင်မှုအစဉ်အလာများကို ထိမ်းသိမ်းထားနိုင်ရန် အခက်အခဲပေါင်းများစွာတို့နှင့် ကြုံတွေ့လာရတော့သည်။

တခါတရံတွင် ရိုးရာဓလေ့များနှင့်ထုံးစံများသည် လူ့အခွင့်အရေးနှင့် မကိုက်ညီဘဲ ဝိရောဓိဖြစ်တတ်သည်။ ဤစာချုပ်၏အပိုဒ်(၂၄)အပိုဒ်ခွဲ(၃)တွင် နိုင်ငံတော်အစိုးရသည် ကလေးများ၏ကျန်းမာရေးကို ထိခိုက်အန္တရာယ်ဖြစ်စေနိုင်မည့် ရိုးရာဓလေ့များ၊ အပြုအမူများကို ပပျောက်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုသို့ အန္တရာယ်ဖြစ်စေမည့် ရိုးရာဓလေ့များကို ပပျောက်အောင်လုပ်ဆောင်ရမည့် တာဝန်နှင့် ထိုသူများ၏ ယဉ်ကျေးမှုထိမ်းသိမ်းရေး အခွင့်အရေးတို့ တဖက်နှင့်တဖက် ဝိရောဓိဖြစ်လာပါက ကလေးငယ်၏ အခွင့်အရေးကို အလေးသာပေးရမည်ဖြစ်သည်။

❖❖❖❖❖

www.burmeseclassic.com


## အပိုဒ်(၃၁)

# ကစားခွင့်



(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးများ၏အသက်နှင့် လိုက်လျောညီထွေသော အနားယူခွင့်၊ အပမ်းဖြေခွင့်၊ ကစားခွင့်၊ မိမိဝါသနာပါရာအလုပ်ဖြင့် စိတ်အနားယူခွင့် ယဉ်ကျေးမှုဘဝနှင့် အနုပညာတွင်ပါဝင်ခွင့်တို့ကို အသိအမှတ်ပြုရမည်။

(၂) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးများ၏ ယဉ်ကျေးမှုဘဝနှင့် အနုပညာတွင် အပြည့်အဝပါဝင်ခွင့်တို့ကို လေးစားရမည်ဖြစ်ပြီး တိုးတက်အောင် လုပ်ဆောင်ပေးရမည်။ ထို့ပြင် ယဉ်ကျေးမှု၊ အနုပညာ၊ စိတ်အနားယူမှုနှင့် အပမ်းဖြေမှုတို့တွင် သင့်တင့်ပြီးတန်းတူညီမျှသော အခွင့်အလမ်းများရှိစေရန် အားပေးအားမြှောက်ပြုလုပ်ပေးရမည်။

ယခုအပိုဒ်တွင်ပါဝင်သော အခွင့်အရေးများကို အုပ်စုသုံးစုခွဲခြားနိုင်သည်။ ပထမအုပ်စုမှာ အနားယူခွင့်နှင့် အပန်းဖြေခွင့်၊ ဒုတိယအုပ်စုမှာ ကစားခွင့်နှင့် မိမိဝါသနာပါရာ အလုပ်ဖြင့် စိတ်အနားယူခွင့်နှင့် နောက်ဆုံးတတိယအုပ်စုမှာ ယဉ်ကျေးမှု

www.burmeseclassic.com

www.burmeseclassic.com

ဘဝနှင့် အနုပညာတို့တွင် ပါဝင်ခွင့်တို့ဖြစ်၏။

ပထမအုပ်စုတွင်ပါဝင်သော အနားယူခွင့်နှင့် အပန်းဖြေခွင့်တို့တွင် အနားယူခွင့်ဆိုသည်မှာ ကိုယ်ကာယ တဖြည်းဖြည်းကြီးထွားတိုးတက်လာနေသော ကလေးများအတွက် လိုအပ်သောအချက်တချက်ဖြစ်သည်။ ကလေး၏ အသက်အရွယ်နှင့် လှုပ်ရှားလုပ်ကိုင်သော လှုပ်ရှားမှုများအလိုက် ကလေးတဦးနှင့်တဦး အနားယူမှု မတူညီနိုင်ပေ။ အပန်းဖြေမှုဆိုသည်မှာ အားလပ်သည့်အချိန်တွင် စိတ်ကိုအနားပေး အပန်းခြင်းကို ဆိုလိုသည်။ ကိုယ်ခန္ဓာဖွံ့ဖြိုးထွားကြိုင်းစေရန်အတွက် အနားယူပေးရန်၊ အိပ်စက်ရန်လိုအပ်သလို စိတ်ချမ်းမြေ့ပျော်ရွှင်စေရေးအတွက် စိတ်အပန်းဖြေရန်လည်း မရှိမဖြစ်လိုအပ်သည်။ ထိုသို့ အပန်းဖြေအနားယူခြင်းကို အရွယ်ရောက်ပြီးဖြစ်သော လူကြီးများအပါအဝင် လူတိုင်းလိုအပ်သော်လည်း ကလေးများအဖို့ ပိုမိုလိုအပ်သည်။ ကလေးသူငယ်များအား အပန်းဖြေအနားယူခွင့်မပေးဘဲ ပြင်းထန်စွာအလုပ်လုပ်ခိုင်းခြင်း၊ စာကျက်မှတ်စေခြင်းသည် အရွယ်ရောက်ပြီးဖြစ်သော လူကြီးများအား အဆင့်သင့်မဖြစ်ခင် တာဝန်ကြီးကြီးမားမား စေခိုင်းခြင်းမျိုးနှင့် အလားတူပင်ဖြစ်သည်။ ထိုသို့စေခိုင်းခြင်းကြောင့် စိတ်ဖိစီးမှုများခံစားလာရပြီး ထိုမှတဆင့် ကလေး၏ကိုယ်ရည်ကိုယ်သွေးများ ဖွံ့ဖြိုးတိုးတက်မှုအပေါ် မကောင်းသော အကျိုးသက်ရောက်မှုများ ဖြစ်လာနိုင်သည်။ အဆိုးဝါးဆုံးအနေဖြင့် ထိုသို့ အပန်းဖြေအနားယူခွင့် လုံးဝမရသောကလေးများသည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုပြဿနာများ ဖြစ်လာသည်အထိ ခံစားသွားတတ်သည်။

ဒုတိယအုပ်စုဖြစ်သော ကစားခွင့်နှင့် မိမိဝါသနာပါရာအလုပ်ဖြင့် စိတ်အနားယူခွင့်တို့တွင် ကစားခြင်းသည် မိတ်ဆွေအပေါင်းအသင်းတိုးစေသော လှုပ်ရှားမှုဖြစ်သည်။ ကလေးတို့သည် ကလေးအချင်းချင်း သို့မဟုတ် အရွယ်ရောက်ပြီးသူများနှင့်အတူ ကစားရင်းဖြင့် မိတ်ဆွေများတိုးပွားလာသည်။ ထိုသို့ ကစားရင်းဖြင့် အခြားသူများနှင့် အဆင်ပြေအောင် မည်သို့နေထိုင်သင့်ကြောင်းကို အလိုအလျောက် လေ့လာမိစေနိုင်သည်။ ထို့ပြင် သဘာဝတရားအကြောင်း၊ မိမိပတ်ဝန်းကျင်ရှိ ရုပ်ဝတ္ထုပစ္စည်းများအကြောင်း၊ ဘာသာစကားများအကြောင်းကို ကစားရင်းလေ့လာမိသွားသလို မတူညီသောအခြေအနေမျိုးကို လူများက တုန့်ပြန်တတ်ပုံများ၊ လူအမျိုးမျိုး၏ စိတ်ကူးစိတ်တွေးများကိုလည်း အတုယူလေ့လာသွားမိစေသည်။ မိမိဝါသ

www.burmeseclassic.com

နာပါရာအလုပ်ဖြင့် စိတ်အနားယူခြင်းတွင် အားကစားများကို အုပ်စုလိုက်ကစားခြင်းအပြင် စိတ်ကြည်နူးပျော်ရွှင်စေရန် ရည်ရွယ်ချက်ဖြင့် လုပ်လေ့လုပ်ထရှိသော စာဖတ်ခြင်း၊ တေးဂီတနားထောင်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်း၊ ပင်လယ်ကမ်းခြေတွင် အပန်းဖြေအနားယူခြင်း၊ လမ်းလျှောက်ခြင်း၊ ပန်းခြံများ၊ ပြတိုက်များသို့ သွားရောက်လည်ပတ်ခြင်း စသည်တို့ပါဝင်သည်။

တတိယအုပ်စုတွင် ပါဝင်သောအခွင့်အရေးမှာ ယဉ်ကျေးမှုဘဝနှင့် အနုပညာတို့တွင် ပါဝင်ခွင့်ဖြစ်သည်။ အနုပညာဆိုသည်မှာ ပန်းချီ၊ ခတ်ပုံ၊ ပန်းပုစသော အနုပညာများအပြင် တေးဂီတ၊ အကနှင့် စင်တင်ပြဇာတ်စသည်တို့ပါ ပါဝင်သည်။ ယဉ်ကျေးမှုဘဝဆိုသည်မှာ စာပေ၊ ရိုးရာအနုပညာနှင့် ပွဲတော်များ စသည်တို့ဖြစ်သည်။ ထိုယဉ်ကျေးမှုဘဝနှင့် အနုပညာတို့တွင် ပါဝင်ခွင့်ဟုဆိုရာတွင် အနုပညာကို ဖန်တီးသူတယောက်အနေဖြင့် တက်ကြွစွာပါဝင်ခြင်းသာမက ကြည့်ရှုသူပရိသတ်အဖြစ် ပါဝင်ခြင်းလည်း အကျုံးဝင်သည်။

ထိုသို့သော အခွင့်အရေးများကို ကလေးများပျော်ရွှင်စွာ ခံစားနိုင်ရန်အတွက် ပထမဆုံးအနေဖြင့် အားလပ်ချိန်များ လိုအပ်ပါသည်။ ထိုသို့ အားလပ်ချိန်များရရှိရန်အတွက် မိသားစုသည် သင့်တင့်လုံလောက်သော ဝင်ငွေရရှိမှဖြစ်မည်။ သို့မှသာ ကလေးငယ်ဖြစ်သူများသည် သူတို့၏အားလပ်သည့် အချိန် များတွင် မိသားစုဝမ်းရေးအတွက် ဝင်ရောက်လုပ်ကိုင်စရာ မလိုအပ်တော့ပေ။ တခြားတဖက်ကလည်း မိဘနှင့်ဆရာဆရာမတို့သည် ကလေးများအပေါ် မတန်မဆ တာဝန်ပေးခြင်း၊ ဝန်ထုတ်ဝန်ပိုးများ ပိစေခြင်းများမလုပ်ဘဲ ကလေးများအပန်းဖြေ အနားယူနိုင်စေရန်အတွက် သတိပြုပြီးစေခိုင်းရန် လိုအပ်ပါသည်။

ကလေးများ ထိုအခွင့်အရေးများ ခံစားနိုင်ရန်အတွက် လိုအပ်သော ဒုတိယအချက်မှာ ကလေးများသည် သူတို့အားလပ်ချိန်အတွင်း အခြားကလေးငယ်များနှင့် လုံလုံလောက်လောက် ဆက်သွယ်ခွင့်ရှိရန် ဟူသောအချက်ဖြစ်သည်။ တတိယအနေဖြင့် ကလေးများလိုအပ်သောအရာမှာ ကစားရန်နေရာပင်ဖြစ်သည်။ ကလေး၏နေအိမ်တွင်ဖြစ်စေ၊ ရပ်ကွက်ပတ်ဝန်းကျင်တွင်ဖြစ်စေ ကလေးများစိတ်ချလုံခြုံစွာ ကစားနိုင်ရန်အတွက် နေရာများလိုအပ်သည်။ ထိုနေရာများတွင် အခြားသူများ ဝင်ရောက်နှောက်ယှက်နိုင်ခြင်းမရှိဘဲ ကလေးများ၏အရွယ်နှင့်ကိုက်ညီသည့် ကစား

www.burmeseclassic.com

www.burmeseclassic.com

နည်းများကို အပူအပင်ကင်းကင်း ကစားနိုင်သည့်လုံခြုံမှုမျိုး လိုအပ်သည်။ ထိုသို့ စိတ်ချလုံခြုံမှုရှိရုံတင်သာမကဘဲ ထိုကစားသည့်နေရာများသည် ကလေးများကို ဆွဲဆောင်နိုင်သည့်အရာများ၊ ကလေးများစိတ်ချမ်းမြေ့စွာ ကစားလိုသည့်နေရာများ ဖြစ်ရန်လည်း လိုအပ်သည်။

ယဉ်ကျေးမှုဘဝ၊ အနုပညာနှင့်အားကစားတို့တွင် ပါဝင်နိုင်ရန်အတွက် တေးဂီတတူရိယာများ၊ အနုပညာအထောက်အကူပစ္စည်းများ၊ စာအုပ်များ၊ အားကစားပစ္စည်းများ၊ ကစားကွင်းများနှင့် စနစ်တကျသင်ကြားပေးမည့် အားကစားနည်းပြများ လိုအပ်ပါသည်။ ကြည့်ရှုအားပေးလိုသော ကလေးများအတွက် ကြည့်ရှုအားပေးနိုင်ရန် လက်မှတ်များရောင်းချပေးရန်လည်းလိုသည်။ လူနေမှုအဆင့်မြင့်ပြီး ဝင်ငွေကောင်းသော မိသားစုများမှ ကလေးများသာ ထိုအခွင့်အရေးမျိုးရရှိခြင်းမဖြစ်စေရန်နှင့် ဆင်းရဲသည့်မိသားစုများမှ ကလေးငယ်များလည်း ထိုသို့ပါဝင်နိုင်ရန်အတွက် အခမဲ့စာကြည့်တိုက်များဖွင့်ပေးခြင်း၊ ပြတိုက်များတွင် အခမဲ့ဝင်ခွင့်ပေးသည့်နေ့များ သတ်မှတ်ပေးခြင်း၊ အခမဲ့ပြပွဲများ တင်ဆက်ဖျော်ဖြေမှုများကို ကျင်းပပေးခြင်း၊ ကျောင်းများတွင် အနုပညာနှင့် အားကစားအစီအစဉ်များ ကျင်းပပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးနိုင်သည်။

❖❖❖❖❖


www.burmeseclassic.com

www.burmeseclassic.com



အပိုဒ် (၃၂)

# ကလေးအလုပ်သမားများ




(၁) ကလေးအားအန္တရာယ်ဖြစ်စေနိုင်သော၊ သို့မဟုတ် ပညာရေးကို ထိခိုက်စေနိုင်သော သို့မဟုတ် ကလေး၏ကျန်းမာရေး သို့မဟုတ် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ စာရိတ္တပိုင်း၊ သီလပိုင်းနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုအား အနှောက်အယှက်ဖြစ်စေသော အလုပ်များစေခိုင်းခြင်းနှင့် စီးပွားရေးအမြတ်ထုတ်မှုမှ ကာကွယ်ပေးမှုခံယူပိုင်ခွင့်များ ကလေးတွင်ရှိသည်ဆိုသည့်အချက်ကို စာချုပ်အဖွဲ့ဝင်နိုင်ငံများက အသိအမှတ်ပြုရမည်။

(၂) ဤအပိုဒ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံသည် ဥပဒေပြုကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ပညာရေးကဏ္ဍအသီးသီးတို့တွင် လိုအပ်သလိုလုပ်ဆောင်ပေးရမည်။ ထိုသို့ဖြစ်စေရန်အတွက် အခြားသဘောတူ စာချုပ်များတွင်ပါဝင်သည့် သက်ဆိုင်သောအချက်များနှင့်ပတ်သက်၍ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အထူးသဖြင့်...

(က) အလုပ်ဝင်ရောက်လုပ်ကိုင်ရန်အတွက် အနိမ့်ဆုံးအသက်ကို သတ်

www.burmeseclassic.com

www.burmeseclassic.com



မှတ်ပေးရမည်။

(ခ) အလုပ်လုပ်ကိုင်မှုနှင့် ပတ်သက်သော အခြေအနေ အဆင့်အတန်းများ နှင့် သင့်လျော်သော စည်းမျဉ်းဥပဒေများကို ပြဋ္ဌာန်းပေးရမည်။

(ဂ) ဤအပိုဒ်ကို တိကျစွာဖြင့် အလေးထားလိုက်နာစေရန်အတွက် သင့် လျော်သော ပြစ်ဒဏ်များနှင့် အရေးယူမှုများကို ပြဋ္ဌာန်းရမည်။

ဤအပိုဒ်တွင် ကလေးများအား စေခိုင်းခြင်းမပြုသင့်သည့် အလုပ်အမျိုးအစားများကို ဖော်ပြထားသည်။ ထိုအလုပ်အမျိုးအစားများမှာ (၁) ကလေး၏ပညာရေးကို ထိခိုက်စေသည့်အလုပ်မျိုး၊ (၂) အန္တရာယ်ရှိသောအလုပ်မျိုးနှင့် (၃) ကလေး၏ ကျန်းမာရေး၊ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ သီလပိုင်း၊ စာရိတ္တပိုင်းနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုကို အနှောက်အယှက်ဖြစ်စေသော အလုပ်မျိုးတို့ဖြစ်သည်။

လုပ်ငန်းခွင်တွင် မတော်တဆထိခိုက်မှုဖြစ်ပွားနှုန်းများသော အလုပ်များသည် အန္တရာယ်ရှိသော အလုပ်မျိုးပင်ဖြစ်သည်။ ထို့ပြင် အလုပ်လုပ်ချိန်သည် ကျောင်းချိန်အတွင်းဖြစ်ပါက သို့မဟုတ် အလုပ်လုပ်ရသဖြင့် ကလေးငယ်သည် ကျောင်းစာလေ့လာရန်၊ ကျောင်းတက်ရန်အတွက် ပင်ပန်းနေပါက ထိုအလုပ်သည် ကလေး၏ ပညာရေးကိုထိခိုက်စေသော အလုပ်မျိုးဖြစ်သည်။ ကျောင်းသင်ခန်းစာများနှင့် အိမ်စာများ မလုပ်နိုင်လောက်အောင် အနှောက်အယှက်ပြုသော အလုပ်မျိုးသည်လည်း ပညာရေးကို ထိခိုက်စေသောအလုပ်ဟု သတ်မှတ်၍ရသည်။

ကလေး၏ ကျန်းမာရေး၊ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ သီလပိုင်း၊ စာရိတ္တပိုင်းနှင့် လူ မှုဖွံ့ဖြိုးတိုးတက်မှုတို့ကို အနှောက်အယှက်ဖြစ်စေသော အလုပ်မျိုးဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အထူးကျယ်ပြန့်လှသည်။ ကလေးအတွက် အန္တရာယ်ဖြစ်စေမည့် အလုပ်များအားလုံးကို ပိတ်ပင်တားဆီးပေးရန် ရည်ရွယ်ထားသည်။

ကလေး၏ စိတ်ဓာတ်ပိုင်းဖွံ့ဖြိုးတိုးတက်မှုကို အနှောက်အယှက်ဖြစ်စေသော အလုပ်များဆိုသည်မှာ ကလေးအား ရာဇဝတ်ဂိုဏ်းများနှင့် ဆက်သွယ်လုပ်ကိုင်စေခြင်း၊ သို့မဟုတ် ကလေး၏စိတ်ဓာတ်ပိုင်းကို ပျက်ပြားစေမည့် အလုပ်များဖြစ်သော လောင်းကစား၊ ပြည့်တန်ဆာ၊ ညစ်ညမ်းစာပေ၊ အရက်နှင့်မူးယစ်ဆေးဝါး လုပ်ငန်းများတွင် ကလေးကိုအသုံးချခြင်းတို့ကို ဆိုလိုသည်။ သီလပိုင်းဖွံ့ဖြိုးတိုးတက်မှုကို အနှောက်အယှက်ဖြစ်စေသောအလုပ်မျိုးမှာ ထိုကလေးကိုးကွယ်သော ဘာ

www.burmeseclassic.com

www.burmeseclassic.com

သာရေးအရမကောင်းမှုဟု တားမြစ်ပိတ်ပင်ထားသော လုပ်ငန်းမျိုးကို ဆိုလိုသည်။ လူမှုဖွံ့ဖြိုးတိုးတက်မှုကို အနှောက်အယှက်ဖြစ်စေသော အလုပ်ဆိုသည်မှာ သာမန်ကလေးဘဝတွင်ရရှိသင့်သည့် မိဘနှင့်လုံလောက်သော ဆက်သွယ်မှု၊ အပန်းဖြေကစားချိန်နှင့် အခြားကလေးများနှင့် ချစ်ခင်ရင်းနှီးပျော်ရွှင်ချိန်များ မရှိလောက်အောင် တားဆီးဟန့်တားစေသော အလုပ်မျိုးဖြစ်သည်။

ဤအပိုဒ်တွင် ကလေးများအား စီးပွားရေးအရ အမြတ်ထုတ်ခြင်းမှ ကာကွယ်ပေးရန် လိုအပ်သည့်အကြောင်း ဖော်ပြထားသည်။ စီးပွားရေးအရ အမြတ်ထုတ်ခြင်းဆိုသည်မှာ အခြားသူများဒုက္ခရောက်အောင်လုပ်ပြီးမှ ကိုယ့်စီးပွားတိုးတက်အောင် ငွေရှာခြင်းဖြစ်သည်။ ကလေးများအား ကူးသန်းရောင်းဝယ်ခြင်း၊ ပြည့်တန်ဆာလုပ်ငန်းများသို့ အတင်းအကြပ်သွတ်သွင်းခြင်းတို့သည် စီးပွားရေးအရအမြတ်ထုတ်ခြင်းများပင်ဖြစ်သည်။ ထို့ပြင် ကလေးအားတောင်းရမ်းခိုင်းခြင်း၊ အခြားသူပစ္စည်းများကို ခိုးဝှက်ခိုင်းခြင်းတို့သည်လည်း စီးပွားရေးအရ အမြတ်ထုတ်ခြင်းမြောက်သည်။ ကလေးလုပ်အားဖြင့်ရှာဖွေထားသော ဝင်ငွေများအား ကလေးအတွက် သီးသန့်ဖယ်ထားခြင်းမရှိဘဲ အသုံးပြုခြင်းသည်လည်း စီးပွားရေးအမြတ်ထုတ်ခြင်းဖြစ်သည်။ ကလေးသရုပ်ဆောင်များ၊ ကလေးဂီတပညာရှင်များနှင့် ကလေးအားကစားသမားများကို ကလေး၏အကောင်းဆုံးအကျိုးကို မငဲ့ကွက်ဘဲ စေခိုင်းခြင်းကိုလည်း ကလေးအပေါ် စီးပွားရေးအမြတ်ထုတ်ခြင်းဟု ခေါ်နိုင်သည်။

ကလေးများအား လုပ်အားစေခိုင်းခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက နည်းလမ်းသုံးမျိုး လုပ်ဆောင်နိုင်ကြောင်း ယခုအပိုဒ်တွင် ဆိုထားသည်။ ထိုနည်းလမ်းသုံးမျိုးမှာ (၁) အလုပ်လုပ်ခွင့်ပြုသည့် ကလေး၏အသက်ကို သတ်မှတ်ပေးခြင်း (၂) ကလေးတယောက် အလုပ်လုပ်နိုင်သည့် အလုပ်ချိန်နှင့် လုပ်ငန်းခွင်အခြေအနေများကို စည်းကမ်းများ ထုတ်ပြန်သတ်မှတ်ခြင်း၊ (၃) ကလေးလုပ်သားစေခိုင်းမှုဆိုင်ရာ စည်းမျဉ်းဥပဒေများကို ချိုးဖောက်သောကုမ္ပဏီများအား ပြင်းထန်စွာအရေးယူခြင်းတို့ဖြစ်သည်။

ကလေးသူငယ်များ အခွင့်အရေးစာချုပ် မပေါ်ပေါက်မီကပင် အလုပ်သမားများ၏ အခွင့်အရေးများကို ပြဋ္ဌာန်းထားသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်မှနေ၍ အလုပ်လုပ်ခွင့်ပြုသည့် အသက်သတ်မှတ်ချက်ဆိုင်ရာ သဘော

www.burmeseclassic.com

တူစာချုပ်ကို ပြဌာန်းခဲ့ပြီးဖြစ်သည်။ ယခုကလေးစာချုပ်တွင် ကလေးများအား အလုပ်လုပ်ခွင့်ပြုသည့်အသက်ကို တိတိကျကျဖော်ပြထားခြင်းမရှိသော်လည်း နိုင်ငံအစိုးရများအနေဖြင့် ထိုအပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ သဘောတူစာချုပ်ကို ကိုးကားကျင့်သုံးနိုင်သည်။ ထိုစာချုပ်အရ အချိန်ပြည့်အလုပ်လုပ်ခွင့်ပြုထားသော ကလေး၏အသက်သည်(၁၅)နှစ်ဖြစ်ပြီး ဆင်းရဲသောနိုင်ငံများတွင် အသက်(၁၄)နှစ်ထက်မငယ်ရဟု သတ်မှတ်ထားသည်။ သို့သော် အသက်(၁၃)နှစ်ပြည့်ပြီးသော ကလေးများကို သူတို့၏ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မထိခိုက်၊ ကျောင်းပညာသင်ယူမှုကိုလည်း အနှောက်အယှက်မဖြစ်စေသော သက်သာသည့်လုပ်ငန်းမျိုးတွင် အချိန်ပိုင်းအနေနှင့် လုပ်ကိုင်ခွင့်ပြုထားသည်။

ကလေးများ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများရှိ ကလေးများသည် မိသားစုရပ်တည်ရေးအတွက် အလုပ်လုပ်ရန်လိုအပ်သည့်အတွက် ကလေးများအား အလုပ်စေခိုင်းခြင်းအား ပိတ်ပင်တားမြစ်မှုသည် အမှန်တကယ်လက်တွေ့ကျပါ့မလားဟု စောဒကတက်ခဲ့ကြသည်။ လူအတော်များများက ဥပဒေတရပ် ပြဌာန်းရုံသက်သက်ဖြင့် ကလေးများအား အလုပ်စေခိုင်းခြင်း မပပျောက်သွားနိုင်ဟု ထောက်ပြကြသည်။ ထို့ကြောင့် မိသားစုစီးပွားရေးကြပ်တည်းမှုကို အဖြေရှာသည့်အနေဖြင့် မိသားစုတိုင်း စားဝတ်နေရေးဖူလုံသည့် အဆင့်အတန်းရောက်အောင် ဖန်တီးပေးရန်လိုအပ်ကြောင်း ဆိုကြသည်။

ကလေးလုပ်အား စေခိုင်းခြင်းပြဿနာကို အထူးရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံများတွင် အများဆုံးကြိုးပမ်းလုပ်ဆောင်လေ့ရှိသည်မှာ ကလေးလုပ်အား စေခိုင်းခြင်းများထဲမှ အချို့သောစေခိုင်းမှုအမျိုးအစားများ တဖြည်းဖြည်းနှင့် ပပျောက်သွားအောင် ကြိုးပမ်းအားထုတ်ခြင်းဖြစ်သည်။

အဆိုးဝါးဆုံးသော ကလေးလုပ်အားစေခိုင်းမှုသည် ကလေးများ၏ သာမန်ကလေးဘဝကို အနှောက်အယှက်ဖြစ်စေရုံသာမက ကလေး၏ပညာရေး၊ ကိုယ်ခန္ဓာဖွံ့ဖြိုးတိုးတက်မှုတို့ကိုပါ ထိခိုက်စေနိုင်သည်။ ထို့ပြင် မတော်တဆ ထိခိုက်ဒဏ်ရာရမှုနှင့် ဓာတုဗေဒ ဆေးဝါးများကြောင့် ရောဂါများရရှိကာ ဘဝတသက်တာလုံး လူစဉ်မမီဖြစ်စေနိုင်သည်။ ထိုသို့ အဆိုးဝါးဆုံးသော ကလေးလုပ်အားစေခိုင်းမှုမျိုးများမှ ကလေးကိုကာကွယ်ပေးရန်မှာ ဤအပိုဒ်(၃၂)တွင် ပါဝင်သည့် လုပ်ဆောင်ပေးရ

www.burmeseclassic.com

www.burmeseclassic.com

မည့် အရာအားလုံးကို လုပ်ဆောင်ပေးခြင်း မဟုတ်သည့်တိုင်အောင် အရေးကြီးလှသော ခြေလှမ်းတလှမ်း လှမ်းလိုက်ခြင်းပင်ဖြစ်သည်။ ဤအပိုဒ်တွင် ဆိုထားသည့်အတိုင်း ကလေးများအား လုပ်အားစေခိုင်းနေခြင်း တခုလုံးကို လုံးဝပပျောက်သွားအောင် လုပ်ဆောင်နေသောကာလအတွင်း စေခိုင်းခံနေရသော ကလေးများအား တတ်နိုင်သရွေ့ ကျန်းမာရေးစောင့်ရှောက်မှုများ ထောက်ပံ့ပေးခြင်း၊ အဟာရလုံလုံလောက်လောက်ဖြစ်အောင် ကူညီပေးခြင်း၊ လုံလုံခြုံခြုံ အနားယူခွင့်ရအောင် ဖန်တီးပေးခြင်းနှင့် အချိန်ပိုင်းပညာသင်ကြားနိုင်အောင် လုပ်ဆောင်ပေးခြင်းတို့ကိုလည်း လုပ်ဆောင်သင့်သည်ဟု အချို့ကဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



အပိုဒ် (၃၃)

# ကလေးနှင့် မူးယစ်ဆေးဝါးအလွဲသုံးစားလုပ်မှု




စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးများအား နိုင်ငံတကာသဘောတူ ချက်များအရ ပြဌာန်းထားသော မူးယစ်ဆေးဝါးများနှင့် လူကိုထုံထိုင်းစေသော ဆေး ဝါးများအား တရားမဝင်အသုံးပြုခြင်းအပြင် ကလေးများအား တရားမဝင် မူးယစ် ဆေးဝါးများထုတ်လုပ်ခြင်းနှင့် ကူးသန်းရောင်းဝယ်ခြင်းတို့တွင် အသုံးချခြင်းတို့အား ကာကွယ်ပေးရန် ဥပဒေပြုကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ပညာရေးက ဏ္ဍအသီးသီးတို့တွင် လိုအပ်သလို လုပ်ဆောင်ပေးရမည်။

ဤအပိုဒ်အတွင်း နိုင်ငံတကာဥပဒေများက ပြဌာန်းပိတ်ပင်ထားသည့် မူးယစ်ဆေးဝါးများနှင့် လူကိုထုံထိုင်းစေသော ဆေးဝါးများအား ကလေးများအနေ ဖြင့် တရားမဝင်အသုံးပြုခြင်းမှ ကာကွယ်ပေးရန် ဆိုထားသည်။

မူးယစ်ဆေးများကို ဆေးဖက်ဆိုင်ရာအရ အသုံးပြုသုံးစွဲခြင်းသည် တရား ဝင်ဖြစ်သော်လည်း ဆေးဖက်ဆိုင်ရာ လိုအပ်ချက်အရမဟုတ်ဘဲ သုံးစွဲပါက တရား မဝင်သုံးစွဲခြင်းမြောက်သည်။ ကလေးများအား ဥပဒေအရ ပိတ်ပင်တားမြစ်ထား သော မူးယစ်ဆေးဝါးများ မသုံးစွဲစေရန် ကာကွယ်ပေးရမည်။ ထိုမူးယစ်ဆေးဝါးများ ကို ကလေးများက ကိုယ့်ဆန္ဒဖြင့်သုံးစွဲခြင်းဖြစ်စေ၊ အပျော်သဘောမျိုးဖြင့် သုံးစွဲခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စေ တားမြစ်ပိတ်ပင်ရမည်။

မူးယစ်ဆေးဝါးသုံးစွဲသူများ အထူးများပြားသည့်နိုင်ငံမျိုးတွင် ကလေးငယ်များသည် မမွေးဖွားမီကတည်းကပင် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ရင်းနှီးပြီးသားဖြစ်နေတတ်သည်။ အဘယ်ကြောင့်ဆိုသော မူးယစ်ဆေးဝါးသုံးစွဲသော ကိုယ်ဝန်ဆောင်မိခင်မှတဆင့် ထိုကလေးသန္ဓေသားထံ မူးယစ်ဆေးဝါးများ ရောက်နေသောကြောင့်ဖြစ်သည်။ မိခင်သုံးစွဲသော မူးယစ်ဆေးအမျိုးအစားနှင့် ထိုအမျိုးအစား၏ပမာဏ၊ အချိန်နှင့် အရေအတွက်ကိုလိုက်၍ ထိုရင်သွေးမွေးဖွားလာချိန်တွင် မူးယစ်ဆေးဝါးစွဲနေမှုမျိုး ဖြစ်လာစေသည်။

ဤအပိုဒ်တွင် မည်သည့်မူးယစ်ဆေးဝါးများကို ပိတ်ပင်ထားသလဲ ဆိုသည်ကို လေ့လာကြည့်ပါက မူးယစ်ဆေးဝါးများတွင် ဘိန်းနှင့်ရင်းငြမှထပ်ဆင့် ထုတ်လုပ်လိုက်သော ဟီးရိုးအင်း၊ မော်ဖိန်းကဲ့သို့သော ဆေးဝါးများပါဝင်ပြီး ထုံထိုင်းစေတတ်သောဆေးဝါးများမှာ လူ၏အတွေးကို လွဲမှားစေသော၊ စိတ်ခံစားမှုတမျိုး ဖြစ်စေသော၊ ဦးနှောက်ကိုထိခိုက်စေသော ဆေးဝါးများဖြစ်သည်။ ဥပမာ – မြင်းဆေး၊ ကိုကင်း၊ ကိုဒိန်းနှင့် ဆေးခြောက်တို့ဖြစ်သည်။

ထိုသို့သော မူးယစ်ဆေးဝါးများသည် သုံးစွဲသူကို စွဲစေတတ်သောကြောင့် ပိတ်ပင်တားမြစ်ရခြင်းဖြစ်သည်။ ထိုသို့ မူးယစ်ဆေးစွဲသူများသည် ဆေးသုံးစွဲနိုင်ရန်အတွက် ရာဇဝတ်မှုများကို ကျူးလွန်လာတတ်ကြသည်။ မူးယစ်ဆေးဝါးကို သွေးကြောထဲ ဆေးထိုးသူများတွင်လည်း ကိုယ်ခံအားကျသော ရောဂါအပါအဝင် အခြားသော ရောဂါများကူးစက်၍ သေဆုံးနိုင်သည်။ ထုံထိုင်းစေတတ်သော ဆေးများ၏အာနိသင်ကြောင့် အချို့သူများသည် သာမန်အခြေအနေမျိုးတွင် မလုပ်ရဲသည့် ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်လာတတ်သည်။ လူ၏စိတ်ကို ဖောက်ပြန်စေနိုင်သည်။

ပိတ်ပင်တားမြစ်ထားသော မူးယစ်ဆေးဝါးစာရင်းတွင် ဆေးရွက်ကြီးနှင့်အရက်တို့ မပါဝင်သည်ကို တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် ထိုနှစ်မျိုးစလုံးကို နိုင်ငံတကာဥပဒေများတွင် မူးယစ်ဆေးဝါးအဲဖြစ် ထည့်သွင်းသတ်မှတ်ထားခြင်း မရှိသောကြောင့်ဖြစ်သည်။ အမှန်တကယ်တွင် ထိုနှစ်မျိုးစလုံးသည် လူကိုစွဲစေပြီး ကျန်းမာရေးကိုလည်းထိခိုက်စေသော အရာများပင်ဖြစ်သည်။ ထို့ပြင် ဈေးကြီးကြီးမပေး

www.burmeseclassic.com

www.burmeseclassic.com

ရဘဲ မူးယစ်ဆေးဝါးအဖြစ် သုံးစွဲ၍ရသောကော်ကဲ့သို့ မူးယစ်စေတတ်သည့် အရာများကိုလည်း ဤအပိုဒ်တွင် မထည့်သွင်းထားခြင်းမရှိချေ။ ထိုအရာများကို ထည့်သွင်းဖော်ပြထားခြင်းမရှိသော်လည်း ထိုအရာများသုံးစွဲခြင်းသည် ကလေး၏ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အန္တရာယ်ပြုစေသဖြင့် ကလေးအခွင့်အရေးစာချုပ်ပါ အပိုဒ်(၆)နှင့်(၂၄)အရ ထိုအရာများအား ကလေးများသုံးစွဲခြင်းအား တားမြစ်ကာကွယ်ပေးရန် လိုအပ်သည်။

ကလေးများ မူးယစ်ဆေးဝါးသုံးစွဲခြင်းသာမကဘဲ မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်းနှင့် ကူးသန်းရောင်းဝယ်ခြင်းတို့တွင် ပါဝင်ပတ်သက်နေမှုများအား ကာကွယ်ပေးရန် အပိုဒ်(၃၃)က ဆိုထားသည်။ ကလေးများအား မူးယစ်ဆေးဝါးများ စိုက်ပျိုးသည့် နေရာတွင်လည်းကောင်း၊ ထိုကုန်ကြမ်းများကို သယ်ဆောင်သည့် နေရာတွင်လည်းကောင်း၊ ဆေးဝါးအဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် နေရာတွင်လည်းကောင်း အသုံးပြုခြင်းအား တားမြစ်ပေးရန် လိုအပ်သည်။ ထိုသို့သော လုပ်ငန်းမျိုးသည် အန္တရာယ်ရှိစေနိုင်သည့်အပြင် ကလေး၏ကျန်းမာရေးကိုလည်း ထိခိုက်စေသည်။ မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်သယ်ဆောင်ရာတွင် ပါဝင်နေရသောကလေးများအနေဖြင့်လည်း တာဝန်ရှိသူများ၊ အာဏာပိုင်များ၏ ဖမ်းဆီးခြင်း၊ ဂိုဏ်းအချင်းချင်းတိုက်ပွဲများအကြား သတ်ဖြတ်ခံရခြင်းတို့ ကြုံတွေ့နိုင်သည်။

ထို့ပြင် ဤအပိုဒ်တွင် မူးယစ်ဆေးဝါးလုပ်ငန်းများတွင် ကလေးများပါဝင်ခြင်းမရှိအောင် လုပ်ဆောင်သင့်သည့်လုပ်ငန်းများကို ဖော်ပြထားသည်။ ထိုလုပ်ငန်းများမှာ ဥပဒေများပြဋ္ဌာန်းခြင်းနှင့် ကလေးများအနေဖြင့် မူးယစ်ဆေးဝါး၏ ဆွဲဆောင်မှုမခံရအောင် ပညာရေးနှင့်အားကစားအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်းတို့ဖြစ်သည်။ မူးယစ်ဆေးဝါးစွဲပြီး ပြန်လည်နာလန်ထထူထောင်လာသောကလေးများနှင့်ပတ်သက်၍ အပိုဒ်(၃၉)တွင် ထပ်မံဖော်ပြထားပါသည်။

❖❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



အပိုဒ် (၃၄)

# လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာစော်ကားခြင်း




စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးအားလိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာစော်ကားခြင်းတို့မှ ကာကွယ်ပေးရန် လုပ်ဆောင်ပေးရမည်။ ထိုရည်ရွယ်ချက်အတိုင်း ကာကွယ်တားဆီးစေရေးအတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံတော်အဆင့်၊ နှစ်နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင် လိုအပ်သလို လုပ်ဆောင်ရာတွင်...

(က) ကလေးများအား တရားမဝင် လိင်လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်စေရန် သွေးဆောင်မြှူဆွယ်ဖျားယောင်းခြင်းများ။

(ခ) ကလေးများအား ပြည့်တန်ဆာလုပ်ငန်းများနှင့် အခြားတရားမဝင် လိင်မှုကိစ္စတို့တွင် အမြတ်ထုတ်စေခိုင်းခြင်းများ။

(ဂ) ကလေးများအား လိင်စိတ်မြှူဆွယ်သော ဖြေဖျော်မှုများနှင့် ရုပ်ပုံများတွင် အမြတ်ထုတ်အသုံးချခြင်းများတို့ကို တားမြစ်ခြင်း ပြုလုပ်ပေးရမည်။

လိင်ပိုင်းဆိုင်ရာ အမှုအကျင့်နှင့်ပတ်သက်၍ စိတ်ဓာတ်ပိုင်း၊ လူမှုရေးပိုင်းနှင့် တရားဥပဒေပိုင်းဆိုင်ရာ သတ်မှတ်ထားချက်များသည် လူ့အသိုင်းအဝိုင်းတခု

www.burmeseclassic.com

www.burmeseclassic.com



နှင့်တခု၊ ဘာသာတရားတခုနှင့်တခု၊ ခေတ်ရေစီးကြောင်း တခုနှင့်တခုအကြားတို့တွင် မတူညီနိုင်ပေ။ ကလေးတို့၏ လိင်ပိုင်းဆိုင်ရာအမူအကျင့်နှင့် ပတ်သက်၍လည်း နိုင်ငံအားလုံးအပေါ် လွှမ်းခြုံသတ်မှတ်နိုင်သော အဓိပ္ပါယ်သတ်မှတ်ထားချက်တခု ချမှတ်ရန် မဖြစ်နိုင်ပါ။ ထို့ကြောင့် ထိုကိစ္စနှင့်ပတ်သက်၍ ကလေးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်တွင် မည်သို့လုပ်ဆောင်ရမည်ဟူသော လမ်းညွှန်ချက်မပါဝင်ဘဲ မိဘအနေဖြင့် မိမိ၏ကိုယ်ပိုင်ယုံကြည်ချက်အရဖြင့်သာ ကိုင်တွယ်ဖြေရှင်းရန် ဆိုထားပါသည်။ ကလေးစာချုပ်တွင် ကလေးများ၏ အခွင့်အရေးနှင့်ပတ်သက်၍ အထူးအန္တရာယ်ပြုနေသော အချက်များကိုသာ ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရပါသည်။

ဤအပိုဒ်(၃၄)တွင် ကလေးများအား လိင်ပိုင်းဆိုင်ရာစော်ကားခြင်း **(Sexual Abuse)** နှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း **(Sexual Exploitation)** တို့မှ ကာကွယ်ပေးရန် ရေးသားထားပါသည်။ ထိုစကားလုံးနှစ်လုံးမှာ ဆင်တူသယောင်ရှိသော်လည်း အဓိပ္ပါယ်ထပ်တူထပ်မျှမတူပါ။ လိင်ပိုင်းဆိုင်ရာ စော်ကားမှုဆိုသည်မှာ ကလေးအားဆန္ဒမပါဘဲ လိင်ကိစ္စအတွက်အသုံးပြုခြင်း သို့မဟုတ် သဘောတူဆန္ဒဖော်ပြရန်အတွက် အရွယ်ငယ်လွန်းသော ကလေးများအား လိင်ပိုင်းဆက်သွယ်မှုလုပ်ခြင်း သို့မဟုတ် ထိုကလေးအား ထိမ်းသိမ်းစောင့်ရှောက်သည့် အာဏာရှိသူက ထိုကလေးအား လိင်ပိုင်း စော်ကားခြင်းတို့ကို ဆိုလိုသည်။ အကယ်၍ ကလေးထက်အသက်ကြီးသောသူက ကလေးနှင့် လိင်ပိုင်းဆိုင်ရာ ဆက်ဆံမှုကျူးလွန်လျှင် လိင်ပိုင်းဆိုင်ရာ စော်ကားမှုမြောက်သည်။ ထို့ပြင် ကလေးအားစောင့်ရှောက်ပေးရန် တာဝန်ရှိကြသော ဆရာဆရာမများ၊ အားကစားနည်းပြများ၊ ဘုန်းတော်ကြီးများ၊ တရားဟောဆရာများ၊ ကလေးဂေဟာများမှ ဝန်ထမ်းများနှင့် ကလေးကူညီစောင့်ရှောက်ရေးအဖွဲ့များမှ တာဝန်ရှိသူများသည် ကလေးဖြစ်သူနှင့် လိင်ပိုင်းဆိုင်ရာဆက်သွယ်မှု တစုံတရာကျူးလွန်ပါကလည်း လိင်ပိုင်းဆိုင်ရာ စော်ကားမှုမြောက်သည်။ ကလေးအား မသင့်မလျော်စွာကိုင်တွယ်ခြင်း၊ ဖက်ခြင်းတို့သည် အင်အားသုံးအကြမ်းဖက်ခြင်း မရှိသော်လည်း လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းပင်ဖြစ်သည်။ ညစ်ညမ်းစာပေ၊ ရုပ်ပုံ၊ ဗီဒီယိုများကို ကလေးနှင့်အတူ ကြည့်ရှုခြင်း၊ ကလေးအချင်းချင်း လိင်ပိုင်းဆိုင်ရာအပြုအမူများ လုပ်ဆောင်စေပြီးကြည့်ရှုခြင်း၊

www.burmeseclassic.com

www.burmeseclassic.com


ကလေး၏ ကိုယ်ခန္ဓာဗလာကျင်းကို ဓာတ်ပုံရိုက်ခြင်း၊ လိင်စိတ်ဖြင့် မရိုးသားသော ရည်ရွယ်ချက်ဖြင့် ကြည့်ရှုခြင်းတို့မှာလည်း ကလေးအား လိင်ပိုင်းဆိုင်ရာ စော်ကားရာမြောက်ပေသည်။ ကလေးအား အကြောင်းရင်းမရှိဘဲ လိင်ပိုင်းဆိုင်ရာ အကြောင်းများပြောဆိုခြင်းသည်ပင် လိင်ပိုင်းဆိုင်ရာစော်ကားမှုဟု သတ်မှတ်နိုင်သည်။

လိင်ပိုင်းဆိုင်ရာစော်ကားမှုသည် ကလေးများအပေါ် အခြားနည်းများဖြင့် စော်ကားမှုများကဲ့သို့ပင် ကလေးဘဝတလျှောက်လုံးအတွက် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများဖြစ်စေသည်။ စော်ကားခံရသောကလေးအနေဖြင့် ကိုယ့်ကိုကိုယ် သိမ်ငယ်နေခြင်း၊ ယုံကြည်မှုကင်းမဲ့ခြင်း၊ စိတ်အာရုံစူးစိုက်မှု မပြုနိုင်တော့ခြင်း၊ အခြားသူများနှင့် မိတ်ဆွေလုပ်ရန် ခက်ခဲနေခြင်းနှင့် ပျော်ရွှင်မှုမရှိတော့ခြင်း၊ အိပ်မက်ဆိုးများမက်နေခြင်း စသည်တို့ကို ခံစားရတော့သည်။ အချို့ကလေးများဆိုလျှင် အရွယ်မရောက်ခင်ကတည်းက ထိုကလေးကိုယ်တိုင်ပင် အခြားသူများကို စော်ကားနေသူများ ဖြစ်သွားလေ့ရှိသည်ကို လေ့လာတွေ့ရှိရသည်။

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုဆိုသည်မှာ ကလေးငယ်များအား ပြည့်တန်ဆာအဖြစ်စေခိုင်းခြင်း၊ ညစ်ညမ်းစာပေများတွင် အသုံးချခြင်း၊ လိင်ပြပွဲများတွင် ပါဝင်ခိုင်းခြင်း စသည်တို့ကို ဆိုလိုသည်။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရသော ကလေးများသည် လိင်စော်ကားခံရသော ကလေးများနည်းတူ ခံစားရသည့်အပြင် အခြားသောအန္တရာယ်များလည်း ထပ်လောင်းရင်ဆိုင် ကြုံတွေ့ရနိုင်သည်။ ကလေးပြည့်တန်ဆာများသည် အကြမ်းဖက်စော်ကားမှု၊ ရိုက်နှက်မှုများကို ရင်ဆိုင်ရနိုင်သည်။ ကလေးပြည့်တန်ဆာများကို ကျေးကျွန်များသဖွယ်စေခိုင်းခြင်း၊ လိင်ဆက်ဆံခြင်းမျိုး ကြုံနိုင်သည်။ ထိုမျှမက လိင်ဆက်ဆံခြင်းမှ ကူးစက်တတ်သောရောဂါများ ကူးစက်နိုင်သလို မူးယစ်ဆေးဝါးများလည်း စွဲကပ်နိုင်သည်။

ကလေးများသည် လိင်စော်ကားမှုနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများကို အသက်အရွယ်မရွေး ကြုံတွေ့နိုင်သည်။ ကျား၊မ မရွေးဖြစ်နိုင်သည်။ ထိုသို့စော်ကားကျူးလွန်သူများမှာလည်း မိသားစုအတွင်းမှ မိဘရင်းများ၊ အရွယ်ရောက်သူ အစ်ကိုအစ်မများ၊ အသက်ပိုကြီးသောကလေးများ၊ ဆွေမျိုးများ၊ အိမ်နီးနားချင်းများနှင့် ကလေးများကိုသာ လိင်ဆက်ဆံလိုသည့်စိတ်ရှိသူများ စသည်ဖြင့်ပုံအမျိုးမျိုးဖြစ်နိုင်သည်။ ထိုသို့စော်ကားသူများထဲတွင် သာမန်ကြည့်လျှင် ယုံကြည်လေး

www.burmeseclassic.com

www.burmeseclassic.com



စားခံရလောက်သော၊ အများကကြည်ညိုသောသူများလည်း ပါဝင်နေတတ်သည်။

ပြည့်တန်ဆာအဖြစ်ရောက်ခဲ့သော ကလေးများကို သုတေသနလုပ်ကြည့်ရာတွင် အများစုမှာ ၎င်းတို့၏နေအိမ်တွင် ပထမဆုံးစော်ကားခံရသော ကလေးများဖြစ်နေသည်ကို တွေ့ရှိရသည်။ လိင်စော်ကားခံရခြင်းနှင့် အခြားနည်းအမျိုးမျိုးဖြင့် စော်ကားခံရမှုကြောင့် ကလေးများသည် နေအိမ်မှထွက်ပြေးကာ နောက်ပိုင်းတွင် အသက်ရှင်ရပ်တည်ရန်အတွက် ပြည့်တန်ဆာအဖြစ် စည်းရုံးသိမ်းသွင်းခြင်း ခံလိုက်ရတော့သည်။

အချို့နိုင်ငံများတွင် ကလေးများကို လူမှောင်ခိုဂိုဏ်းများ လိုက်လံဝယ်ယူပြီး ထိုသူတို့ကတဆင့် ပြည့်တန်ဆာအဖြစ် အသုံးချမည့်သူများထံတဆင့် ပြန်လည်ရောင်းချခြင်းများပြုကြသည်။ တခါတရံတွင် မိဘရင်းများကိုယ်တိုင်က အလုပ်အကိုင်ကောင်းကောင်း၊ ဝင်ငွေကောင်းကောင်းရရှိမည်ဟူသော မျှော်လင့်ချက်ဖြင့် ပွဲစားများထံ မိမိ၏ရင်သွေးများကို ကိုယ်တိုင်ရောင်းချလိုက်ခြင်းမျိုးလည်းရှိသည်။

ကလေးများနှင့်သာ လိင်ဆက်ဆံလိုသောသူများအတွက် ရည်ရွယ်၍ဖွင့်ထားသော ခရီးသွားလုပ်ငန်းများ၊ ဟော်တယ်များသည် နိုင်ငံတချို့တွင် ရှိနေဆဲဖြစ်သည်။ ဆင်းရဲမွဲတေမှုနှင့် အာဏာပိုင်တို့၏ လာဒ်စားမှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုနည်းသော နိုင်ငံများရှိကလေးများမှာ လိင်အမြတ်ထုတ်မှုဒဏ်ကို ပိုမိုခံစားနေရလေ့ရှိသည်။ ချမ်းသာကြွယ်ဝသည့် နိုင်ငံခြားခရီးသည်များက ထိုဆင်းရဲလျက်ရှိနေသော နိုင်ငံများမှကလေးများကို လိင်ပိုင်းဆိုင်ရာစော်ကားရန် ရည်ရွယ်ချက်ဖြင့်လာရောက်လည်ပတ်ကြသည့် လိင်ခရီးသွားလုပ်ငန်းများကိုလည်း တားဆီးပိတ်ပင်မှသာ ကလေးများအား လိင်ပိုင်းအမြတ်ထုတ်ခြင်း ပပျောက်စေနိုင်မည်ဖြစ်သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



အပိုဒ်(၃၅)

# ကလေးရောင်းစားခြင်း



စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးများအား ပြန်ပေးဆွဲရန်၊ ရောင်းချရန်၊ ကူးသန်းရောင်းဝယ်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မည့်သည့်အသွင်မျိုးဖြင့် ဖြစ်စေ ထိုသို့လုပ်ဆောင်ခြင်းကို တားဆီးကာကွယ်ပေးရန်အတွက် နိုင်ငံတော်အဆင့်၊ နှစ်နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင် လိုအပ်သလို လုပ်ဆောင်ပေးရမည်။

ဤအပိုဒ်(၃၅)တွင် နိုင်ငံအစိုးရများအနေဖြင့် ကလေးများအား ပြန်ပေးဆွဲခြင်း၊ ရောင်းစားခြင်းနှင့် ကူးသန်းရောင်းဝယ်ခြင်းတို့ကို တားဆီးရန်အတွက် တာဝန်ဝတ္တရားများ အပ်နှင်းထားသည်။

ပြန်ပေးဆွဲခြင်းဆိုသည်မှာ စင်စစ်အားဖြင့် ကလေးခိုးခြင်းပင်ဖြစ်သည်။ ငွေကြေးရရှိလိုသောကြောင့် ကလေးအားပြန်ပေးဆွဲ၍ ဓားစာခံအဖြစ်ဖမ်းဆီးထားပြီး တောင်းသည့်ငွေရပါက ပြန်လွှတ်ပေးခြင်းမျိုးကို ပြန်ပေးဆွဲခြင်းဟု အများကသိရှိသော်လည်း ကလေးကို ထာဝရခေါ်ဆောင်သွားသည့် ပြန်ပေးဆွဲခြင်းမျိုးလည်း ရှိသေးသည်။ ကလေးကိုပြန်ပေးဆွဲသူသည် ယာယီထိမ်းသိမ်းထားရန်ဆိုသော ရည်ရွယ်ချက်မျိုးဖြင့်မဟုတ်ဘဲ ပြန်လည်ရောင်းစားရန်ဟူသော ရည်ရွယ်ချက်ဖြင့် ခိုးယူ

www.burmeseclassic.com

www.burmeseclassic.com

ပြန်ပေးဆွဲခြင်းကို ဆိုလိုခြင်းဖြစ်သည်။

ကလေးအားရောင်းချခြင်းကို တရားမဝင်အပြုအမူအဖြစ် သတ်မှတ်၍ ပိတ်ပင်ခဲ့သည်မှာ ရာစုနှစ်ပင်ကျော်လွန်လာခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ကလေးများ ရောင်းချခြင်းပပျောက်သွားပြီဟု ထင်ကောင်းထင်နိုင်သော်လည်း အမှန်တကယ်တွင် ကလေးများအားရောင်းချခြင်းသည် ယခင်ကထက်ပင် ပိုမိုကျယ်ပြန့်လာသည်ကို တွေ့ရသည်။ နှစ်စဉ်နှစ်တိုင်း ကလေးပေါင်းများစွာ ရောင်းချခံနေရလျက် ရှိနေဆဲပင်ဖြစ်သည်။

ကလေးရောင်းချခြင်းနှင့် အများဆုံးဆက်စပ်နေသော အခြားအမြတ်ထုတ်မှုများမှာ ကလေးများအား ပြည့်တန်ဆာအဖြစ်စေခိုင်းမှုနှင့် ကလေးလုပ်သားအဖြစ် စေခိုင်းမှုတို့ဖြစ်သည်။

မွေးကင်းစကလေးငယ်များကို မွေးစားရန်ရည်ရွယ်ချက်ဖြင့် ရောင်းချမှုမျိုးလည်းရှိသေးသည်။ အချို့မွေးကင်းစကလေးများမှာ မိဘများနှင့် ပြုစုစောင့်ရှောက်သူများက သေသေချာချာစောင့်ရှောက်မှုမရှိ၍ ခိုးယူခံရသောကလေးများဖြစ်သလို အချို့မှာ မွေးမွေးချင်းမသမာသောဆရာဝန်နှင့် ဆေးရုံဝန်ထမ်းများ၏ အကူအညီဖြင့် ဆေးရုံတွင်ခိုးယူခံရသော ကလေးများလည်းရှိသည်။ တခါတရံတွင် အဖေမဖော်နိုင်သောကလေးများ၊ လက်ထပ်ခြင်းမရှိဘဲ မွေးလာသောကလေးများကို မိခင်ရင်းကိုယ်တိုင်က ရောင်းချလိုက်ခြင်းမျိုးလည်းရှိသည်။

ဤအပိုဒ်တွင်ဖော်ပြထားသော ကလေးများအား ကူးသန်းရောင်းဝယ်ခြင်းဆိုသည့်လုပ်ငန်းသည် ယခုအခါတွင် နိုင်ငံတကာဂိုဏ်းများဖွဲ့၍ လုပ်ကိုင်နေသော စီးပွားရေးတခု ဖြစ်လာသည်ကို တွေ့ရသည်။ ထိုကဲ့သို့ ကလေးများအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန်နှင့် ညစ်ညမ်းစာပေများ၌ အသုံးပြုရန်ရည်ရွယ်ချက်ဖြင့် ကူးသန်းရောင်းဝယ်ခြင်းအား တိတိကျကျတားမြစ်သည့် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ်ကို သက္ကရာဇ် ၂၀၀၀ ခုနှစ်တွင် ထပ်မံပြဋ္ဌာန်းလာနိုင်ခဲ့သည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



အပိုဒ် (၃၆)

# အခြားနည်းများဖြင့် အမြတ်ထုတ်စော်ကားမှုများ



စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးအား အခြားနည်းများဖြင့် အမြတ်ထုတ်စော်ကားမှုများနှင့် ကလေး၏ဘဝ သာယာချမ်းမြေ့မှုကို ထိခိုက်စေမည့် ပယောဂအစွဲများမှ ကာကွယ်ပေးရမည်။

ကလေးများအား နည်းမျိုးစုံဖြင့် အမြတ်ထုတ်စော်ကားမှုများကို ဤစာချုပ်ပါ အပိုဒ်အသီးသီးတွင် ဖော်ပြထားခဲ့ပြီးဖြစ်သည်။ အပိုဒ်(၃၂)တွင် ကလေးများအား အလုပ်စေခိုင်းခြင်း၊ စီးပွားရေးအရ အမြတ်ထုတ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ အပိုဒ်(၃၃)တွင် ကလေးများအား မူးယစ်ဆေးဝါးလုပ်ငန်းများတွင် စေခိုင်းခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ အပိုဒ်(၃၄)တွင် ကလေးများအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ အပိုဒ်(၃၅)တွင် ကလေးများအားရောင်းချခြင်း၊ ကူးသန်းရောင်းဝယ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ အပိုဒ်(၃၈)တွင် ကလေးများအား စစ်သားအဖြစ် စေခိုင်းခြင်းနှင့်ပတ်သက်၍လည်းကောင်း အသီးသီးဖော်ပြထားသည်။ ယခုအပိုဒ်(၃၆)သည် ထိုအပိုဒ်များတွင် ဖော်ပြထားခြင်းမရှိသေးသော အခြားနည်းလမ်းများဖြင့် ကလေးများအပေါ်အမြတ်ထုတ်မှုများကို ကာကွယ်ပေးရန်အတွက် စာချုပ်တွင်မပါသေးသော အခြားအမြတ်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်မှု ပုံစံများဟူသမျှအားလုံးကို ဤအပိုဒ်က လွှမ်းခြုံဖော်ပြထားခြင်းဖြစ်သည်။

စာချုပ်ပါအခြားအပိုဒ်များတွင် ဖော်ပြထားသေးခြင်းမရှိသည့် ကလေးများ၊ အပေါ်အမြတ်ထုတ်မှု ဥပမာတခုမှာ ကလေးများကို မူးယစ်ဆေးဝါးနှင့် ပြည့်တန်ဆာလုပ်ငန်းများတွင်မဟုတ်ဘဲ အခြားရာဇဝတ်လုပ်ငန်းများလုပ်ရန် စေခိုင်းခြင်းဖြစ်သည်။ အချို့နိုင်ငံများတွင် ရာဇဝတ်လုပ်ငန်း လုပ်ကိုင်သူတို့သည် ကလေးများကို ခိုးဝှက်ရန် စေခိုင်းတတ်သလို အချို့နေရာများ၌ ကလေးများအား အခြားသူများကို လုပ်ကြံသတ်ဖြတ်ရန်စေခိုင်းခြင်း စသည့်ကြီးမားသည့် ရာဇဝတ်မှုမျိုး ကျူးလွန်နိုင်သည်ကိုလည်း တွေ့ရသည်။ ထိုသို့ စေခိုင်းခြင်းသည် ကလေးများအား အမြတ်ထုတ်စေခိုင်းခြင်းဖြစ်ပြီး ကလေးများ၏ ဘဝသာယာမှုကို ထိခိုက်စေသည်။

နောက်ထပ် ဥပမာတခုမှာ ကလေးများအား လောင်းကစားခွင့်ပြုခြင်းနှင့် ကွန်ပြူတာဂိမ်းများအား အလွန်အကြူးကစားခွင့်ပြုခြင်းဖြစ်သည်။ လောင်းကစားခြင်းသည် စွဲတတ်သောအပြုအမူဖြစ်ပြီး လောင်းကစားမှုကို စွဲနေသောသူသည် ငွေနှင့်အချိန်ကို စည်းကမ်းမရှိသုံးစွဲတတ်ပြီး တာဝန်မဲ့သူတဦး ဖြစ်သွားစေနိုင်သည်။ အချို့သောစိတ်ပညာရှင်များသည် ကွန်ပြူတာဂိမ်းများကို အလွန်အကြူး ကစားခြင်းမှာလည်း လူကိုစွဲစေနိုင်ကြောင်းဆိုသည်။ ဂိမ်းကစားခြင်းကိုစွဲနေသော ကလေးတယောက်သည် ထိုသို့ကစားနိုင်ရန်အတွက် လိုအပ်သောငွေရရှိရန် ခိုးယူခြင်းများ၊ ကျောင်းစာကို စိတ်မဝင်စားတော့ခြင်းများ၊ မိသားစုနှင့်နီးနီးကပ်ကပ် မနေမှုများကို နောက်ဆက်တွဲအနေဖြင့် ကျူးလွန်လာပေလိမ့်မည်။

ကလေးများအား နိုင်ငံရေးအတွက် အမြတ်ထုတ်ခြင်းမှာလည်း စာချုပ်ပါကျန်အပိုဒ်များတွင် တိတိကျကျမဖော်ပြထားသေးသော အမြတ်ထုတ်ခြင်းတမျိုးဟုဆိုနိုင်သည်။ အစိုးရဖြစ်စေ၊ နိုင်ငံရေးအဖွဲ့အစည်းများကဖြစ်စေ ကလေးများကို မိမိတို့နိုင်ငံရေးအကျိုးအတွက် ဝါဒဖြန့်ရာတွင် အသုံးချလေ့ရှိသည်။ ဥပမာ – ဆန္ဒပြပွဲများတွင် သတင်းဌာနများက ဓာတ်ပုံရိုက်၊ ဗွီဒီယိုရိုက်စေရန်အတွက် ကလေးများကို ခေါ်ဆောင်ကာ အများစိတ်ဝင်စားစေရန် ရည်ရွယ်ချက်ဖြင့် အသုံးချခြင်းသည် ကလေးများအပေါ် နိုင်ငံရေးအမြတ်ထုတ်ခြင်းဖြစ်သည်။ တခါတရံတွင် လုံခြုံရေးတပ်ဖွဲ့များ ဝင်ရောက်ဖြိုခွင်းခြင်းမှကာကွယ်ရန် ကလေးများကို ဆန္ဒပြပွဲများ၏ရှေ့ဆုံးတွင် နေရာပေးချိတက်နိုင်းခြင်းမျိုးလည်း ရှိတတ်သည်။ အကယ်၍ လုံခြုံရေးတပ်များက

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒပြမှုကို ဝင်ရောက်ဖြိုခွဲသည့်အတွက် ကလေးများထိခိုက်သွားပါက ဖြိုခွင်းရန်အမိန့်ပေးသော အစိုးရအနေနှင့် မျက်နှာပျက်စရာဖြစ်စေသော ရည်ရွယ်ချက်လည်း ပါဝင်သည်။ အချို့သော နိုင်ငံရေးခေါင်းဆောင်များ၊ အမတ်လောင်းများသည် လူကြိုက်များစေရန် ရည်ရွယ်ချက်ဖြင့် ကလေးများနှင့်ယှဉ်တွဲ၍ ဓာတ်ပုံအရိုက်ခံသည်လည်း ရှိတတ်သေးသည်။

တခါတရံတွင် တချို့အဖွဲ့အစည်းများနှင့် အစိုးရများသည် ကလေးများ၏ ဆန္ဒနှင့်အမြင်များကို တင်ပြခွင့်ရရှိစေရန်အတွက် ကလေးများအတွက် အန္တရာယ်မဖြစ်စေသော အခြေအနေမျိုးဖြင့် ကလေးများကို ပါဝင်တင်ပြခွင့်ပြုသည့် အဖြစ်မျိုးလည်း ရှိတတ်ပါသည်။ ထိုသို့နိုင်ငံရေးတွင်ဖြစ်စေ အကြောင်းအရာတခုခုအပေါ်တွင်ဖြစ်စေ ကလေးများ၏ ပါဝင်မှုရှိရန် လုပ်ဆောင်ခြင်းမျိုးဖြစ်ပါက ကလေးများအပေါ် အမြတ်ထုတ်အသုံးချမှုဟု မဆိုနိုင်ပေ။ သို့သော် ထိုကိစ္စနှင့်ပတ်သက်၍ ကလေးများကိုယ်တိုင် သိရှိနားလည်သဘောပေါက်ခြင်းမျိုးမရှိ၊ မိမိဆန္ဒအမှန်ကိုလည်း တင်ပြခွင့်မရှိဘဲ ထောက်ခံခိုင်းရုံမျှ သက်သက်ဆိုလျှင် အမြတ်ထုတ်ခြင်းမြောက်သည့်အပြင် ကလေး၏ လွတ်လပ်စွာတွေးခေါ်ခွင့်နှင့် ထုတ်ဖော်ခွင့်ကို ချိုးဖောက်ရာရောက်သည်။ ထို့ပြင် ထိုသို့ပါဝင်ခြင်းကြောင့် ကလေးများအတွက် အန္တရာယ်ကျရောက်စေနိုင်သည်ဆိုပါက ထိုပါဝင်စေမှုသည် အမြတ်ထုတ်ခြင်းမြောက်သွားပြန်သည်။

မကြာသေးသော နှစ်များအတွင်းကစတင်၍ ကလေးအခွင့်အရေးဆိုင်ရာအဖွဲ့များသည် ကလေးများ၏ဓာတ်ပုံများ၊ သူတို့ဇာတ်ကြောင်းများအား အသုံးချမှုနှင့်ပတ်သက်၍ အပြန်အလှန်ဝေဖန်စဉ်းစားမှုများ ပြုလာခဲ့ကြသည်။ အဖွဲ့အစည်း ရံပုံငွေရရှိရန်ရည်ရွယ်ချက်ဖြင့် ကလေးများ၏ အစစ်အမှန်ဓာတ်ပုံများ၊ သူတို့၏ အဖြစ်အပျက်ဇာတ်လမ်းများကို အသုံးပြုခြင်းသည် ကလေးများ၏ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို ထိခိုက်စေပြီး ထိုသို့လုပ်ခြင်းမှာလည်း အမြတ်ထုတ်ခြင်းတမျိုးဖြစ်သည်ဟု အချို့က လက်ခံလာခဲ့ကြသည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

## အပိုဒ် (၃၇)

# လွတ်လပ်မှုရုပ်သိမ်းခံရသောကလေးများ



စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ...

(၁) မည်သည့်ကလေးကိုမဆို နှိပ်စက်ညှင်းပမ်းခြင်း၊ အခြားရက်စက်ကြမ်းကြုတ်ခြင်း၊ လူမဆန်စွာဖြင့် နိမ့်ချဆက်ဆံခြင်းနှင့် အပြစ်ပေးခြင်းများတို့မှ ကင်းလွတ်အောင် ကာကွယ်ပေးရမည်။ အသက်(၁၈)နှစ်အောက် အရွယ်ရှိသောသူတဦးက ကျူးလွန်ခဲ့သောပြစ်မှုအတွက် ထိုသူအား သေဒဏ်အပြစ်ပေးခြင်း၊ လွတ်လမ်းမရှိသော ထောင်ဒဏ်တသက်တကျွန်း ချမှတ်ခြင်းများမပြုရ။

(၂) မည်သည့်ကလေးတယောက်၏ လွတ်လပ်ခွင့်ကိုမှ တရားမဝင်နှင့် စိတ်ထင်တိုင်း ရုပ်သိမ်း၍မရပေ။ ကလေးတယောက်အား ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းနှင့် ထောင်သွင်းအကျဉ်းချခြင်းတို့သည် ဥပဒေနှင့်အညီ ဖြစ်ရမည်ဖြစ်သည်။ ထို့ပြင် ထိုသို့လုပ်ဆောင်မှုသည် အခြားနည်းများမရှိတော့၍ နောက်ဆုံးနည်းအဖြစ် လုပ်ဆောင်ရခြင်းဖြစ်ရမည်ဖြစ်ပြီး ထိုသို့လုပ်ဆောင်သောအချိန်မှာလည်း သင့် လျော်သလောက် အချိန်တိုနိုင်သမျှအတိုဆုံး ဖြစ်ရမည်။

(၃) လွတ်လပ်ခွင့်ကိုရုပ်သိမ်းခံရသော ကလေးတိုင်းအား ထိုကလေး၏ အသက်အရွယ်အလိုက် လိုအပ်ချက်အရ လူသားဆန်စွာနှင့် ထိုကလေး၏မွေးရာပါ လူသားတယောက်၏ ဂုဏ်သိက္ခာကို လေးစားစွာဆက်ဆံရမည်ဖြစ်သည်။ အထူးသ

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် လွတ်လပ်ခွင့်ကို ရုပ်သိမ်းခံရသော ကလေးများအား ထိုကလေး၏ အကောင်းဆုံးအကျိုးကိုထောက်ထား၍ မလုပ်သင့်ဟုယူဆရသော အခြေအနေမျိုးမှလွဲ၍ အခြားအခြေအနေမျိုးတွင် အရွယ်ရောက်ပြီးဖြစ်သော လူကြီးများနှင့် သီးသန့် ခွဲခြားထားရမည်။ ထိုကလေးများအား မိသားစုများနှင့် စာနှင့်ဖြစ်စေ၊ လူချင်းတွေ့ဆုံမှုဖြစ်စေ အခြားအခြေအနေမျိုးများဖြင့်ဖြစ်စေ ဆက်သွယ်ရှိခွင့်ရှိရမည်။

(ဃ) လွတ်လပ်ခွင့်ကို ရုပ်သိမ်းခံရသောကလေးတိုင်းသည် တရားရေးဆိုင်ရာနှင့် အခြားအကူအညီများကို လျင်မြန်စွာရရှိခံစားခွင့်၊ ထိုသို့လွတ်လပ်ခွင့် ရုပ်သိမ်းခံရမှုနှင့်ပတ်သက်၍ တရားရုံးတော်တွင်လည်းကောင်း အခြားစွမ်းဆောင်နိုင်ပြီး လွတ်လပ်၍ဘက်လိုက်မှုကင်းသော အာဏာပိုင်များ ရှေ့မှောက်တွင်လည်းကောင်း ပြန်လည်ချေပနိုင်ပြီး ထိုသို့လုပ်ဆောင်မှုအပေါ် လျင်မြန်စွာ ဆုံးဖြတ်ချက်ခံယူပိုင်ခွင့်ရှိသည်။

ဤအပိုဒ်(၃၇)တွင် သွားလာခွင့်ရုပ်သိမ်းခံထားရသော ကလေးများ တနည်းအားဖြင့်ဆိုသော် ဖမ်းဆီးချုပ်နှောင် ထိမ်းသိမ်းခံထားရသော ကလေးများ၏ အခွင့်အရေးကို ဖော်ပြထားသည်။ ထိုအခွင့်အရေးများမှာ ဥပဒေချိုးဖောက်သည်ဟု စွပ်စွဲခံထားရသော ကလေးနှင့်သာမက စိတ်ရောဂါကုဆေးရုံများတွင် ထားရှိသော ကလေးများ၊ မူးယစ်ဆေးဖြတ်ဌာနများတွင် ရောက်ရှိကုသခံနေသော ကလေးများနှင့် မိဘမဲ့ဂေဟာနှင့် လူငယ်သင်တန်းကျောင်းများတွင် ရောက်ရှိနေသော ကလေးများအပါအဝင် ထိမ်းသိမ်းထားရသော အခြားကလေးများအားလုံးနှင့် အကြုံးဝင်သည်။

ဤအပိုဒ်၏ အဓိကဆိုလိုချက်မှာ မည်သည့်ကလေးတယောက်ကိုမှ တရားဥပဒေမဲ့နှင့် စိတ်ထင်တိုင်း ထိမ်းသိမ်းထားခြင်းမပြုရဆိုသော အချက်ဖြစ်သည်။ တာဝန်ရှိသော သူတဦးတယောက်ကနေ၍ ဥပဒေအရမဟုတ်ဘဲ မည်သည့်ကလေးတဦးတယောက်ကိုမှ ကြောင်းကျိုးမဲ့ ထိမ်းသိမ်းထားခြင်း သို့မဟုတ် နေရပ်သို့ပြန်ခွင့်မပြုခြင်းတို့ကို လုပ်ဆောင်ပိုင်ခွင့်မရှိ။ ထိုအချက်သည် ကလေးများကိုသာ ကာကွယ်ပေးထားသည်မဟုတ်ဘဲ အရွယ်ရောက်ပြီးသောသူများကိုပါ ကာကွယ်ပေးထားသော လူ့အခွင့်အရေးတရပ်ဖြစ်သည်။

ထိုကာကွယ်မှုပေးထားသော အခြေခံအခွင့်အရေးကို ဤအပိုဒ်၏ အပိုဒ်ခွဲ

www.burmeseclassic.com

www.burmeseclassic.com

(၂)တွင် ထပ်လောင်း၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထိုအပိုဒ်ခွဲ(၂)တွင် ကလေး များအား ထိုသို့ထိန်းသိမ်းထားခြင်းသည် တခြားနည်းလမ်းမရှိတော့သဖြင့် လုပ် ဆောင်ရသည့် နောက်ဆုံးနည်းလမ်း ဖြစ်ရမည်ဖြစ်ပြီး ထိုသို့ထိန်းသိမ်းထားရသည့် အချိန်ကာလကို အတတ်နိုင်ဆုံး တိုတောင်းနိုင်သမျှ တိုတောင်းစေရမည်ဟု ဆိုထား သည်။ ထိုအချက်မှာ ကလေးများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အကောင်းဆုံးနေရာ မှာ ထိုကလေး၏ မိသားစုပတ်ဝန်းကျင်ပင်ဖြစ်သည် ဟူသောအချက်ကို ထပ်မံပံ့ ပိုးခြင်းဖြစ်သည်။ ကလေးများသည် အမှားများမှ လေ့လာယူတတ်သည်၊ ထိုသို့အ မှားများမှ သင်ခန်းစာယူ၍ ရင့်ကျက်လာစေရန်အတွက် ထိုအမှားကျူးလွန်မိသော သူများကို ပြစ်ဒဏ်ပြင်းပြင်းထန်ထန် မချမှတ်ရန်ရည်ရွယ်၍ တိုက်တွန်းထားသည်။ ကျွမ်းကျင်သူများက ဥပဒေကိုချိုးဖောက်မိသော ကလေးများအား လူငယ်ပြုပြင်ရေး စခန်းများတွင် တနှစ် သို့မဟုတ် နှစ်နှစ်ထက်ပို၍ ထိမ်းသိမ်းထားရန်မလိုဟု ခန့် မှန်းကြသည်။ ထို့ထက်ပိုမိုကြာရှည်စွာ ထိန်းသိမ်းထားပါက ထိုကလေးအတွက် ကောင်းကျိုးထက်ဆိုးကျိုး သက်ရောက်စေမှု ပိုများစေသည်ဟု ဆိုကြသည်။

ဤအပိုဒ်တွင်ပါဝင်သော နောက်ထပ်အဓိကအချက်မှာ ထိန်းသိမ်းခံထား ရသော ကလေးများအား လူသားဆန်စွာဆက်ဆံရန်နှင့် ၎င်းတို့၏ဂုဏ်သိက္ခာကို လေးစားရန်ဟူသော အချက်ဖြစ်သည်။ ထိုအချက်သည်လည်း ကလေးများသာမက အရွယ်ရောက်သောသူများပါ အကြုံးဝင်ခံစားရမည့် အခွင့်အရေးတရပ်ဖြစ်သည်။ သို့သော် ယခုအပိုဒ်(၃၇)၏ အပိုဒ်ခွဲ(၃)တွင် ကလေးများနှင့် အကြုံးဝင်သည့် အ ချက်နှစ်ချက်အား ပိုမိုအသေးစိတ်ဖော်ပြထားသည်။ ပထမအချက်အရ ကလေး များကို အခြားအရွယ်ရောက်ပြီးသော အကျဉ်းသားများနှင့်အတူ ရောနှော၍ချုပ် နှောင်ထားခြင်း မပြုရပေ။ ဒုတိယအချက်အရ ထိုထိန်းသိမ်းချုပ်နှောင်ခံရသော က လေးများကို မိသားစုများနှင့်ဆက်သွယ်ခွင့် ပြုရမည်ဖြစ်သည်။

ကလေးများသာမက လူကြီးများနှင့်ပါ အကြုံးဝင်သည့် စာချုပ်ပါနောက် ထပ်အချက်မှာ ထိုသို့ထိန်းသိမ်းခံထားရသော သူတိုင်းသည် တရားရုံးသို့ဥပဒေ ရောက်၍ တရားစီရင်မှု ခံယူပိုင်ခွင့်ရှိသည်။ ထိန်းသိမ်းထားခံရသော ကလေးများအ တွက် ထိုသို့ တရားစီရင်မှုခံယူရန်မှာ အခြားသူအကူအညီမရှိဘဲ ဆောင်ရွက်မည်မ ဟုတ်ပါ။ ထို့ကြောင့် ထိန်းသိမ်းခံကလေးများအား တရားရုံး၌ အကြားနာစစ်ဆေး

www.burmeseclassic.com

ခွင့် ရရှိနိုင်ရန်အတွက် လိုအပ်သင့်တော်သော အကူအညီများပေးရမည်ဟု ဆိုထားသည်။ ထိုအကူအညီများတွင် ထိန်းသိမ်းခံထားရသော ကလေးနှင့်၎င်း၏ မိသားစုများအကြား ဆက်သွယ်ပေးနိုင်မည့် လူမှုလုပ်သားများ ရရှိခွင့်လည်းပါဝင်သည်။ ထိုလူမှုလုပ်သားများအနေဖြင့် ထိုကလေး၏ မိသားစုများထံသို့ ကလေးပြန်မသွားသင့်သော အချက်များရှိနေခြင်းရှိ မရှိကို စုံစမ်းပေးနိုင်သည်။ အကယ်၍ ကလေးဖြစ်သူ ဖျားနာဒဏ်ရာရနေပါက လိုအပ်သောဆေးဝါးကုသမှု ခံယူနိုင်ခွင့်သည်လည်း ထိုအကူအညီများထဲတွင် ပါဝင်သည်။ တရားရုံးတော်ကလည်း ထိုအမှုကို ကြန့်ကြာခြင်းမရှိဘဲ အမြန်ဆုံးစီရင်ပေးရမည်။ ထိုသို့ အမြန်ဆုံးစီရင်ချက် ချမှတ်ခံယူပိုင်ခွင့်သည် ဥပဒေချိုးဖောက်သည်ဟု စွပ်စွဲခံထားရသော ကလေးမျိုးသာမက အခြားသော အကြောင်းကြောင်းတို့ကြောင့် ထိန်းသိမ်းခံရသောကလေးများပါ ခံစားရရှိပိုင်ခွင့်ရှိသည်။

ဤအပိုဒ်၏ အပိုဒ်ခွဲ(၁)တွင် မည်သည့်ကလေးကိုမှ နှိပ်စက်ခြင်း၊ ရက် စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသော အပြုအမူများမပြု လုပ်ရဟု ပိတ်ပင်တားမြစ်ထားသည်။ ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသော အပြုအမူများဟူသောစကားစု၏ အဓိပ္ပာယ်ကို ယခုကလေး အခွင့်အရေးဆိုင်ရာစာချုပ်တွင် တိတိကျကျ မသတ်မှတ်ပေးထားသော်လည်း အခြားလူ့အခွင့်အရေးစာချုပ်များတွင် ကြိမ်ဒဏ်ပေးခြင်းနှင့် တိုက်ပိတ်ခြင်းတို့သည် လည်း ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသော အပြု အမူမြောက်ကြောင်း ဆိုထားသည်ကို တွေ့နိုင်သည်။ ကလေး၏စိတ်ပိုင်းဆိုင်ရာ နာကျင်ခံစားထိခိုက်စေမည့်အကြောင်းများ ပြောပြခြင်းသည်လည်း ကလေးအား စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ခြင်းမြောက်သဖြင့် ထိုသို့ပြုလုပ်ပြောဆိုခြင်းကိုလည်း တား မြစ်ပိတ်ပင်ထားသည်။

နောက်ဆုံးအနေနှင့် ဤအပိုဒ်(၃၇)တွင် တားမြစ်ထားသည့်အချက်မှာ အသက်(၁၈)နှစ်အောက်အရွယ်ရှိသောသူများအား သေဒဏ်ပေးခြင်း သို့မဟုတ် ထောင်ဒဏ်တသက်တကျွန်း ချမှတ်စီရင်ခြင်းတို့မပြုလုပ်ရန် ပိတ်ပင်ထားသော အချက်ဖြစ်သည်။

❖❖❖❖❖



www.burmeseclassic.com

www.burmeseclassic.com

အပိုဒ် (၃၈)

# လက်နက်ကိုင်ပဋိပက္ခများနှင့် ကလေးစစ်သားအသုံးပြုခြင်း



(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် လက်နက်ကိုင်ပဋိပက္ခများနှင့် ပတ်သက်သော နိုင်ငံတကာ လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ ဥပဒေများတွင် ပါဝင်သည့်ကလေးများနှင့် သက်ဆိုင်သောဥပဒေများကို လေးစားရန်နှင့် လေးစားရန်အတွက်အာမခံရန် လုပ်ဆောင်ရမည်။

(၂) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးများအား လက်နက်ကိုင်ပဋိပက္ခများနှင့် စစ်ပွဲများအတွင်း တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိစေရေးကို အာမခံနိုင်ရန်အတွက် ဖြစ်နိုင်ချေရှိသော လုပ်ဆောင်မှုများအားလုံးကို လုပ်ဆောင်ပေးရမည်။

(၃) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အသက်(၁၅)နှစ်မပြည့်သေးသောမည်သူ့ကိုမှ မိမိ၏စစ်တပ်အတွင်း ဝင်ရောက်အမှုထမ်းစေခြင်းမပြုရ။ အသက်(၁၅)နှစ်ပြည့်ပြီးသော်လည်း အသက်(၁၈)နှစ်မပြည့်သေးသောသူများကို စစ်တပ်အတွင်း ဝင်ရောက်စေသောအခါတွင်လည်း အသက်အရွယ်ပိုမိုကြီးမြင့်သော သူများကို ပိုမိုဦးစားပေး၍ရွေးချယ်ရန် ကြိုးပမ်းဆောင်ရွက်ရမည်။

(၄) နိုင်ငံတကာ လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ ဥပဒေများ

www.burmeseclassic.com

www.burmeseclassic.com

က ဆိုထားသည့် အရပ်သားပြည်သူများကို ကာကွယ်ပေးရမည်ဆိုသောအချက် အတိုင်း စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် လက်နက်ကိုင်ပဋိပက္ခကြောင့် သက်ရောက် မှုခံစားရသော ကလေးများအား ကာကွယ်ပေးမှုနှင့် စောင့်ရှောက်မှုများကို အာမခံ ပေးနိုင်ရန်အတွက် ဖြစ်နိုင်ချေရှိသော လုပ်ဆောင်မှုများအားလုံးကို လုပ်ဆောင်ပေး ရမည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး ပေါ်ပေါက်လာခဲ့ခြင်း၏ ရည်ရွယ်ချက်များအနက် အဓိကရည်ရွယ်ချက်တခုမှာ ငြိမ်းချမ်းရေးနှင့် စစ်ပွဲတားဆီးရေးအတွက်ဖြစ် သည်။ သို့ရာတွင် ယနေ့တိုင် ပြည်တွင်းစစ်များ ဆက်လက်ဖြစ်ပွားနေရဆဲပင်ဖြစ် သည်။

စစ်ပွဲများမဖြစ်ပွားစေရန်အတွက် လုံးဝတားဆီးနိုင်ခြင်းမရှိသေးသည့်အခါ စစ်ပွဲများကို မည်ကဲ့သို့ဆင်နွှဲသင့်ကြောင်း စည်းမျဉ်းထုတ်နိုင်ရန် တဖန်ကြိုးစားကြံ စည်လာကြပြန်သည်။ ထိုသို့စစ်ပွဲများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သတ်မှတ် လာနိုင်ခဲ့သောအခါ ထိုစည်းမျဉ်းဥပဒေများကို လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာဥပဒေများ သို့မဟုတ် စစ်ပွဲဆိုင်ရာဥပဒေများဟု ခေါ်ဝေါ်လာကြသည်။ ထို ဥပဒေများတွင် မသမာသောနည်းလမ်းများဖြင့် တိုက်ခိုက်ခြင်း၊ အများပြည်သူတို့ ထိခိုက်သေကြေစေမည့် လက်နက်များဖြင့် တိုက်ခိုက်ခြင်းတို့ကို ပိတ်ပင်တားမြစ်ခြင်း များအပြင် လက်နက်ချလာသောသူများနှင့် စစ်ပွဲအတွင်း ဖမ်းဆီးမိလာသော စစ်သုံ့ ပန်းများအား မည်ကဲ့သို့ဆက်ဆံရမည်ဆိုသော အချက်များလည်းပါဝင်သည်။ ထိုအချက်များကို ၁၉၄၉ ခုနှစ်၊ ဂျီနီဗာသဘောတူစာချုပ်နှင့် ၁၉၇၇ ခုနှစ်တွင် ပြ ဌာန်းခဲ့သော နောက်ဆက်တွဲစာချုပ်များတွင် အထင်အရှားတွေ့မြင်နိုင်သည်။ ဂျီနီ ဗာစာချုပ်ကို နိုင်ငံအားလုံးနီးပါးက သဘောတူလက်မှတ် ရေးထိုးထားခဲ့ပြီးဖြစ်သဖြင့် ထိုစာချုပ်ပါ အချက်များသည် တကမ္ဘာလုံးက လေးစားလိုက်နာရမည့်အချက်များ အသွင်ဖြစ်လာခဲ့၏။ ထိုစာချုပ်ပါအချက်များကို အစိုးရစစ်တပ်များက သဘော ပေါက်လေးစား လိုက်နာလာစေရန် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ပညာပေးလျက်ရှိသလို စစ်ပွဲများဖြစ်ပွားနေသော ဒေသများအတွင်း ထိုစာချုပ်သ ဘောတူညီချက်များအား လေးစားမှုရှိမရှိ စောင့်ကြပ်လျက်ရှိသည်။ ထိုစာချုပ်ပါ အချက်များအား ချိုးဖောက်ပါက စစ်ပွဲဆိုင်ရာရာဇဝတ်မှု ကျူးလွန်သည်ဟု သတ်

www.burmeseclassic.com

www.burmeseclassic.com


မှတ်လေ့ရှိသည်။

ဤအပိုဒ်(၃၈)တွင်ပါဝင်သော လက်နက်ကိုင်ပဋိပက္ခများကြောင့် ကလေးများအပေါ် ဆိုးကျိုးသက်ရောက်မှုမရှိစေရန် ကြိုးပမ်းမှုများသည် ဂျီနီဗာစာချုပ်တွင်ပါဝင်သော အချက်များနှင့် ဆက်စပ်လျက်ရှိသည်။ နိုင်ငံအစိုးရများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများ၏ သက်ရောက်မှုခံစားရသောကလေးများကို ကာကွယ်ပေးရန်နှင့် ဂရုစိုက်စောင့်ရှောက်မှုများ လုပ်ဆောင်ပေးရန် ဤအပိုဒ်က ဆိုထားသည်။ ဤအပိုဒ်တွင် စစ်ပွဲဆိုသည့် စကားလုံးကိုမသုံးဘဲ လက်နက်ကိုင်ပဋိပက္ခဆိုသော စကားလုံးကို ရွေးချယ်သုံးစွဲထားသည်။ ထိုသို့သုံးစွဲထားခြင်းမှာ စစ်ပွဲအဖြစ်ကြေညာတိုက်ခိုက်သော အသွင်မျိုးမဟုတ်သည့် လက်နက်ကိုင်ပဋိပက္ခများ၊ စစ်ပွဲကြီးဟု သတ်မှတ်၍မရနိုင်သော တိုက်ခိုက်မှုများဖြစ်ပွားသော အချိန်မျိုး၌ပင် ဤအခွင့်အရေးများကို လေးစားကာကွယ်ပေးကြရမည်ကို လူအများသတိပြုမိစေလိုသောကြောင့်ဖြစ်သည်။

လက်နက်ကိုင် ပဋိပက္ခများကြောင့် ကလေးများအပေါ် နည်းမျိုးစုံဖြင့် သက်ရောက်မှုရှိနိုင်သည်။ စစ်ဖြစ်ပွားပြီဆိုပါက လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် တခါတရံတွင် အမျိုးသမီးနှင့်ကလေးများအပါအဝင် အရပ်သားများမြင်မြင်သမျှ တို့ကို ပစ်ခတ်လေ့ရှိသည်။ ရွာတရွာလုံး မြို့တမြို့လုံးကို ဗုံးကြဲတိုက်ခိုက်သည့်အခါမျိုးတွင် အရပ်သားများပါ ထိခိုက်သေကြေတတ်ကြသည်။ ထိုသို့ကျူးလွန်ခြင်းသည် အရပ်သားများထိခိုက်မှုကို အတတ်နိုင်ဆုံး လျော့နည်းစေရန်အတွက် စစ်ပွဲဆိုင်ရာပစ်မှတ်များကို အထူးသေချာစွာရွေးချယ်၍ တိုက်ခိုက်ရန် ညွှန်ကြားထားသည့် ဥပဒေစည်းကမ်းများကို ဖောက်ဖျက်ခြင်းဖြစ်သည်။ ထို့ပြင် မြို့ရွာများကို သိမ်းပိုက်ထားခြင်း၊ လမ်းခရီးသွားလာမှုများကို ပိတ်ပင်ထားခြင်း၊ အရပ်သားများကို ရိက္ခာနှင့် ရေများပြတ်လပ်အောင် ဖြတ်တောက်ထားခြင်း၊ အရပ်သားများကို ၎င်းတို့နေထိုင်ရာနေအိမ်များမှ မောင်းထုတ်ပြောင်းရွှေ့စေခြင်း၊ ဆေးဝါးနှင့် အခြားအကူအညီများကို ထောက်ပံ့ခွင့်မပြုခြင်းတို့ကြောင့် အရပ်သားပြည်သူလူထုများ အထူးသဖြင့် ကလေးငယ်များမှာ ဆင်းရဲဒုက္ခများကို ပိုမိုခံစားရတတ်သည်။ ထိုအပြုအမူများအားလုံးသည် နိုင်ငံတကာက လေးစားရန်တာဝန်ရှိသည့် လူသားချင်းစာနာထောက်ထားမှု ဥပဒေများကို ချိုးဖောက်ခြင်းဖြစ်သည်။

www.burmeseclassic.com



ထို့ပြင် စစ်ပွဲများအတွင်းအသုံးပြုသော မြေမြှုပ်ဗုံးများကြောင့်လည်း ကလေးငယ်များအတွက် အန္တရာယ်ကျရောက်စေနိုင်သည်။ စစ်ပွဲပြီးဆုံးသွားသည့်အချိန်တိုင်အောင် ထိုမြေမြှုပ်မိုင်းဗုံးများ ဆက်လက်အန္တရာယ်ပေးနေခဲ့ဖြစ်သည်။ ပြည်တွင်းစစ်အတွင်းက ကျန်ရစ်ခဲ့သော မြေမြှုပ်မိုင်းများကြောင့် ကမ္ဘောဒီးယားနိုင်ငံတွင် ယနေ့တိုင် အသက်သေ၊ ကိုယ်အင်္ဂါချို့ယွင်းခဲ့ရသော ကလေးပေါင်းသန်းနှင့်ချီ၍ ရှိနေခဲ့သည်။ မြေမြှုပ်မိုင်းအန္တရာယ်ကို မသိနားမလည်သော ကလေးများမှာ ထိုမြေမြှုပ်မိုင်းအန္တရာယ်ကို ပိုမိုခံကြရရှာသည်။

ဤအပိုဒ်(၃၈)တွင် ကလေးသူငယ်များအား စစ်သားအဖြစ် စေခိုင်းခြင်းကို တားမြစ်ထားသည်။ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးများအား စစ်သားများအဖြစ် စစ်တပ်အတွင်း အတင်းအကြပ်ဝင်ရောက်စေခြင်း၊ လေ့ကျင့်မှုမရှိဘဲ ရှေ့တန်းများတွင် အသေခံတိုက်ခိုက်ခိုင်းခြင်း၊ စစ်မှုထမ်းနေစဉ်အတွင်း မတရားနှိပ်စက်သတ်ဖြတ်ခြင်းနှင့် လိင်စော်ကားခြင်းတို့ကို မြန်မာနိုင်ငံအပါအဝင် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားနေသော နေရာဒေသများ၌ တွေ့မြင်ရနိုင်သည်။ အစိုးရတွင်သာမက အစိုးရအားဆန့်ကျင်နေသော လက်နက်ကိုင်အဖွဲ့များကလည်း ကလေးစစ်သားများ အသုံးပြုလေ့ရှိတတ်သည်။

ဤအပိုဒ်ကို အတည်ပြုရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ရာတွင် စစ်တပ်တွင်း ဝင်ရောက်နိုင်မည့်အသက်အရွယ်ကို သတ်မှတ်ရာတွင် နိုင်ငံများအကြား ပြင်းထန်စွာ အချေအတင်ငြင်းခုံမှု ပြုခဲ့ကြရသည်။ နိုင်ငံအချို့က အကယ်၍ ကလေးစစ်သားအသုံးပြုခြင်း အသက်သတ်မှတ်ချက်ကို(၁၈)နှစ်ဟု သတ်မှတ်ပါက ကလေးအခွင့်အရေးစာချုပ်တခုလုံးကို ဆန့်ကျင်သဘောမတူကြောင်း ကန့်ကွက်မည်ဟု ခြိမ်းခြောက်ခဲ့၍ ထိုအသက်သတ်မှတ်ချက်ကို အသက်(၁၅)နှစ် အောက်ဟူ၍ လိုက်လျောသတ်မှတ်ခဲ့ရသည်။ အပိုဒ်ခွဲ(၂)နှင့်(၃)တွင် အသက် (၁၅)နှစ် အောက်ရှိသောမည်သည့်ကလေးကိုမှ စစ်တပ်အတွင်း ဝင်ရောက်စေခြင်းမပြုရန် တားမြစ်ထားပြီး လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးများပါဝင်ခြင်းမရှိအောင် အစိုးရက တားဆီးပေးရမည်ဟု ဖော်ပြထားသည်။ ဤအပိုဒ်တွင် သတ်မှတ်ထားသော ကလေးစစ်မှုထမ်းခြင်းအသက်မှာ(၁၅)နှစ်ဖြစ်သော်လည်း ၂၀၀၀ ခုနှစ်တွင် နောက်ဆက်တွဲထပ်ပြဋ္ဌာန်းခဲ့သော လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးများပါဝင်မှုနှင့် ပတ်သက်သော

www.burmeseclassic.com

www.burmeseclassic.com


နောက်ဆက်တွဲစာချုပ်၌ စစ်မှုထမ်းနိုင်သောအသက်ကို(၁၈)နှစ်ဟု တိုးမြှင့်သတ်မှတ်ခဲ့သည်။ ထိုနောက်ဆက်တွဲစာချုပ်အရ အသက်(၁၈)နှစ်မ ပြည့်သေးသော ကလေးများအား လက်နက်ကိုင်ပဋိပက္ခများအတွင်း အသုံးပြုခြင်းကို တားမြစ်ထားသည်။ လက်နက်ကိုင်ပဋိပက္ခအတွင်းတွင် ပါဝင်ပတ်သက်နေသော အဖွဲ့များအားလုံးက အသက်(၁၈)နှစ်အောက် ကလေးများအား အတင်းအကြပ်ဖြစ်စေ၊ အကြပ်ကိုင်၍ဖြစ်စေ၊ မိမိဆန္ဒအလျောက် ပါဝင်ခြင်းဖြစ်စေ ကလေးစစ်သားများအဖြစ် အသုံးချခြင်းကို တားမြစ်ရန် အစိုးရတွင် တာဝန်ရှိသည်။

ဤအပိုဒ်တွင် နိုင်ငံအစိုးရများသည် ကလေးငယ်များကို လက်နက်ကိုင်ပဋိပက္ခများနှင့်ပတ်သက်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာရမည်ဟု ညွှန်ကြားထားသည်။ ထိုဥပဒေများတွင် လက်နက်ကိုင် ပဋိပက္ခများအတွင်း ကလေးများအား မည်ကဲ့သို့ဆက်ဆံရမည် ဆိုသည်တို့ကို ဖော်ပြထားသည်။ ဥပမာ လက်နက်ကိုင်တိုက်ပွဲများအတွင်း မိသားစုများ တကွဲတပြားစီဖြစ်သွားပါက မိသားစုများပြန်လည်ပေါင်းစည်းနိုင်အောင် လုပ်ဆောင်ပေးခြင်းများ၊ မိသားစုမရှိသော မိဘမဲ့ကလေးများအား ပိုမိုစောင့်ရှောက်ပေးမှုများ လုပ်ဆောင်ရန် ထိုစစ်ပွဲဆိုင်ရာဥပဒေများက ဆိုထားသည်။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

အပိုဒ် (၃၉)

# ပြန်လည်ပြုစုပျိုးထောင်နာလံထအခါအခွင့်များရရှိခွင့်



စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ပစ်ပယ်လျစ်လျူရှုခြင်း၊ အမြတ်ထုတ်စေခိုင်းခြင်း၊ စော်ကားခြင်း၊ နှိပ်စက်ခြင်းနှင့် အခြားရက်စက်ကြမ်းကြုတ်စွာ နိမ့်ချစော်ကားသောနည်းများဖြင့်ဆက်ဆံခြင်း သို့မဟုတ် နှိပ်စက်ခြင်းများနှင့် လက်နက်ကိုင်ပဋိပက္ခများကို နည်းအမျိုးမျိုးဖြင့် ရင်ဆိုင် ကြုံတွေ့ခဲ့ရသော ကလေးများအတွက် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်တိုးတက်ကောင်းမွန်လာရန်နှင့် လူမှုအသိုင်း အဝိုင်းအကြား ပြန်လည်အခြေကျ ပေါင်းစည်းနေထိုင်မှုများ တိုးတက်ကောင်းမွန်လာစေရန် လိုအပ်သလို လုပ်ဆောင်ပေးရမည်။ ထိုသို့ပြန်လည် တိုးတက်ကောင်းမွန်လာမှု နှင့် ပြန်လည်အခြေကျ ပေါင်းစည်းနေထိုင်မှုများသည် ကလေး၏ကျန်းမာရေး၊ ကိုယ့်ကိုယ်ကိုယ်လေးစားမှုနှင့် ထိုကလေး၏ဂုဏ်သိက္ခာတို့ကို ပေါ်ထွန်းစေနိုင်သည့် ပတ်ဝန်းကျင်မျိုးတွင် ဖြစ်စေရမည်။

ဤအပိုဒ်တွင် ပါဝင်သောအခွင့်အရေးများသည် ကလေးအခွင့်အရေးများ ချိုးဖောက်စော်ကားခြင်းခံခဲ့ရသော ကလေးများနှင့်ပတ်သက်၍ ကူညီပေးရသည့် အကူအညီများနှင့် သက်ဆိုင်ပါသည်။ ချိုးဖောက်ခံရသော အခွင့်အရေးများအားလုံးကို ဆိုလိုခြင်းမရှိဘဲ စိတ်ပိုင်းနှင့်ရုပ်ပိုင်း ထိခိုက်ဒဏ်ရာရထားသော ကလေးများ၊

www.burmeseclassic.com

www.burmeseclassic.com

စော်ကားမှု၊ ပစ်ပယ်လျစ်လျူရှုမှုနှင့် အမြတ်ထုတ်မှုခံခဲ့ရသော ကလေးများ၊ နှိပ်စက်ခြင်း၊ လူမဆန်စွာ ဆက်ဆံခြင်းတို့ ကြုံတွေ့ခံစားခဲ့ရသော ကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခများကို ရင်ဆိုင်ဖြတ်သန်းခဲ့ရသော ကလေးများကိုသာ ရည်ရွယ်ဖော်ပြထားပါသည်။ အပိုဒ် (၁၉)၊ (၃၄)၊ (၃၅)၊ (၃၆)၊ (၃၇)၊ (၃၈) နှင့် (၄၀) ပါအချက်များနှင့်သာ အကြုံးဝင်မည်ဖြစ်သည်။

ထိုသို့သော အဖြစ်အပျက်များအား ကြုံတွေ့ခံစားခဲ့ရသော ကလေးများအတွက် အကူအညီသုံးမျိုး ထောက်ပံ့ပေးရန် အစိုးရတွင်တာဝန်ရှိသည်။ ထိုအကူအညီများမှာ ရုပ်ပိုင်းဆိုင်ရာထိခိုက်ဒဏ်ရာမှ သက်သာပျောက်ကင်းအောင် ကူညီပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားရမှုမှ သက်သာပျောက်ကင်းအောင် ကူညီပေးခြင်းနှင့် ကလေးများအနေဖြင့် လူမှုဘဝအတွင်း ပြန်လည်အခြေကျ ပေါင်းစည်းနေထိုင်နိုင်ရန် ကူညီပေးခြင်း စသည်တို့ဖြစ်သည်။

ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိခဲ့သော ကလေးများအတွက် ဆေးဝါးကုသပေးမှုများလိုအပ်သလို အကယ်၍ ထိုကလေးသည်ရောဂါစွဲကပ်နေပါက သို့မဟုတ် နာတာရှည်ဒဏ်ရာများရနေပါက သို့မဟုတ် အဟာရချို့တဲ့နေပါက သို့မဟုတ် ကိုယ်အင်္ဂါချို့ယွင်းသွားပါက ပြန်လည်သန်စွမ်းလာအောင် လေ့ကျင့်ပေးမှုများလိုအပ်ပါသည်။

တချို့ကလေးများသည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရခြင်းမဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားခဲ့ရသောသူများဖြစ်နေ၍ ထိုကလေးများကို စိတ်ပိုင်းဆိုင်ရာ ပြန်လည်မြှင့်တင်ပေးသည့် ကူညီမှုများလိုအပ်ပါသည်။ အကြမ်းဖက်မှုများနှင့် ဆိုးဝါးလှသော သဘာဝအန္တရာယ်များကို မျက်မြင်ရင်ဆိုင်ကြုံတွေ့ခဲ့သော ကလေးတယောက်သည် အိပ်မက်ဆိုးများမက်ခြင်း၊ ဒေါသကြီးလွန်းခြင်း၊ ထိုဖြစ်ပျက်ခဲ့သည့် အဖြစ်မှန်များကိုလက်ခံရန် ငြင်းဆန်ခြင်း၊ အာရုံစူးစိုက်မှု ကင်းမဲ့ခြင်း၊ အထူးတုန်လှုပ်ချောက်ခြားနေတတ်ခြင်း၊ ထိုအဖြစ်ဆိုးများကို မကြာခဏ ပြန်လည်မြင်ယောင်နေခြင်းများ စသည့်ဝေဒနာများကို ခံစားနေရတတ်ပါသည်။ မိသားစုအတွင်း ရုပ်ပိုင်းနှင့် လိင်ပိုင်းစော်ကားခံခဲ့ရသော ကလေးမျိုးမှာလည်း ကိုယ့်ကိုကိုယ်မိုချခြင်း၊ မသဒ္ဓါတော့ခြင်း၊ အခြားသူများနှင့် ပေါင်းသင်းဆက်ဆံရန် ခက်ခဲခြင်းတို့ ခံစားနေရတတ်သည်။ ထိုကလေးများကိုမှ ပုံမှန်စိတ်မျိုးပြန်ဖြစ်လာစေရန် လိုအပ်သည့်

www.burmeseclassic.com

စိတ်ပိုင်းဆိုင်ရာအကူအညီများ ပေးအပ်ရမည်ဖြစ်သည်။

လူမှုဘဝအတွင်း ပြန်လည်အခြေကျ ပေါင်းစည်းနေထိုင်နိုင်ရန် ကူညီပေးခြင်းဆိုရာတွင် ကလေးများမူလနေထိုင်ခဲ့သည့် လူမှုအသိုင်းအဝိုင်းအတွင်း သမရိုးကျ သဘာဝကျစွာ ပြန်လည်နေထိုင်နိုင်ရန်အတွက် လုပ်ဆောင်ပေးခြင်းကို ဆိုလိုသည်။ မိဘများနှင့် အချိန်အတိုင်းအတာတခုအရ ကွဲကွာခဲ့သော ကလေးစစ်သားများ၊ ကလေးပြည့်တန်ဆာများ၊ ထောင်ကျခဲ့ရသောကလေးများ၊ လမ်းပေါ်ရောက်ကလေးများအနေဖြင့် ယခင်သူတို့နေထိုင်ခဲ့သော နေအိမ်များနှင့်မိသားစုများထံတွင် ချက်ချင်းအဆင်ပြေပြေဖြင့် ပြန်လည်အခြေကျနေထိုင်နိုင်ရန် မဖြစ်နိုင်ချေ။ ယခင်အခြေအနေအတိုင်း ပြန်လည်ရောက်ရှိနေထိုင်နိုင်ရန်အတွက် ကူညီညှိပေးရန် လိုအပ်သည်။ ကလေးဖက်သာမက ထိုကလေး၏မိဘများနှင့် မိသားစုဝင်များဖက်ကလည်း ထိုကလေးဖြတ်သန်းခဲ့ရသော အဖြစ်အပျက်များနှင့် ထိုကလေးအပေါ် သက်ရောက်ခဲ့ရမှုများကို နားလည်သဘောပေါက်ပေးရန် အချိန်လိုအပ်သည်။ မိသားစုများတွင်ပြန် လည်ဝင်ဆံ့ရန်သာမက ကျောင်းစာသင်ခန်းများအတွင်း ပြန်လည်ဝင်ရောက်နိုင်ဖို့အတွက်ညှိနှိုင်းပေးရန် အကူအညီလိုအပ်ပေသည်။

ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်ပေးရန် လိုအပ်သည့် ကလေးများအား ဆေးရုံတွင်ဖြစ်စေ အထူးကူညီစောင့်ရှောက်မှုများပေးသော အခြားနေရာမျိုးတွင် ပြုစုပေးရန်လိုအပ်သည်။ အကယ်၍ ထိုကလေးငယ်သည် မိမိ၏နေအိမ်၌ စော်ကားခံခဲ့ရခြင်းဖြစ်ပါက ထိုကလေး၏နေအိမ်တွင် ဖြစ်ပျက်ခဲ့မှုနှင့် ပတ်သက်သည့် အခြေအနေများ တိုးတက်ကောင်းမွန်လာမှု မရှိမချင်း ဂေဟာသို့မဟုတ် ခိုလှုံရာနေရာတခုခုတွင် ထားရှိရမည်။ အပိုဒ် (၃၉) က ထိုသို့ ဆေးရုံများနှင့် ဂေဟာများတွင် ထားရှိထားသော ကလေးငယ်များအား ကျန်းမာရေးကောင်းမွန်လာစေသော၊ ကိုယ့်ကိုယ်ကိုယ်နှင့် မိမိဂုဏ်သိက္ခာကို ပြန်လည်လေးစား ဂုဏ်ယူတတ်စေသော ပတ်ဝန်းကျင်မျိုးဖြင့် ဆက်ဆံပြုစုပေးရမည်ဟု ဆိုထားသည်။

❖❖❖❖❖



www.burmeseclassic.com

www.burmeseclassic.com

အပိုဒ် (၄၀)

## ကလေးရာဇဝတ်မှုဥပဒေများ




(၁) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ရာဇဝတ်မှုတွင် ပါဝင်ပတ်သက်ကျူးလွန်သည်ဟု သံသယရှိခံထားရသော၊ စွပ်စွဲခံထားရသောနှင့် ပါဝင်ပတ်သက်သည်ဟု အသိအမှတ်ပြုခံထားရသော ကလေးများအား ဆက်ဆံသည့်အခါတွင် ကလေး၏ဂုဏ်သိက္ခာနှင့်တန်ဖိုးကို တိုးတက်ကောင်းမွန်စေသော အပြုအမူမျိုးဖြင့် ဆက်ဆံရမည်ဖြစ်ကြောင်း အသိအမှတ်ပြုရမည်။ ထိုသို့ဆက်ဆံရာတွင် ကလေး၏အသက်အရွယ်နှင့် ကလေး၏ပြန်လည်ပေါင်းစည်းမှုနှင့် လူမှုအသိုင်းအဝိုင်းအတွင်း ကောင်းမွန်သော နေရာကဏ္ဍတခုတွင် ပါဝင်လာစေလိုသောဆန္ဒများကို ထည့်သွင်းစဉ်းစား၍ ကလေးအနေဖြင့် လူ့အခွင့်အရေးနှင့် အခြားသူများ၏ အခြေခံလွတ်လပ်ခွင့်ကို ပိုမိုလေးစားလာစေရန်အတွက် ဖြစ်စေရမည်။

(၂) ထို့အတွက်ကြောင့် အခြားသက်ဆိုင်သော နိုင်ငံတကာ သဘောတူညီချက်များနှင့်ကိုက်ညီစွာ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည်...

(က) ကလေးတဦးလုပ်ဆောင်ခဲ့သော အပြုအမူတစုံတရာသည် ထိုအသို့ပြုလုပ်ခဲ့စဉ်အချိန်အခါက ထုတ်ပြန်ထားသော နိုင်ငံတော် သို့မဟုတ် နိုင်

www.burmeseclassic.com

www.burmeseclassic.com



ငံတကာဆိုင်ရာဥပဒေက တားမြစ်ထားသည့် အပြုအမူမဟုတ်ပါက ထိုအကြောင်းအချက်ကြောင့် မည်သည့်ကလေးကိုမှ ရာဇဝတ်မှုဖြင့်စွပ်စွဲခြင်း၊ သံသယရှိစေခြင်းနှင့် ပါဝင်ပတ်သက်သည်ဟု အသိအမှတ်ပြုခြင်းတို့ မပြုရ။

(ခ) ရာဇဝတ်မှုဖြင့် စွပ်စွဲခြင်း၊ သံသယရှိစေခြင်းနှင့် ပါဝင်ပတ်သက်သည်ဟု အသိအမှတ်ပြုခြင်းခံနေရသော ကလေးများကို အနိမ့်ဆုံး အောက်ပါအချက်များဖြင့် အာမခံပေးရမည်။

၁။ တရားဥပဒေအရ အပြစ်ရှိကြောင်း မစီရင်မချင်း အပြစ်မရှိဟု လက်ခံနိုင်ခြင်း။

၂။ ထိုကလေးအပေါ်စွပ်စွဲချက်ကို ချက်ချင်းနှင့် တိုက်ရိုက်အသိပေးခြင်း၊ လိုအပ်ပါက ကလေး၏မိဘ သို့မဟုတ် တရားဝင်အုပ်ထိန်းခွင့်ရှိသူများမှတဆင့် အသိပေးခြင်း၊ ထို့ပြင် ထိုစွပ်စွဲချက်နှင့် ပတ်သက်၍ ကာကွယ်လျှောက်လဲနိုင်ရန်အလို့ငှာ ပြင်ဆင်မှုများနှင့် တင်ပြမှုများ လုပ်ဆောင်နိုင်ရန်အတွက် တရားဥပဒေအရနှင့် အခြားသင့်လျော်သော အကူအညီများ ရရှိစေခြင်း။

၃။ ကလေး၏ အသက်နှင့်အခြေအနေ၊ ကလေး၏မိဘဖြစ်သူများ သို့မဟုတ် တရားဝင်အုပ်ထိမ်းသူများ၏ အကြောင်းအရာတို့ကို ထည့်သွင်းစဉ်းစားပြီး ကလေး၏ အကောင်းဆုံးအကျိုးအတွက် မသင့်တော်ဟုယူဆရသော အမှုမျိုးမှလွဲ၍ ကျန်အမှုများကို တရားဥပဒေအရနှင့် အခြားသင့်လျော်သော အကူအညီများရယူပြီးသည့်နောက် နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ အရည်အချင်းပြည့်မီသူ၊ လွတ်လပ်ပြီးဘက်လိုက်မှုမရှိသော အာဏာပိုင်များ သို့မဟုတ် တရားစီရင်ရေးဌာနကနေ၍ ဥပဒေအတိုင်း မျှတသည့်ကြားနာစစ် ဆေးမှုဖြင့် ဆုံးဖြတ်ချက်ချခြင်း။

၄။ အတင်းအကြပ်ထွက်ဆိုခိုင်းခြင်း သို့မဟုတ် ကျူးလွန်ကြောင်း ဝန်ခံခိုင်းခြင်းမရှိဘဲ တန်းတူအခွင့်အလမ်းများ ရရှိစေရန်အတွက် နှစ်ဘက်စလုံးမှ မျက်မြင်သက်သေများကို အပြန်အလှန်လုပ်ဆောင်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ကလေး၏ကိုယ်စား မျက်မြင်သက်သေများကို ခေါ်ယူ၍ပါဝင် ထွက်ဆိုစေခြင်း။

၅။ အကယ်၍ ရာဇဝတ်မှုကျူးလွန်သည်ဟု သတ်မှတ်ခြင်းခံရပါက ထိုသို့စီရင်ဆုံးဖြတ်မှုနှင့် ထိုစီရင်ချက်နှင့်ပတ်သက်သည့် အခြားလုပ်ဆောင်မှုများကို ဥပဒေအရ စွမ်းဆောင်နိုင်သော၊ လွတ်လပ်သောနှင့် ဘက်လိုက်မှုမရှိသော အထက်အာဏာပိုင် သို့မဟုတ် ပိုမိုအဆင့်မြင့်သော တရားစီရင်မှုဌာနက ပြန်လည်သုံးသပ်ခြင်း။

၆။ အကယ်၍ ကလေးသည် ရုံးတော်တွင်အသုံးပြုသော ဘာသာစကားကို နားလည်သဘောပေါက်ခြင်းနှင့် ပြောဆိုနိုင်ခြင်း မရှိပါက ဘာသာပြန်ကို အခမဲ့ရရှိစေခြင်း။

၇။ ထိုသို့ ကြားနာစစ်ဆေးနေသည့် ကာလအတွင်း ကလေး၏ ပုဂ္ဂလိက ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်များကို အပြည့်အဝ လေးစားပေးခြင်း။

(၃) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ရာဇဝတ်မှုဖြင့်စွပ်စွဲခြင်း၊ သံသယရှိစေခြင်းနှင့် ပါဝင်ပတ်သက်သည်ဟု အသိအမှတ်ပြုခြင်းခံရသော ကလေးများအတွက် အထူးသက်ဆိုင်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အာဏာပိုင်များနှင့် ဌာနများ ပေါ်ပေါက်လာစေရန် အားပေးရမည်။ အထူးသဖြင့်...

(က) ရာဇဝတ်မှုကျူးလွန်ခြင်းမပြောက်ဟု သတ်မှတ်၍ရနိုင်သော ကလေး၏အနိမ့်ဆုံးအသက်ကို သတ်မှတ်ပေးခြင်း။

(ခ) သင့်တော်ပြီးလိုလားပါက ထိုသို့သောကလေးများအား တရားစီရင်ရေး လုပ်ထုံးလုပ်နည်းအတိုင်းမဟုတ်ဘဲ လူ့အခွင့်အရေးနှင့် တရားရေးကာကွယ်ပေးမှုများကို အပြည့်အဝလေးစား၍ ကိုင်တွယ်ဆက်ဆံခြင်း။

(၄) ထိုသို့ များပြားစွာရှိနေသော လုပ်ငန်းများ၊ ဥပမာ – စောင့်ရှောက်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ထိန်းကျောင်းခြင်းလုပ်ငန်းများဖြစ်သည့် အကြံဉာဏ်များပေးခြင်း၊ ပြုပြင်ထိန်းသိမ်းထားခြင်း၊ စောင့်ရှောက်ပေးခြင်းများ၊ ပညာရေးနှင့် အသက်မွေးဝမ်းကြောင်း သင်တန်းအစီအစဉ်များ အခြားသောနည်းလမ်းများ သို့မဟုတ် စောင့်ရှောက်မှုပုံစံများသည် ကလေး၏ဘဝ သာယာသည်မြေ့ရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com


သင့်လျော်သော ပုံစံများဖြစ်ရမည့်အပြင် သူတို့၏အခြေအနေများ၊ ကျူးလွန်ခဲ့သော အမှုများ နှစ်ခုစလုံးနှင့် အချိုးတကျဖြစ်စေရမည်။

ဤအပိုဒ်(၄၀)၏ ပထမအပိုဒ်ခွဲနှင့် ရဲတပ်ဖွဲ့၊ တရားရေးစနစ်တို့နှင့် ပါဝင်ပတ်သက်လာသော ကလေးများအား မည်ကဲ့သို့ဆက်ဆံရမည်ဆိုသော ယေဘုယျအချက်များကို ဖော်ပြထားသည်။ ထိုသို့သော ကလေးများကို တာဝန်ရှိသူများက ဆက်ဆံသည့်အခါတွင် ကလေး၏ဂုဏ်သိက္ခာကို အလေးထားဆက်ဆံရမည်ဖြစ်ပြီး ကလေးအနေဖြင့် အခြားသူများ၏ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို ပြန်လည်လေးစားတန်ဖိုးထားတတ်လာစေရန် ရည်ရွယ်၍လုပ်ဆောင်ရမည်ဟု ဤအပိုဒ်က ဆိုထားသည်။ ကလေးအား ဆက်ဆံမှုများအားလုံးသည် ကလေးကို ပျော်ရွှင်စေပြီး လူ့ဘောင်အသိုင်းအဝိုင်းကို အကျိုးပြုသော လူသားတယောက်ဖြစ်စေရန် ရည်မှန်းထားရမည်ဖြစ်သည်။ ကလေးဖြစ်သူအား မုန်းတီးမှု၊ ခါးသီးမှုများနှင့် အခြားသူများအား မပေါင်းသင်းလိုတော့သည့် သူအဖြစ်မျိုးသို့ ရောက်မသွားစေရန် သတိပြုဆက်ဆံရမည်။ ထိုပထမအပိုဒ်တွင် တရားစီရင်မှုအောက်သို့ ရောက်ရှိလာသော ကလေးအား ဆက်ဆံရာတွင် ထိုကလေး၏အသက်အရွယ်ကို အမြဲတမ်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် အသက်ဆယ်နှစ်အရွယ် ကလေးအား ဆက်ဆံပုံနှင့် အသက်ဆယ့်ငါးနှစ်အရွယ်ကလေးအား ဆက်ဆံပုံတို့ တူညီနိုင်မည်မဟုတ်ပါ။

BURMESE CLASSIC

ဒုတိယအပိုဒ်ခွဲတွင် တရားမျှတသော တရားစီရင်မှုခံစားနိုင်ခွင့်နှင့် ပတ်သက်သောအချက်များကို ဖော်ပြထားသည်။ ထိုအပိုဒ်ခွဲတွင် ရာဇဝတ်မှုကျူးလွန်သည်ဟု စွပ်စွဲခံထားရသော ကလေးနှင့်ပတ်သက်၍ မည်ကဲ့သို့သော အခြားအထူးအခွင့်အရေးများ ရှိနေသေးသည်ကို ရှင်းပြထားသည်။ ထိုဖော်ပြထားသော အခွင့်အရေးများမှာ အခြားလူ့အခွင့်အရေး သဘောတူစာချုပ်များတွင် ထင်ရှားစွာဖော်ပြထားပြီးဖြစ်သော အခွင့်အရေးများပင်ဖြစ်သည်။ ကျူးလွန်စဉ်က ရာဇဝတ်မှုမသတ်မှတ်ထားသည့် အပြုအမူမျိုးကို နောက်ကြောင်းပြန် တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ကို ဒုတိယအပိုဒ်ခွဲတွင် တွေ့နိုင်သည်။ ထို့ပြင် တရားဥပဒေအရအပြစ်ရှိသည်ဟု စီရင်ချက်မချမချင်း ထိုသူတွင် အပြစ်မရှိဟူသောအချက်ကိုလည်း ဤအပိုဒ်ခွဲတွင် ထည့်သွင်းဖော်ပြထားသည်။ အစိုးရအနေဖြင့် အပြစ်မရှိသူကို အပြစ်ပေးခြင်းမပြု

www.burmeseclassic.com

www.burmeseclassic.com



နိုင်ရန် ယခုကဲ့သို့ သတ်မှတ်ထားစေခြင်းဖြစ်သည်။

ကလေးများ ပါဝင်ပတ်သက်နေသော ရာဇဝတ်မှုများအား လွတ်လပ်ပြီး ဘက်လိုက်မှုမရှိသော အရည်အချင်းပြည့်သည့် တရားရုံးများကနေ၍ နှောင့်နှေး ကြန့်ကြာခြင်းမရှိစေဘဲ စီရင်ချက်ချမှတ်ရမည်ဖြစ်ကြောင်း ထိုအပိုဒ်ခွဲထဲ၌ပင် ဖော်ပြထားသည်။ အရည်အချင်းပြည့်သောဟူသည့်စကား၏ အဓိပ္ပာယ်မှာ တရားဥပဒေနည်းလမ်းတကျ စီရင်တတ်သောတရားရုံး သို့မဟုတ် ထိုကဲ့သို့သော ဌာနမျိုးကို ဆိုလိုသည်။ တရားရုံးဆိုသည်မှာ ဥပဒေကဖွင့်ဆိုထားသည့်အတိုင်းသာ စီရင်ချက်ချမှတ်နိုင်မည်ဖြစ်သည်။ ထိုတရားရုံးများသည် ကလေးများ၏ စိတ်ခံစားမှုနှင့် မိသားစုဘဝအခြေအနေများကို သဘောပေါက်ထားရန် လိုအပ်သည်။ လွတ်လပ်သောဆိုသည့်အဓိပ္ပာယ်မှာ တရားစီရင်မည့်တရားသူကြီးသည် မည်သူ့မျက်နှာကိုမှ ကြည့်ခြင်းမရှိဘဲ တရားဥပဒေ၊ သက်သေအထောက်အထားနှင့် ထိုအကြောင်းအချက်နှစ်ခုအပေါ် မိမိတွေ့မြင်သုံးသပ် စီရင်ချက်များကိုသာကြည့်၍ စီရင်ချက်ချခြင်းဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။ မည်သူတဦးတယောက်ကမှ တရားသူကြီးအား မည်သို့စီရင် အမိန့်ချရန် တိုက်တွန်းခြင်း၊ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း လုပ်ခွင့်မရှိပေ။ ဘက်လိုက်မှုမရှိသော စကားစု၏ဆိုလိုရင်းမှာ တရားသူကြီးများသည် အမြင်ကျယ်သောသဘောရှိပြီး အမှုစီရင်ရာတွင် ကိုယ်ရေးကိုယ်တာအကျိုးစီးပွား ကင်းရှင်းစွာဖြင့် အမှုစီရင်ခြင်းဖြစ်သည်။

ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်ကိုလည်း ယခုအပိုဒ်ခွဲတွင် ဖော်ပြထားသည်။ ကလေးနှင့်ပတ်သက်သော ထွက်ဆိုချက်များ၊ ရာဇဝတ်မှုစုံစမ်းစစ်ဆေးတွေ့ရှိချက်များ၊ တရားလျှောက်လဲချက်များကို အများပြည်သူသိရှိအောင် ထုတ်ပြန်ခြင်းမပြုရန် ဤအပိုဒ်တွင် ဖော်ပြထားသည်။ ထိုကလေးမည်သူမည်ဝါဖြစ်ကြောင်း သိရှိစေနိုင်မည့် ကလေး၏အမည်များ၊ ဓာတ်ပုံများနှင့် အခြားအချက်အလက်များကို ဖော်ပြခြင်းမှ တားမြစ်ပေးရမည်ဖြစ်သည်။ ထို့ပြင်ကလေးအားဖမ်းဆီး၊ တရားစွဲဆိုစီရင်သည့် မှတ်တမ်းများကိုလည်း အထူးလုံခြုံစွာ သိမ်းဆည်းထားရန် လိုအပ်သည်။ ထိုသို့လုပ်ဆောင်ပေးခြင်းအားဖြင့် တရားရေးကိစ္စများ ပြီးဆုံးသွားသည့်အချိန်တွင် ထိုကလေးအနေဖြင့် မိမိ၏မိသားစုနှင့် ပတ်ဝန်းကျင်များအကြား အခက်အခဲကြီးကြီးမားမားမရှိဘဲ အလွယ်တကူပြန်လည်နေသားတကျ ပေါင်းစည်းသွားနိုင်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



အပိုဒ်(၄၀)တွင် နောက်ထပ်ဖော်ပြထားသော အခြားအခွင့်အရေးများမှာ မိမိအားစွပ်စွဲထားချက်အား သိရှိခွင့်နှင့် ရှေ့နေဖြင့်ကာကွယ်လျှောက်လဲပိုင်ခွင့်၊ စွပ်စွဲခံရသူက မည်သည့်အရာမှ ထုတ်ဖော်မပြောဘဲ ဆိတ်ဆိတ်နေခွင့်၊ ဘာသာပြန်ရရှိခွင့်၊ လိုအပ်ပါက အယူခံတင်ခွင့် စသည်တို့ဖြစ်သည်။ ကလေးရှေ့နေဖြစ်သူတွင်လည်း သက်သေအထောက်အထားများ တင်ပြခွင့်နှင့် မျက်မြင်သက်သေများ ခေါ်ယူခွင့်တို့ ရရှိရမည်။

BURMESE CLASSIC

အပိုဒ်(၄၀)၏ နောက်ဆုံးတတိယအပိုဒ်ခွဲတွင် ကလေးသူငယ်များအတွက် အထူးတရားဥပဒေများ၊ တရားရုံးလုပ်ထုံးလုပ်နည်းများ၊ တရားရုံးများနှင့် ဌာနများ လိုအပ်ကြောင်းဖော်ပြထားသည်။ ရာဇဝတ်ကျူးလွန်မှုကို အပြစ်ပေးအရေးယူပိုင်ခွင့်မရှိသော အသက်ကိုလည်း တိတိကျကျ သတ်မှတ်ရန်လိုအပ်ကြောင်းနှင့် အရွယ်မရောက်သေးသော ကလေးများအား အမှုစီရင်ရာတွင် သာမန်လုပ်ထုံးလုပ်စဉ်များ အတိုင်းမဟုတ်ဘဲ တရားစီရင်နိုင်ရန်တို့ကိုလည်း ယခုအပိုဒ်တွင် ရေးသားထားသည်။

နောက်ဆုံးအပိုဒ်တွင် တရားဥပဒေကိုချိုးဖောက်သော ကလေးများအား အပြစ်ပေးအရေးယူခြင်းထက် သူတို့၏ဘဝ ပြန်လည်ရှင်သန်လာစေရန်အတွက် မည်ကဲ့သို့သော ပြန်လည်ပြုစုပျိုးထောင်မှုများ လုပ်ဆောင်ပေးရမည်ကို ရေးသားဖော်ပြထားသည်။

❖❖❖❖❖



www.burmeseclassic.com